

100
ဝမ်အင်း၏ကူးလျှံဆင့်
ဝဏ္ဏအောင်
နေရပ်ပျက်ပါ၊
ပထမပင်ဒီး

# ဝဏ္ဏအောင်

## နေလဝင်္ကပါ

(ပထမပိုင်း)

၂၀၁၂ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ- ၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

**ဒို့အာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိမ်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## သူ့ရဲ့ကောင်းစံအိမ်

လေပြည်လေညင်း ငွေယမ်းတိုက်ခတ်နေသည်။

မွှေးကြိုင်သင်းပျံ့သည့် ပန်းရနံ့များ လွင့်ပျံနေ၏။ တောင်ကုန်းကလေးတစ်ခုလုံး ရောင်စုံပန်းများ ဖုံးလွှမ်းနေ၏။ ရှောင်အင်းသည် ပန်းတောင်ကုန်းကလေးဆီသို့ ဦးတည်၍ ခပ်သုတ်သုတ်သွားနေသည်။

ပန်းတောင်ကုန်းသည် နေလခြိဝင်း၏အစွန်အဖျား၌ တည်ရှိပေသည်။ ချန်အန်းမြို့မှ လူများမဆိုထားနှင့် နေလခြိဝင်းမှ လူများပင် ရောက်ခဲသောနေရာဖြစ်သည်။

ရှောင်အင်းသည် ခပ်သွက်သွက်ကလေး လျှောက်လာခဲ့ရာ ပန်းတောင်ကုန်းပေါ်သို့ ရောက်ရှိလာခဲ့လေသည်။ ပန်းတောင်ကုန်းပေါ်၌ အဆောင်ကလေးတစ်ဆောင် ရှိနေသည်။

ထိုအဆောင်ကလေးအဝင်ဝ၌ ...

"သူ့ရဲ့ကောင်းစံအိမ်"

ဟု ရေးသားထားသည့် ဆိုင်းဘုတ်ကလေး ချိတ်ဆွဲထား၏။

ရှောင်အင်း အဆောင်ထဲသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်သည်။ အဆောင်လေး၏အရှေ့ဘက်နံရံအနီး၌ စားပွဲတစ်လုံးရှိပြီး စားပွဲပေါ်၌ အဖုံးပိတ်ထားသည့် ကြေးအိုးတစ်လုံး ရှိသည်။ ကြေးအိုးရှေ့၌ 'သူ့ရဲကောင်းရှောင်စု၏အရိုးပြာအိုး' ဟု ရေးသားထားသည့် ကမ္ပည်းစာတမ်း ရှိနေ၏။

နံရံပေါ်၌ ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်။ ပုံတူပန်းချီကားဖြစ်ပြီး ချောမောခန့်ညားသည့် လုလင်တစ်ယောက်၏ပုံ ရေးဆွဲထားလေသည်။

ထိုလုလင်မှာ သိုင်းလောကသားတစ်ယောက်အသွင် ဝတ်ဆင်ထားပြီး ဓားတစ်လက် ခါးချိတ်ထားသည်။ သူ့ဓားသည် ရှောင်အင်းကိုင်ဆောင်ခဲ့သည့် ဓားဖြစ်ပေတော့သည်။ ရှောင်အင်းသည် အရိုးပြာအိုးရှေ့၌ ဒူးထောက်ကာ ဦးချကန်တော့လိုက်သည်။

"ဖေဖေ သား မကြာခင် သိုင်းလောကထဲ အလည်အပတ်သွားပါတော့မယ်၊ ဒါကြောင့် ဖေဖေ့ကို လာပြီး နှုတ်ဆက်တာပါ"

ပန်းချီကားထဲမှ လုလင်သည် နေလခြံဝင်းပိုင်ရှင် ရှောင်ဖွေးနှင့်ကျင်းကုနန်တို့၏တစ်ဦးတည်းသောသား ရှောင်စုဖြစ်ပေသည်။

သူကွယ်လွန်ချိန်၌ အသက်နှစ်ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသည်။ သိုင်းပညာထက်မြက်ပြီး လူချစ်လူခင် ပေါများပါလျက် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်ခဲ့ရသည်မှာ အဘယ်ကြောင့်ပါနည်း။



ပန်းချီကားထဲမှ ရှောင်စုသည် သားရှောင်အင်းအား ပြုံးပြနေသကဲ့သို့ ရှိ၏။ ရှောင်အင်းသည် ဖခင်၏ရုပ်ပုံကို ငေးမောကြည့်ရင်း ရုတ်တရက် ဖခင်၏အပြုံးတွင် လျှို့ဝှက်မှုများ ပါဝင်နေသည်ဟု ထင်မှတ်မိလေသည်။

သူ၏မသိစိတ်က သတိပြုမိခြင်းဖြစ်ပြီး မည်သို့သော အဓိပ္ပာယ်ဖြစ်သည်ကိုမူ စဉ်းစား၍မရချေ။

အတန်ကြာ ငေးမောကြည့်နေပြီးမှ ...

"သားလည်း ဖေဖေ့လို သိုင်းလောကသူရဲကောင်းတစ်ယောက်ဖြစ်လာအောင် ကြိုးစားမယ်လို့ ကတိပြုပါတယ် ဖေဖေ"

ထို့နောက် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် အလွန်ညင်သာပေါ့ပါးသည့် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်အင်း မျက်မှောင်ကြုတ်သွား၏။

"ဘယ်သူပါလိမ့်"

ရှောင်အင်း စိတ်ဝင်စားလာသည်။ သစ်သားတိုင်တစ်လုံးနောက်ကွယ်မှ ကပျာကယာ ပြေးဝင် ပုန်းကွယ်နေလိုက်သည်။

ထို့နောက် အဆောင်ကလေးအဝင်ဝသို့ ချောင်းကြည့်လိုက်၏။ ထိုအခါ လူစိမ်းတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

အဆောင်ကလေးအတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာသည်။ ထိုလူမှာ အသက်လေးဆယ်ကျော်ခန့်ရှိ အမျိုးသမီးကြီး တစ်ယောက်ဖြစ်သည်။ ရှောင်အင်း အံ့သြသွားလေသည်။

"အမျိုးသမီးကြီးတစ်ယောက်ပါလား၊ ဘယ်သူများပါလိမ့်"

တွေးရင်း ဆက်၍ ချောင်းကြည့်နေမိလေသည်။

အမျိုးသမီးကြီးသည် အရိုးပြာအိုးရှိရာ တန်းတန်းမတ်မတ် လျှောက်သွားသည်။ ပြာအိုးရှေ့တွင် ရပ်ပြီး ...

နံရံပေါ်မှ ပန်းချီကားကို မော့ကြည့်ကာ ...

"ရှောင်စု စောစောစီးစီး ရှင် သေသွားတာ သိပ်ကံကောင်းတယ်မှတ်ပါ"

ရှောင်အင်း ရင်ထိတ်သွားသည်။ အမျိုးသမီးကြီးက ဆက်ပြောလိုက်သည်။

"ရှင့်လောက် ယုတ်မာတဲ့လူ လောကပေါ်မှာ ရှိနိုင်တော့မှာမဟုတ်ဘူး၊ ခုချိန်ထိ ရှင် အသက်ရှင်နေဦးမယ်ဆိုရင် ကျွန်မကိုယ်တိုင် ရှင့်ကို သတ်ပစ်မှာပဲ၊ ရှင် သိပ်ကံကောင်းတယ်"

နေလခြံဝင်း၏ကျက်သရေဂုဏ်သတင်းသည် ချန်အန်းမြို့သာမက သိုင်းလောကတစ်ခုလုံး ပျံ့နှံ့လျက် ရှိပေသည်။

မည်သူတစ်ဦးတစ်ယောက်ကမျှ ကဲ့ရဲ့ရှုပ်ချအပြစ်တင်ခြင်း ပြုဝံ့ကြမည် မဟုတ်ပါ။



မျက်နှာစိမ်း အမျိုးသမီးကြီးသည် သူ၏ဖခင် ရှောင်စုအား လူယုတ်မာဟု စွပ်စွဲပြောဆိုရာ ရှောင်အင်း မခံမရပ်နိုင်ဖြစ်သွားပြီး

"ဒီနေရာကိုလာပြီး သေဆုံးသွားပြီဖြစ်တဲ့ လူတစ်ယောက်အပေါ် အပြစ်ပြောနေတာ အတော့်ကို စိတ်ဆိုးစရာပဲ"

ပြောရင်း ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်လေသည်။

အမျိုးသမီးကြီးသည် ရှောင်အင်း၏စကားကို ကြားရသော်လည်း တုတ်တုတ်မျှ မလှုပ်ချေ။

အရေးမစိုက်သည့်သဘောဖြင့် လှည့်ပင်မကြည့်ပါ။ ရှောင်အင်း ပို၍ မကျေမနပ် ဖြစ်သွားရတော့သည်။

"နေလခြံဝင်းရဲ့ မျိုးနွယ်တစ်ယောက်ကို လူယုတ်မာလို့ စွပ်စွဲတာဟာ အပြစ်တစ်ခုပဲဆိုတာ မှတ်ထားပါ၊ နေလခြံဝင်းက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

အမျိုးသမီးကြီးသည် ပန်းချီကားချပ်ကို စိုက်ကြည့်ရင်း–

"ကျွန်မရဲ့စိတ်ကို ဘယ်လောက်ထိန်းချုပ်ခဲ့ရတယ်ဆိုတာ ရှင် နားလည်တတ်မှာပါ၊ ကျွန်မသာ ရှင့်လိုစိတ်သဘောထားရှိမယ်ဆိုရင် နေလခြံဝင်းကို မီးလောင်တိုက်သွင်းပစ်ပြီပေါ့၊ ရှိပါစေတော့လေ၊ သေသွားပြီဖြစ်တဲ့ လူတစ်ယောက်မို့ ကျွန်မ ခွင့်လွှတ်လိုက်ပါ့မယ်"

စကားဆုံးလျှင် ရှောင်အင်းဘက်သို့လှည့်ပြီး ရှောင်အင်း

အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။ ရှောင်အင်းက

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ဒီနေရာကို ကျူးကျော်ဝင်လာရတာလဲ"

ဟု ခပ်မာမာမေးလိုက်သည်။ အမျိုးသမီးကြီးက ...

စကားတစ်ခွန်းမှမပြောဘဲ ရှောင်အင်း၏ဘေးမှဖြတ်ကာ ထွက်သွားသည်။

ရှောင်အင်း ကြောင်အမ်းအမ်းဖြစ်သွား၏။ အမျိုးသမီးကြီးနှင့် ရင်ဆိုင်တိုက်ခိုက်ရမည်ဟု ထင်မှတ်ထားခဲ့သော်လည်း အမျိုးသမီးကြီးက သူ့အား လုံးဝအရေးမစိုက်ဘဲ ထွက်သွားပြီဖြစ်သည်။

ရှောင်အင်းက သတိဝင်လာပြီး လှမ်းကြည့်လိုက်ရာ အမျိုးသမီးကြီးမှာ အဆောင်အပြင်ဘက် ရောက်ရှိသွားပြီဖြစ်သည်ကို တွေ့ရ၏။

"ရပ်လိုက်"

ရှောင်အင်းက အော်ငေါက်ကာ ခန္ဓာကိုယ်လှုပ်ရှားလိုက်သည်နှင့် အဆောင်အပြင်ဘက် ရောက်ရှိသွားလေသည်။ သို့သော် အမျိုးသမီးကြီးမှာ ပျောက်ချင်းမလှ ကွယ်ပျောက်သွားပြီဖြစ်၏။

"ဟင် ... ဘယ်ရောက်သွားပါလိမ့်"

တွေးရင်း ဟိုဟိုသည်သည်ရှာဖွေကြည့်လိုက်၏။

အမျိုးသမီးကြီး၏အရိပ်အယောင်ပင် မတွေ့ရတော့ပါချေ။



ရှောင်အင်း၏ရင်ထဲ လေးလံလာသည်။

ဒီအမျိုးသမီးကြီးဟာ နှယ်နှယ်ရရလူတစ်ယောက်မဟုတ်ဘူး။ ထိပ်တန်းသိုင်းပညာတတ်ထားတာ သေချာတယ်။ သူဟာ နေလခြံဝင်းကို ဒုက္ခပေးမယ့်လူပဲ။ အဘိုးဖြစ်သူအား သွား၍ပြောပြလိုစိတ်များ ဖြစ်ပေါ်လာ၏။

"မဖြစ်ဘူး၊ ဘိုးဘိုးကို သွားပြောမှပဲ၊ နေလခြံဝင်းထဲကို ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရဲတဲ့သူကို လွှတ်ပေးလိုက်ရင် နေလခြံဝင်း ဂုဏ်သိက္ခာကျဆင်းသွားမှာပေါ့"

အမျိုးသမီးကြီးအား ရှာဖွေ၍ မတွေ့နိုင်တော့သည့်နောက်ဆုံး ပန်းတောင်ကုန်းပေါ်မှ ခပ်သွက်သွက်ဆင်းလာခဲ့လေသည်။

ထူးဆန်းသောမျက်နှာစိမ်းအမျိုးသမီးကြီးနှင့် တွေ့ဆုံခဲ့ရပုံကို အဘိုးနှင့်အဘွားအား ပြောပြလိုစိတ်ပြင်းထန်နေ၏။

သို့သော် တောင်ကုန်းအောက်ဘက်သို့ရောက်မှ ရုတ်တရက် အတွေးတစ်ခုဝင်ရောက်လာသဖြင့် ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

"ဒုက္ခပဲ ... ငါ သွားပြောလို့မဖြစ်သေးပါလား"

ဟု ညည်းညူလိုက်လေသည်။ လူစိမ်းအမျိုးသမီးအကြောင်းသိရလျှင် ရှောင်ဖွေးနှင့်ကျင်းကုနန်တို့သည် နေလခြံဝင်းအတွက် ရန်သူရှိနေပြီဟု ယူဆသွားကြမည် ဖြစ်သည်။

သူတို့၏ဩဇာအရှိန်အဝါအသုံးချကာ ထိုအမျိုးသမီးကြီးအား မတွေ့တွေ့အောင် ရှာဖွေတော့မည်ဖြစ်သည်။ ရှောင်အင်းကိုလည်း သိုင်းလောကသို့ အလည်အပတ်ထွက် ခွင့်ပြုတော့မည်မဟုတ်ပါ။ ရှောင်အင်း ငိုင်သွားသည်။

"ငါ ဘယ်လိုလုပ်ရမလဲ"

အတန်ကြာသည်အထိ ငူငူကြီးရပ်ကာ တွေးတောစဉ်းစားနေမိလေသည်။ အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

နောက်ဆုံးတွင် ...

"ဘိုးဘိုးတို့ကို မပြောတော့ဘူး၊ သိုင်းလောကကို ငါအလည်အပတ်ထွက်ရင်း ခရီးသွားဟန်လွှဲစုံစမ်းကြည့်တာ အကောင်းဆုံးပဲ"

သူစိမ်းအမျိုးသမီးကြီးနှင့်တွေ့ဆုံခဲ့ရပုံများကို မည်သူ့ကိုမျှ ပြောမပြဘဲနေရန် ဆုံးဖြတ်လိုက်လေတော့သည်။

❁ ❁ ❁



## နေလာသခင်လေး

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာသည်။ လမ်းကလေးအတိုင်း မြင်းစီးသမားနှစ်ယောက် ခရီးနှင်နေကြလေသည်။ မြင်းစီးသမားနှစ်ယောက်မှာ ငယ်ရွယ်နုနယ်သောလုလင်များဖြစ်ကြပေသည်။

သိုင်းလောကသို့ အလည်အပတ်ထွက်လာသည့် နေလခြံဝင်းမှ သခင်လေး ရှောင်အင်းနှင့် နောက်လိုက် ကြောင်ကတိုး လီချူးတို့ ဖြစ်ကြလေသည်။

ရှောင်အင်းသည် နေလခြံဝင်းမှ ထွက်ခွင့်ရခဲ့သဖြင့် ဝမ်းသာပျော်ရွှင်နေလေသည်။ သူရဲကောင်းစံအိမ်၌ တွေ့ခဲ့ရသည့် ထူးဆန်းသောအမျိုးသမီးကြီးကိုပင် မေ့လျော့နေပြီဖြစ်လေသည်။

သူသည် လှပသည့် ပတ်ဝန်းကျင်ကို ငေးမောကြည့်ရင်း–

"သာယာလိုက်တာကွာ"

ဟု ရေရွတ်ကျူးလိုက်လေသည်။ လီချူးက ...

"ဟာ ... အစ်ကိုလေးကလဲ နေလခြ်ဝင်းထဲမှာပဲ ဒီလိုရှုမျှော်ခင်းတွေ ရှိတာပဲ"

ရှောင်အင်းက ရယ်မောလိုက်ပြီး ...

"ခြံဝင်းထဲမှာ ဒီလိုလယ်ကွင်းတွေကော ရှိလို့လားကွ"

လီချူး ဘာမှမပြောနိုင်တော့ဘဲ ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။ ရှောင်အင်းအတွက် သိုင်းလောက၌ လည်ပတ်ရန် အချိန်များများစားစား ရခဲ့သည်မဟုတ်ပါ။

နှစ်လအတွင်း နေလခြံဝင်းသို့ အရောက်ပြန်လာခဲ့ပါမည်ဟု ကတိပြုခဲ့ရသည်။ ထို့ကြောင့် အချိန်ဖြုန်း၍ မဖြစ်။

"ကြောင်ကတိုး ... ငါတို့မှာ အချိန်ရှိတာမဟုတ်ဘူး၊ သွားစရာရှိတာ မြန်မြန်သွားကြရင် ကောင်းမယ်"

ပြောပြီး မြင်းကို အရှိန်မြှင့်ကာ ဒုန်းစိုင်းမောင်းနှင်လိုက်လေသည်။ လီချူး မျက်လုံးပြူးသွားသည်။

"အစ်ကိုလေး ... ကျုပ်ကို စောင့်ပါဦးဗျ"

အော်ပြောရင်း မြင်းကို ဒုန်းစိုင်းမောင်းနှင်ကာ လိုက်ပါသွားလေသည်။

❋

ရှောင်အင်းသည် မြို့လေးသို့ရောက်လာသည့်အခါ ...



ဝမ်းသာပျော်ရွှင်နေလေသည်။

ဝတ်ကောင်းစားလှဝတ်ဆင်ကာ သွားလာနေကြသူများ စားသောက်ဆိုင်၊ တည်းခိုခန်း၊ အထည်အလိပ်ဆိုင်၊ ဈေးဆိုင်များ ရောင်းသူဝယ်သူ စားသောက်နေသူ သွားလာနေသူများဖြင့် စည်စည်ကားကား ရှိနေပုံကိုကြည့်ကာ ...

"တကယ့်ကို ပျော်စရာကောင်းတဲ့ မြို့ကလေးပဲ"

ဟု ရေရွတ်လိုက်မိလေသည်။

"ကျွန်တော်တို့ ချန်အန်းမြို့က ဒီမြို့ထက် ဆယ်ဆလောက်ပိုပြီး စည်းကားပါသေးတယ်"

လီချူးက ပြောလိုက်သည်။

ရှောင်အင်း မကျေမနပ်ဖြစ်သွားသော်လည်း မကြားချင်ဟန်ဆောင်ကာ လစ်လျူရှုထားလိုက်လေသည်။ လီချူးက ...

"စည်ကားတာ အသာထား၊ ကျွန်တော် ဗိုက်ဆာနေပြီ အစ်ကိုလေး"

ဟု ပြောရာ ရှောင်အင်းက ...

"စားသောက်ဆိုင် တစ်ဆိုင်ဆိုင်ကို သွားကြတာပေါ့"

သူတို့နှစ်ယောက်သည် မင်းလမ်းမကြီးပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ ဦးတည်သွားကြလေသည်။

ဆိုင်လုလင်များသည် ရပ်ဝေးမှလာသူများဖြစ်ကြောင်း

ရိပ်မိသဖြင့် အလုအယက် ကြိုဆိုလိုက်ကြသည်။

"ကြွပါ ခင်ဗျား ... ကြွပါ"

သူတို့နှစ်ယောက်သည် ဆိုင်လုလင်များ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားကြလေသည်။ ဆိုင်လုလင်များက နေရာချထားပေးကြသည်။

ရှောင်အင်းကပင် ဦးဆောင်ကာ စားသောက်ဖွယ်ရာများမှာကြားလိုက်လေသည်။ သူ မှာလိုက်သည့် ဟင်းလျာအမျိုးအမည်များကြောင့် ဆိုင်လုလင်များ တအံ့တသြဖြစ်သွားကြလေသည်။

အကောင်းဆုံး ဈေးအကြီးဆုံးဆိုသည့် ဟင်းလျာများဖြစ်နေခြင်းကြောင့်တည်း။ ထို့ကြောင့် ဆိုင်လုလင်တစ်ယောက်က ...

"အစ်ကိုလေး စားသောက်စရာတွေအတွက် ကျသင့်ငွေကို ကြိုတင်ပေးချေရပါတယ်"

ဟု ပြောလိုက်၏။ ရှောင်အင်းက လီချူးကို ခေါင်းညိတ်ပြလိုက်လေသည်။ လီချူးက အင်္ကျီအိတ်ထဲမှ အထုပ်ကလေးတစ်ထုပ်နှိုက်ယူလိုက်၏။

ဆိုင်လုလင်များသည် စားသောက်ခ ပေးနိုင်မည်လောသံသယရှိနေမှန်း ရိပ်မိသဖြင့် အထုပ်ကလေးကို စားပွဲပေါ်တင်ကာဖြည်လိုက်သည်။ အထုပ်ထဲ၌ ငွေတုံး ရွှေတုံးကလေးများနှင့် ပုလဲလုံးကလေးများ မှုံနေ၏။



ဆိုင်လုလင်များ မျက်လုံးပြူးသွားကြသည်။

မျက်နှာထားလည်း ချက်ချင်းပင် ပြောင်းလဲသွားကြလေတော့သည်။ လီချူးက ငွေတုံးကလေးတစ်တုံး နှိုက်ယူကာ ...

"ကဲ ... ငွေပြန်မအမ်းနဲ့ မင်းတို့ ဝေယူလိုက်ကြ"

ဆိုင်လုလင်များမှာ ရှောင်အင်းနှင့်လီချူးတို့အား လိုလေသေးမရှိ ပြုစုကြလေတော့၏။ သူတို့နှစ်ယောက် အားရပါးရ စားသောက်လိုက်ကြ၏။

လီချူးက ပလုတ်ပလောင်း စားနေသော်လည်း ရှောင်အင်းမှာ ကောင်းစွာ စား၍မဝင်ခဲ့ပါ။ နေရာစိမ်း၊ ဒေသစိမ်း ရောက်ရှိနေခြင်းကြောင့် စိတ်လှုပ်ရှား နေမိသည်။

နေလခြံဝင်းအား လွမ်းသလိုလို၊ ဆွေးသလိုလို ဖြစ်လာလေသည်။

"အစ်ကိုလေး စားလေ"

"အေးပါကွ"

ရှောင်အင်းလည်း အစားအသောက်ကို အာရုံပြုကာ စားလိုက်ရလေသည်။ သို့သော် သုံးလေးလုပ်မျှသာ စားရသေးသည်ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့် ...ရှောင်အင်းကော လီချူးပါ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ ဆိုင်ထဲသို့ လူသုံးယောက် လှမ်းဝင်လာကြသည်ကို

တွေ့မြင်ရလေသည်။

အနီရောင်ဝတ်ဆင်ထားသည့် လူသန်ကြီးနှစ်ယောက်သည် အသက်ငါးဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက်အား ဝဲဘက်တစ်ဖက်တစ်ချက်မှ ခြံရံကာ ဝင်လာကြခြင်းဖြစ်သည်။

ထိုလူသုံးယောက်၏ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံဖြင့် သိုင်းသမားများဖြစ်ကြောင်း သိနိုင်၏။

"ကြောင့်ကတိုး ... သူတို့ဟာ သိုင်းလောကသားတွေကွ"

"သိုင်းလောကသားဆိုတာ အရေးမကြီးဘူး၊ သူတို့ကိုကြည့်ရတာ သိပ်မဟန်ဘူး"

"ဟော ... ဘယ်လိုမဟန်တာလဲကွ"

"သူတို့ဟာ ထင်ရာစိုင်းမယ့်လူတွေ ဖြစ်နိုင်တယ်"

ရှောင်အင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုအချိန်မှာပင် ...

"ဟေ့ ... မင်းတို့ဆိုင်က အကောင်းဆုံး ဟင်းဆယ်မျိုးနဲ့ အရက်တစ်အိုး ယူလာခဲ့စမ်း"

အနီရောင်ဝတ်ဆင်ထားသည့် လူသန်ကြီးတစ်ယောက်က အော်ပြောလိုက်ခြင်း ဖြစ်လေသည်။ ဆိုင်လုလင်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြကာ ချက်ချင်းပင် ဟင်းလျာများ၊ အရက်အိုးများ ယူပေးလိုက်ကြလေသည်။



"သူတို့ဆီမှာကျတော့ ငွေကြေးမတောင်းပါလားကွ"

ရှောင်အင်း လွတ်ခနဲ ပြောလိုက်သည်။ လီချူးက ...

"ဆိုင်လုလင်တွေက ချက်နှာလိုက်တာ မဟုတ်ဘူး ရှောင်အင်းရဲ့၊ သူတို့ကို ကြောက်နေကြတာ"

"ဟင် ... သိုင်းသမားတွေကို ကြောက်နေကြတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဒါတော့ ကျွန်တော်လည်း ဘယ်ပြောတတ်ပါ့မလဲ၊ ဒါပေမဲ့ ဒီလူတွေဟာ သိုင်းပညာအားကိုးပြီး ထင်ရာစိုင်းကြမယ့်သူတွေဆိုတာတော့ သေချာတယ်"

ထိုအချိန်တွင် ...

"ဟေ့ကောင်လေး ... မင်း ဘာပြောတာလဲကွ"

အနီရောင်ဝတ်ဆင်ထားသည့် လူသန်ကြီးတစ်ယောက်က လှမ်းအော်ပြောလိုက်ခြင်း ဖြစ်သည်။ လီချူးပြောသည့်စကားကို ကြားသွားပုံရလေသည်။ ရှောင်အင်းနှင့်လီချူးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြ၏။

"ဟေ့ ... ငါမေးနေတာ မကြားဘူးလား"

လူသန်ကြီးသည် ရှေ့သို့ ခြေလှမ်းကျဲကြီးဖြင့် လှမ်းလာနေသည်။ ရှောင်အင်းက ...

"ကြောင်ကတိုး ... မင်းပြောတာကို ကြားသွားပြီကွ"

"ကြားသွားတော့ကော ဘာဖြစ်ရမှာလဲ၊ အစ်ကိုလေးရာ ဂရုစိုက်စရာမှတ်လို့"

"ကြောင်ကတို့ ... မင်းကြောင့် ခက်ပါသေးတယ် ဟင်း"

လူသန်ကြီးသည် သူတို့အနီးသို့ ရောက်ရှိလာသည်။

သူတို့အား မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်ပြီး ...

"ဟေ့ကောင်လေး ... မင်းတို့ ဘယ်လိုပြောလိုက်တာလဲ၊ ငါတို့ကို ဂရုမစိုက်တဲ့သဘောပေါ့ ဟုတ်လား"

ဟု ငေါက်လေသည်။ ရှောင်အင်း မည်သို့ဖြေရှင်းရမည်ကို ရုတ်တရက် စဉ်းစားမရဘဲ ဖြစ်နေ၏။ ထိုစဉ် ...

"ခင်ဗျား ကြိုက်သလို ထင်နိုင်တယ်"

လီချူးက ခပ်တည်တည် ပြန်ပြောပစ်လိုက်လေသည်။

ရှောင်အင်း မျက်လုံးပြူးသွားသည်။ လီချူးအား တားဆီးရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။

"ဟား ဟား ဟား"

လူသန်ကြီး သဘောကျစွာ ရယ်မောလိုက်ပြီး ...

"ငါ ကြိုက်သလို ထင်နိုင်တယ်ပေါ့ ဟုတ်လား၊ ဒါဆို ငါ့ကို စော်ကားတယ်လို့ ငါက ယူဆပြီး မင်းတို့ကို ဆုံးမရဦးမှာပေါ့"

စကားဆုံးသည်နှင့် လီချူးအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။



"အမယ်လေး သေပါပြီ"

ဆိုင်လုလင်တစ်ယောက်က လွှတ်ခနဲ အော်လိုက်သည်။

လူသန်ကြီး၏ရိုက်ချက်ကြောင့် လီချူး ဒုက္ခရောက်သွားလိမ့်မည်ဟု ဆိုင်ထဲ၌ ရှိနေသူများက ထင်မှတ်နေကြပေသည်။

သို့သော် မမျှော်လင့်သည့် ဖြစ်ရပ်ပေါ်လာလေသည်။ လီချူးသည် လူသန်ကြီးက လက်ဝါးဖြင့် ရိုက်ချလာသည်နှင့် သူ၏ ထမင်းပန်းကန်ထဲမှ တူတစ်ချောင်းကိုယူကာ ဖျပ်ခနဲ ထိုးချလိုက်ရာ—

"အမယ်လေးဗျ"

လူသန်ကြီး တအားကြုံးအော်ရင်း နောက်သို့ လျှင်မြန်စွာ ဆုတ်သွားလေသည်။

"ဟား ဟား ဟား"

ရယ်မောသံများ ထွက်ပေါ်လာသည်။

လူသန်ကြီး ပို၍အရှက်ရသွားလေတော့သည်။

"တောက် ... သိကြသေးတာပေါ့ကွာ"

အော်ငေါက်ရင်း ခါး၌ချိတ်ထားသည့် ဓားကို ဆွဲထုတ်ကာ လီချူးထံ တစ်ဟုန်ထိုး ပြေးဝင်၏။ လီချူးက အရက်အိုးတစ်လုံးကိုယူကာ ကြမ်းပြင်ပေါ် လှိမ့်လိုက်သည်။

ပြေးဝင်လာသည့် လူသန်ကြီးမှာ အရက်အိုးကို တက်နင်းမိကာ ...

'ဝုန်း'

ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ်လဲကျသွားလေတော့သည်။

"ဟာ"

ထိုင်နေကြသည့် အနီရောင်ဝတ်ဆင်ထားသူနှင့် အဘိုးအိုတို့ မနေနိုင်ကြတော့ဘဲ ဝုန်းခနဲ ထရပ်လာကြလေသည်။

"ကျွန်တော် မပြောဘူးလား၊ သူတို့ဟာ သိုင်းပညာအားကိုးပြီး ထင်ရာစိုင်းနေကြတဲ့လူတွေပါလို့"

လီချူးက ပြောသည်။ ရှောင်အင်း စိတ်ပျက်သွား၏။

"လီချူး သွားကြရင်ကောင်းမယ်"

ပြောပြောဆိုဆို ထိုင်ရာမှ ထရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် အဘိုးအိုသည် သူတို့အနီးသို့ ရောက်ရှိလာပြီး

"ဖော့ကောင်လေး ... မင်းက သိုင်းပညာတတ်တာနဲ့ လူကြီးတွေကို ပမာမခန့်လုပ်တာလား"

လီချူး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အဘိုးအိုက ...

"ကဲ ... မင်းရဲ့ပညာ ဘယ်လောက်ရှိတယ်ဆိုတာ ငါ စမ်းကြည့်ပါရစေ၊ သတိထားပါ"

ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ လီချူးကလည်း ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။



ရှောင်အင်း မနေနိုင်တော့ပါ။ ကပျာကယာ ထရပ်လိုက်ပြီး

"ကြောင်ကတိုး ... မင်း ငြိမ်ငြိမ်နေစမ်း"

လီချူးကို ငေါက်ငမ်းလိုက်၏။ ပြီးနောက် အဘိုးအိုဘက်လှည့်ကာ လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုပြီး ...

"ကျွန်တော့်ညီ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါဗျာ၊ ကျွန်တော်တို့က နေလခြံဝင်းကပါ"

နေလခြံဝင်းဆိုသည့် အမည်ကြားသည့်အခါ အဘိုးအို မျက်လုံးပြူးသွားလေသည်။

ရှောင်အင်းအား မယုံကြည်နိုင်စွာ ကြည့်ကာ ...

"မင်း နေလခြံဝင်းက ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် ရှောင်အင်းပါ၊ နေလခြံဝင်းပိုင်ရှင် ရှောင်ဖွေးရဲ့မြေးပါ"

"ဟေ"

အဘိုးအို ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ထိုအချိန်တွင် အနီရောင်ဝတ်ဆင်ထားသည့် လူသန်ကြီးနှစ်ယောက်သည် ရှောင်အင်းတို့အား တိုက်ခိုက်ရန် ရှေ့သို့ ခပ်သွက်သွက် လှမ်းလာကြလေသည်။

"မင်းတို့နှစ်ယောက် နောက်ဆုတ်လိုက်ကြစမ်း၊ သူတို့က နေလခြံဝင်းက လူတွေပဲ"

အဘိုးအို လှမ်းပြောလိုက်သည့် စကားကြောင့် ထိုလူနှစ်ယောက် မျက်နှာပျက်သွားကြသည်။ အဘိုးအိုက ရှောင်အင်းအား ညွှန်ပြကာ ...

"နေလခြံဝင်းက သခင်လေး ရှောင်အင်းကို ဂါရဝပြုကြပါ"

အနီရောင်ဝတ်ဆင်ထားသူနှစ်ယောက်သည် ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။ ရှောင်အင်း တအံ့တသြဖြစ်သွားရလေသည်။ အဘိုးအိုကိုယ်တိုင်က ...

"ကျုပ်ဟာ ဒီမြို့က သိုင်းဆရာဝမ်းခုံပါ၊ သခင်လေးကို မမျှော်လင့်ဘဲတွေ့ရလို့ ဝမ်းသာပါတယ်ဗျာ၊ သခင်လေး ဒီမြို့ရောက်တုန်း ဧည့်ဝတ်ပြုပါရစေ၊ ကျုပ်တပည့်က သခင်လေးမှန်း မသိလို့ တိုက်ခိုက်မိခဲ့တာကိုလည်း တောင်းပန်ပါတယ်"

ရှောင်အင်း သက်ပြင်းချလိုက်သည်။

နေလခြံဝင်း၏သြဇာအရှိန်အဝါကို မျက်မြင်ဒိဋ္ဌတွေ့မြင်ရပြီဖြစ်သည်။ ထိုစဉ် အဘိုးအိုက ...

"ဟေ့ ... မင်းတို့နှစ်ယောက် မြို့ထဲက တို့ရဲ့မိတ်ဆွေတွေကို သွားဖိတ်လိုက်ပါ၊ နေလခြံဝင်းက သခင်လေး ရောက်လာတဲ့ အထိမ်းအမှတ်အနေနဲ့ ဆိုင်မှာပဲ ဧည့်ခံပွဲလုပ်မယ်"

သူ၏တပည့်များကို အမိန့်ပေးလိုက်ပြီး ဆိုင်လုလင်များဘက်လှည့်ကာ ...



"ကဲ ... ဧည့်သည်အတွက် အကောင်းဆုံး ဧည့်ခံကျွေးမွေးနိုင်အောင် ပြင်ဆင်ကြပေတော့၊ ကုန်ကျစရိတ်အားလုံး ငါပေးမယ်"

ရှောင်အင်းနှင့် လီချူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ သူတို့သည် သိုင်းလောကသို့ အလည်အပတ် ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

နေလခြံဝင်း၏အရှိန်အဝါဖြင့် သိုင်းလောကသားများသည် သူတို့အား ဂုဏ်ပြုကြိုဆိုနေကြပြီ မဟုတ်ပါလား။

သိုင်းဆရာဝမ်းခုံသည် မြို့ခံသိုင်းသမားများ သူဌေးသူကြွယ်များအား ဖိတ်ခေါ်ကာ ရှောင်အင်းနှင့်မိတ်ဆက်ပေးခဲ့သည်။

ဂုဏ်ပြုပွဲသို့ ရောက်ရှိလာသူများသည် ရှောင်အင်းနှင့် ယခုကဲ့သို့ ဆုံတွေ့ရခြင်းသည် သူတို့အတွက် အခွင့်အရေးကြီးတစ်ခုအလား ယူဆထားကြလေသည်။

ရှောင်အင်းမှာ မိတ်ဆွေဖြစ်လိုသူ၊ ချီးမွမ်းထောပနာပြုသူများကြားဝယ် သာယာပျော်ရွှင်မိလေသည်။

နေလခြံဝင်းမှ သခင်လေးတစ်ယောက်ဖြစ်ရခြင်းအတွက် ဂုဏ်ယူမဆုံးနိုင်အောင် ဖြစ်ခဲ့ရပေတော့သည်။

❋ ❋ ❋

## သပွတ်အူနှိဒါန်း

အရှေ့ဘက်မှ နေဝန်းနီ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ရှောင်အင်းနှင့်လီချူးတို့အား မြစ်ဆိပ်သို့ရောက်ရှိသည်အထိ သိုင်းရာဇာဝမ်းခုံကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးခဲ့သည်။ နံနက်စောစောအချိန်မို့ မြစ်ဆိပ်၌ လူရှင်းနေသည်။ ဝမ်းခုံသည် မြစ်ဆိပ်သို့ရောက်လျှင် ...

"မြစ်ကို ဖြတ်ကူးပြီး အရှေ့ဘက်ရှူးရှူးကို သွားမယ်ဆိုရင် မြို့တစ်မြို့ကို ရောက်ပါလိမ့်မယ်၊ သခင်လေး အချိန်မရလို့သာ ကျုပ်က လွှတ်လိုက်ရတာပါ၊ အပြန်ကျရင် ကျုပ်အိမ်ကို ဝင်ဖြစ်အောင် ဆက်ဆက်ဝင်လာခဲ့ပါဗျာ"

"ကောင်းပါပြီ၊ အပြန်ကျရင် ကျွန်တော် ဝင်ခဲ့ပါဦးမယ်"

"ကျုပ်တို့ ညှော်ဝတ်ကျေတဲ့အကြောင်း နေလခြံဝင်းပိုင်ရှင်ကို ပြောပြပေးဖို့လည်း မမေ့ပါနဲ့ဗျာ"

"ဒီအတွက် စိတ်ချပါဗျာ"

"ကဲ ... သခင်လေးတို့အတွက် လှေတစ်စင်း စီစဉ်လိုက်ဦးမယ်"



ပြောပြောဆိုဆို မြင်းပေါ်မှဆင်းကာ မြစ်ကမ်းပါးသို့ ထွက်ခွာသွားလေသည်။ မြစ်ကမ်းစပ်၌ လှေသုံးစင်း ဆိုက်ကပ်ထားပါ၏။

ဝမ်းခုံသည် လှေသုံးစင်းအနက် မြင်းများပါ တင်ဆောင်သွားနိုင်သည့် အကြီးဆုံးလှေဆီသို့ ချဉ်းကပ်သွားပြီး ...

"လှေပိုင်ရှင် ဘယ်မှာလဲဟေ့"

သူ၏အသံနှင့် မရှေးမနှောင်းမှာပင် အကြီးဆုံးလှေပေါ်မှ လူတစ်ယောက် ခပ်သွက်သွက် ခုန်ဆင်းလာလေသည်။

"လာပါပြီဗျာ ... လာပါပြီ"

ဝမ်းခုံက ...

"ဟာကျို ... လူနှစ်ယောက်နဲ့ မြင်းတစ်ကောင်ကို ဟိုဘက်ကမ်း လိုက်ပို့ပေးရလိမ့်မယ်၊ ဘေးမသီရန်မခအောင် မင်း တာဝန်ယူရလိမ့်မယ်"

ဝမ်းခုံသည် လှေပိုင်ရှင်အား သိရှိထားပုံရလေသည်။ ဟာကျိုဆိုသူက ...

"ဆရာကြီး ကူးတို့ပို့ခ ဘယ်သူပေးမှာလဲဗျ"

ဟု ပြန်မေးလေသည်။

"ဟာ ... မင်း တော်တော်စကားရှည်တာပဲ၊ ငါ ပေးမှာပေါ့"

"ဆရာကြီးက ပေးမယ်ဆိုပြီး အရင်တစ်ခါ ခိုင်းတုန်းကလည်း ပေးတာမဟုတ်ဘူး၊ ငွေမရဘဲနဲ့တော့ လိုက်မပို့နိုင်ဘူးဗျာ"

ဝမ်းနုံသည် လှေပိုင်ရှင် ဟာကျီအား ပါးရိုက်ချလိုက်လေသည်။

"ဖြန်း" ... "အား"

ဟာကျီ ခွေခနဲ လဲကျသွားလေသည်။ ကမ်းစပ်ပေါ်မှ ကြည့်နေသည့် ရှောင်အင်းနှင့်လီချူးတို့မှာ မမျှော်လင့်သော အဖြစ်ကြောင့် အံ့သြသွားကြသည်။ သူတို့နှစ်ယောက် မြင်းကိုယ်စီဖြင့် လှေသမားဟာကျီတို့ အနီးသို့ရောက်သည်အထိ စီးနင်းသွားကြလေသည်။ ရှောင်အင်းတို့ကို မြင်လျှင် ...

"ရှေ့ ... ဒီမှာ လှေဌားခ၊ မင်း ဟိုဟိုဒီဒီ လျှောက်ပြောမယ်ဆိုရင် သေဖို့သာ ပြင်ထား"

ဝမ်းခုံက ဟာကျီအား ကြိတ်၍ ငေါက်လိုက်သည်။

ငွေတုံးကလေး တစ်တုံးကိုလည်း လက်ထဲထည့်ပေးလိုက်သည်။ အနီးသို့ ရောက်လာပြီဖြစ်သော ရှောင်အင်းက ...

"ဦးလေးဝမ်းခုံ ဘာများဖြစ်လို့လဲဗျာ"

ဟု မေးရာ ... ဝမ်းခုံက ...

"လှေသမားက လိုက်မပို့ချင်ဘူးလို့ ငြင်းနေတယ်၊ သခင်လေးတို့ အချိန်ကုန်အောင် တမင်လုပ်နေတာ၊ လှေဌားခကို ပိုလိုချင်လို့ ခုလိုလုပ်နေတာမို့ ဆုံးမလိုက်တာပါ သခင်လေး"

လှေသမားဟာကျီက ...



"မဟုတ်"

သူ၏စကားမဆုံးမီ ဝမ်းခုံက ကြားဖြတ်အော်လိုက်သည်။

"တိတ်စမ်း ... မင်း သေချင်သလား။ ဒါမှမဟုတ် အေးအေးဆေးဆေး လိုက်ပို့ပေးမလား"

ဟာကျီ မတတ်သာတော့ပါ။

"လိုက်ပို့ပေးပါ့မယ်ဗျာ"

ဝမ်းခုံက ရှောင်အင်းအား ပြုံးပြလိုက်ပြီး ...

"သခင်လေး လှေပေါ်ကြွပါဗျာ"

ရှောင်အင်း ဘာမှမပြောတော့ဘဲ မြင်းပေါ်မှ ဆင်းလိုက်၏။ လီချူးက မြင်းနှစ်ကောင် လှေပေါ်တင်နိုင်အောင် ကြိုးစားနေသည့် ဟာကျီကို ကူညီလုပ်ကိုင်ပေးလိုက်၏။

ဟာကျီနှင့်လီချူးတို့ မြင်းနှစ်ကောင်နှင့်အတူ လှေပေါ်ရောက်ရှိသွားကြသည့်အခါ ရှောင်အင်းက ဝမ်းခုံအား နှုတ်ဆက်လိုက်လေသည်။

"ကျွန်တော်တို့ကို လိုလေသေးမရှိဘဲ ဧည့်ခံပြုစုခဲ့တာတောင် ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ သခင်လေး၊ လမ်းခရီးမှာ အဆင်ပြေချောမွေ့သွားပါစေလို့ ဆုတောင်းလိုက်ပါတယ်ဗျာ"

ရှောင်အင်း လှေပေါ်ရောက်သည်နှင့် ဟာကျီက လှေကို

စတင်လှော်ခတ်လိုက်လေသည်။ လှေကလေးမှာ မြစ်တစ်ဖက်ကမ်းသို့ ရွေ့လျားသွားလေတော့၏။

❋

လှေကလေးမှာ မြစ်ရေပြင်ကိုဖြတ်ကာ တစ်ဖက်ကမ်းဆီသို့ တရိပ်ရိပ် ပြေးသွားနေ၏။ ရှောင်အင်းက လှေဦး၌ မတ်တတ်ရပ်လိုက်သည်။ လေတဟူးဟူး တိုက်ခတ်နေသဖြင့် သူ၏အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်နေလေသည်။ လှေသမား ဟာကျိုသည် ရှောင်အင်းအတွက် စိုးရိမ်သွား၏။

"ဗျို့ ဆရာလေး ... ထိုင်နေရင် ကောင်းမယ်၊ မတော်တဆ ရေထဲလိမ့်ကျသွားနိုင်တယ်ဗျ"

လီချူး ရယ်မောလိုက်သည်။

"အစ်ကိုလေးဟာ လေတိုက်ရုံနဲ့ လိမ့်ကျမသွားနိုင်ပါဘူးဗျာ"

"နေစမ်းပါဦး၊ ခင်ဗျားကို သိုင်းဆရာ ဝမ်းခုံက ဘာကြောင့် ပါးရိုက်ရတာလဲ၊ ခင်ဗျားက ကျုပ်အစ်ကိုလေး လိမ့်ကျမှာကို စိုးရိမ်ပူပန်တတ်တယ်ဆိုတော့ သိုင်းဆရာဝမ်းခုံပြောသလို အကျင့်မကောင်းတဲ့လူ မဖြစ်နိုင်ဘူး"

ထိုစကားကြားလျှင် ဟာကျို ဒေါပွသွားလေသည်။



"သူခိုးက လူကို ဟစ်နေတာဗျ၊ သူကမှ အကျင့်မကောင်းတဲ့လူ၊ လှေစီးပြီး ပိုက်ဆံတစ်ခါမှမပေးဘူး၊ ခုလည်း မပေးမှာ စိုးရိမ်လို့ တောင်းတာ၊ သူက စိတ်ဆိုးပြီး ကျုပ်ကို ပါးရိုက်တယ်လေ"

လီချူးက ရှောင်အင်းအား လှမ်းကြည့်လိုက်၏။ ရှောင်အင်းသည် လိုလေသေးမရှိ ဧည့်ခံပြုစုခဲ့သည့် သိုင်းဆရာဝမ်းခုံအား ချီးမွမ်းခဲ့သည် မဟုတ်ပါလား။ ရှောင်အင်း မျက်မှောင်ကြုတ်နေပါ၏။ ဟာကျိုကို စိုက်ကြည့်ရင်း ...

"စိတ်တော့ မဆိုးပါနဲ့ဗျာ၊ ခင်ဗျားပြောတာတွေ အမှန်ပဲလားဗျ"

ရှောင်အင်း သက်ပြင်းချလိုက်သည်။ သိုင်းလောကမှာ ရှုပ်ထွေးပွေလီလွန်းလှသည်ဟု အဘိုးဖြစ် သူပြောခဲ့သည့် စကားများကို ပြန်လည်ကြားယောင်လာသည်။ လီချူးကို လက်ဝှေ့ယမ်းပြကာ ...

"သူ့အတွက် အကူအညီပေးလိုက်ပါ"

ရှောင်အင်း၏စိတ်နေသဘောထားကို လီချူး ကောင်းစွာနားလည်သဘောပေါက်ထားပြီး ဖြစ်သည်။ ထို့ကြောင့် ချက်ချင်းပင် ရွှေတုံးတစ်တုံး နှိုက်ယူကာ ဟာကျိုကို ပေးလိုက်လေသည်။

ဟာကျို မျက်လုံးပြူးသွား၏။

"ဒါ ဘာလုပ်တာလဲ"

"ခင်ဗျားအတွက် ပေးတာလေ"

"ဟာ … မဟုတ်တာ၊ ဝမ်းနဲ့ ကျုပ်ကို ပါးရိုက်ခဲ့ပေမယ့် ကူးတို့ခ ပေးလိုက်ပါသေးတယ်"

"ကျုပ်တို့က ကူးတို့ခပေးနေတာ မဟုတ်ပါဘူး၊ ခင်ဗျား အတွက် စေတနာနဲ့ ကူညီတာပါ"

ဟာကျိုသည် ရွှေတုံးကလေးကို ကြည့်လိုက်၏။

သို့သော် မယူသေးဘဲ လီချူးကို သံသယဖြင့်ကြည့်ကာ–

"မင်း … မင်းတို့ဟာ လူဆိုးဓားပြတွေတော့ မဟုတ်ကြပါဘူးနော်"

လီချူး ရယ်မောလိုက်သည်။

"ဘာလဲ … ကျုပ်တို့က လုယက်ပြီး ရထားတာမို့ ခင်ဗျားကို ပေးတယ်လို့များ ထင်နေတာလား၊ ယူသာ ယူစမ်းပါဗျာ၊ နေလခြံဝင်းကလူတွေ ပေးတဲ့ပစ္စည်းကို ယူလို့ ဘာမှမဖြစ်ပါဘူး"

ဟာကျို မျက်လုံးပြူးသွားလေသည်။

"ဟင် … မင်းတို့ နေလခြံဝင်းက ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဩော် … နေလခြံဝင်းမှာ စိတ်ထားပြည့်ဝတဲ့ လူတွေလည်း ရှိနေကြတာကိုး"

"ဘာ"

ယခုတစ်ကြိမ် … လီချူးနှင့်ရှောင်အင်းတို့ တအံ့တသြ



ဖြစ်သွားကြရတော့သည်။

"နေလခြံဝင်းမှာ စိတ်ထားသေးသိမ်တဲ့လူဆိုးတွေ ရှိနေကြသေးတယ်လို့ ခင်ဗျား ပြောတာလားဗျာ"

ဟာကျို ချက်ချင်း ခေါင်းယမ်းလိုက်သည်။

"ကျုပ် … ကျုပ်က ဒီလိုပြောတာ မဟုတ်ပါဘူး"

"ဒါဖြင့်"

"ခွင့်လွှတ်ပါဗျာ၊ ကျုပ် စကားပြော လောကြီးပြီး မှားသွားပါတယ်"

ဟာကျို ပျာပျာသလဲ တောင်းပန်နေ၏။ ရှောင်အင်း သက်ပြင်းချလိုက်သည်။

"ခင်ဗျား အမှန်အတိုင်းပြောလို့ ကျွန်တော်က ခင်ဗျားကို ဒုက္ခပေးမှာ မဟုတ်ပါဘူးဗျာ၊ နေလခြံဝင်းနဲ့ ပတ်သက်ပြီး မကောင်းတဲ့သတင်း ကြားမိတာရှိရင် ပြောပြပါလား"

"မရှိပါဘူးဗျာ၊ ကျုပ် ဘာမှမကြားမိပါဘူး"

ရှောင်အင်း စိတ်ပျက်သွား၏။ လီချူးမှာမူ ရွှေတုံးကလေး တစ်တုံးကိုင်ကာ ငြိမ်နေ၏။ တစ်စုံတစ်ခု တွေးတောစဉ်းစားနေပုံရလေသည်။ ဟာကျိုသည်လည်း ဘာမျှမပြောတော့ဘဲ လှေကို အားစိုက်လှော်ခတ်လိုက်လေသည်။ မကြာပါချေ … လှေကလေးမှာ တစ်ဖက်ကမ်းသို့ ဆိုက်ကပ်မိသွား၏။

လီချူးနှင့် ရှောင်အင်းတို့က မြင်းများဆွဲကာ လှေပေါ်မှ ဆင်းလိုက်ကြလေသည်။

"ကြောင်ကတိုး ... သူ့အတွက် ပေးစရာရှိတာ ပေးခဲ့ပါ"

လီချူးက လက်ထဲကိုင်ထားသည့် ငွေတုံးကလေးအား ဟာကျိုထံ ပစ်ပေးလိုက်လေသည်။

"ရော့ ... ခင်ဗျားအတွက် လက်ဆောင်"

ဟာကျိုသည် အလွန်ဝမ်းသာပျော်ရွှင်သွားပုံရလေသည်။

ရှောင်အင်းနှင့်လီချူးတို့အား ဦးညွှတ်လိုက်ပြီး ...

"မင်းတို့ရဲ့ ကျေးဇူးကို ကျုပ် ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး၊ လမ်းခရီးမှာ သတိဝီရိယ ရှိကြပါလို့ ကျုပ် မှာလိုက်ပါရစေ၊ ဝမ်းခုံလို ကြောင်သူတော် ကြွက်သူခိုးတွေက နေရာအနှံ့မှာ ရှိနေကြတယ်၊ ကျုပ်ကို ခွင့်ပြုပါဦး"

ပြောပြီး လှေကို တစ်ဖက်ကမ်းသို့ ပြန်လည်လှော်ခတ်သွားလေသည်။ ရှောင်အင်းသည် တရွေ့ရွေ့ဝေးသွားသည့် လှေကလေးကို ငေးကြည့်ရင်း ...

"ဝမ်းခုံဟာ ကြောင်သူတော် ကြွက်သူခိုးဆိုတာ တကယ်ပဲလား"

လီချူးက ...

"တကယ်ပေါ့ အစ်ကိုလေးရ"



"ဒါဖြင့် နေလခြိဝင်းက လူတွေကော"

လီချူး ချက်ချင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှောင်အင်းက ...

"လှေသမားကတော့ နေလခြိဝင်းကလူတွေဟာ လူဆိုးတွေလို့ ထင်မှတ်နေပုံရတယ်၊ အဲဒါ ဘာကြောင့်လဲ"

"သူ့စကား မှားသွားတာပါ သခင်လေး"

"မဟုတ်ဘူး၊ သူဟာ တို့တစ်တွေကို နေလခြိဝင်းက လူတွေဆိုတာ သိလိုက်ရလို့ အံ့သြပြီး လွှတ်ခနဲထွက်လာတာ"

"ဒါဖြင့် သူ့စကားကို အစ်ကိုလေး ယုံတယ်ပေါ့"

ရှောင်အင်း ငိုင်သွားသည်။ သူသည် နေလခြိဝင်း၌ ကြီးပြင်းခဲ့သူ ဖြစ်ပေသည်။ နေလခြိဝင်းသည် မည်သည့်အခါမျှ မတရား မလုပ်ကြောင်း နားလည်ထားသည်။

သို့သော် ဟာကျိုကဲ့သို့ မထင်မရှား လှေသမားတစ်ယောက်၏စိတ်ထဲ၌ နေလခြိဝင်းအား မကောင်းသည့်ဘက်မှ ရှုမြင်ကာ စကား လွှတ်ခနဲထွက်လာခြင်းမှာ စဉ်းစားစရာ ကောင်းလှပေသည်။ ရှောင်အင်းသည် သူရဲကောင်းစံအိမ်၌ တွေ့ရှိခဲ့ရသည့် အမျိုးသမီးကြီးအား သတိရလာပြန်သည်။

သူမသည်လည်း နေလခြိဝင်းအား ကဲ့ရဲ့ရှုံ့ချခဲ့သည် မဟုတ်ပါလား။ သူ၏ဖခင် ရှောင်စုကိုပင် လူယုတ်မာဟု စွပ်စွဲခဲ့သေး၏။

"ငါမသိသေးတဲ့ အကြောင်းတစ်ခုခုရှိနေတာ သေချာတယ်"

ရှောင်အင်းသည် သူ၏အလည်အပတ်ခရီးမှာ ပျော်ရွှင်စရာ အတိဖြစ်မည်ဟု ယုံကြည်ယူဆထားသော်လည်း မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကြောင့် စိတ်ထဲ စနောင့်စနင်း ဖြစ်လာသည်။

နေလခြင်းအား ချီးမွမ်းကြသူများချည်း မဟုတ်ဘဲ ကဲ့ရဲ့အပြစ်တင်နေသူများလည်း ရှိနေသေးရာ အဘယ့်ကြောင့် ထိုသို့ဖြစ်ရသည်ကို စုံစမ်းရန် ဆုံးဖြတ်လိုက်လေတော့၏။

မွန်းတည့်ချိန်တွင် မြို့ငယ်လေးတစ်မြို့သို့ ရောက်ရှိလာခဲ့ကြသည်။ ရှောင်အင်းနှင့်လီချူးတို့သည် မြို့ထဲသို့ မြင်းကိုယ်စီဖြင့် ဝင်ရောက်လာခဲ့ကြ၏။ လီချူးက ...

"အစ်ကိုလေး ... သိုင်းဆရာဝမ်းခုံက ဒီမြို့မှာရှိတဲ့ သူ့မိတ်ဆွေ တွေဆီကိုသွားဖို့ မှာလိုက်တယ် မဟုတ်လား၊ ကျွန်တော်တို့ သွားကြမလား"

ရှောင်အင်း ခေါင်းယမ်းလိုက်သည်။

"နေပါစေတော့ကွာ၊ ငါတို့ဟာ အလည်အပတ်ခရီးထွက်လာကြတာပဲ၊ ရောက်လေရာအရပ်မှာ ကြိုဆိုဧည့်ခံမယ့်သူတွေနဲ့



တိုးနေရင် ဘယ်လိုလုပ်ပြီး လွတ်လပ်ပါတော့မလဲ"

"အစ်ကိုလေးသဘောပဲလေ"

ရှောင်အင်းက တည်ကြည်သော မျက်နှာထားဖြင့် ...

"ကြောင်ကတိုး ... မင်းကို ငါ မှာထားချင်တယ်"

"ပြောပါ အစ်ကိုလေး"

"ဘယ်နေရာကိုရောက်ရောက် မလိုအပ်ဘဲ ငါတို့ဟာ နေလခြင်းကလူဆိုတာ ထုတ်ဖော်မပြောရဘူး၊ ငါပြောတာ နားလည်လား"

လီချူး အံ့သြသွားသည်။ သို့သော် ချက်ချင်းပင် ခေါင်းညိတ်ကာ ...

"ကျွန်တော် နားလည်ပါတယ် အစ်ကိုလေး"

"ကောင်းပြီ၊ ဒီမြို့ရဲ့တောင်ဘက်မှာ ထင်ရှားတဲ့ ဘုံကျောင်းတစ်ခုရှိတယ်လို့ သိုင်းဆရာဝမ်းခုံ ပြောလိုက်တယ်၊ ငါတို့ သွားကြည့်ရအောင်"

သူတို့နှစ်ယောက်သည် မြို့တောင်ဘက်သို့ ဦးတည်ထွက်ခွာသွားကြလေသည်။ လမ်းသွားလမ်းလာများထံ၌ မေးမြန်းစုံစမ်းပြီး သွားကြရာ မြို့တောင်ဘက်မှ ဘုံကျောင်းဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေသည်။ ဘုံကျောင်းမှာ ကျောက်ဖြူတုံးကြီးများဖြင့် ဆောက်လုပ်ထားသဖြင့် ကျောက်ဖြူဘုံကျောင်းဟု

အမည်တွင်လေသည်။ ရှောင်အင်းနှင့် လီချူးတို့သည် ဘုံကျောင်းရှေ့ရှိ သစ်ပင်တစ်ပင်၌ မြင်းများကို ချည်နှောင်ပြီး ဘုံကျောင်းပေါ်သို့ တက်လာခဲ့ကြလေသည်။

ဘုံကျောင်းအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များ ကိုးကွယ်ထားရှိပြီး အမွေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ထား၏။

ရှောင်အင်းနှင့်လီချူးတို့သည် ဗုဒ္ဓရုပ်ပွားတော်များ ပူဇော်ကန်တော့ကြပြီး ဘုံကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အပြင်ဘက် ပြန်ထွက်လာခဲ့ကလေသည်။

ဘုံကျောင်းအပြင်ဘက်ရောက်သည်နှင့် ...

"ဟိုက်"

လီချူး လွှတ်ခနဲ ရေရွတ်လိုက်၏။ အကြောင်းမှာ သူတို့၏ မြင်းနှစ်ကောင်အနီးတွင် လူတစ်ယောက် ရပ်နေပြီး ထိုလူသည် မြင်းများကို ခိုးယူထွက်ပြေးမည့် အသွင် ရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

"မလုပ်နဲ့ ရပ်လိုက်စမ်း"

လီချူးက အော်ငေါက်ကာ မြားတစ်စင်းပမာ ခုန်ထွက်သွား၏။ သို့သော် ရှောင်အင်းက သူ့ထက် အလျင်ဦးစွာ ထိုလူအနီးသို့ ရောက်ရှိသွားလေသည်။

ရှောင်အင်းသည် ထိုလူအား ဖမ်းဆွဲရန် ဟန်ပြင်လိုက်ပြီးမှ



လက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

"အစ်ကိုလေး ... မြင်းသူခိုးကို ဆုံးမလိုက်စမ်းပါ"

လီချူးက အော်ပြောရင်း ရောက်လာလေသည်။

ရှောင်အင်းက ...

"ဆုံးမစရာမလိုတော့ဘူး၊ တို့ထက်ဦးအောင် ဆုံးမမယ့်လူရှိနေပြီ"

"ဗျာ"

"မင်း သေသေချာချာကြည့်ပါလား"

လီချူးက မြင်းသူခိုးအား ကြည့်လိုက်လေသည်။ မြင်းသူခိုးမှာ အသက်လေးဆယ်ခန့်ရှိပြီး အနက်ရောင် အဝတ်အစားများဝတ်ဆင်ထား၏။

ထိုလူသည် ရှောင်အင်းတို့ ရောက်ရှိလာသော်လည်း ထွက်မပြေးပါ။ ခုခံတိုက်ခိုက်ခြင်းလည်း မပြု။ စကားလည်း မပြောဘဲ ကျောက်ရုပ်ကြီးတစ်ရုပ်ပမာ မလှုပ်မယှက် ရပ်နေ၏။

"လက်စသတ်တော့ မြင်းခိုးမယ် ကြံစည်နေတုန်း သွေးကြောပိတ်ခံလိုက်ရတာကိုး"

လီချူးက ရေရွတ်လိုက်သည်။ လီချူးက မေးလိုက်၏။

"အစ်ကိုလေး ... မြင်းသူခိုးကို ဘယ်သူက သွေးကြောပိတ်လိုက်တာလဲ"

"ဟ ... ငါ ဘယ်လိုလုပ်သိမှာလဲ၊ မင်းနဲ့အတူတူ ဘုံကျောင်းထဲမှာ ရှိနေခဲ့တာပဲ မဟုတ်လား"

လီချူး ခေါင်းကုတ်လိုက်သည်။

"အံ့သြစရာကောင်းလိုက်တာ၊ ဘယ်သူကများ ကျွန်တော်တို့ မြင်းတွေ အခိုးမခံရအောင် ဝင်ပြီးကူညီလိုက်ပါလိမ့်"

"အမြင်မတော်တာကို လက်ပိုက်ကြည့်မနေတတ်တဲ့ သိုင်းသမားတစ်ယောက် ဖြစ်မှာပေါ့ကွာ၊ ကျေးဇူးတင်စကားတောင် မပြောလိုက်ရတာ နာတာပဲ"

"ဟုတ်ပါရဲ့၊ သူ့ကို တွေ့ရရင် သိပ်ကောင်းမှာပဲ"

"သူက အတွေ့မခံချင်လို့ ထွက်သွားတာနေမှာပေါ့၊ ဘိုးဘိုးပြောတာ သိပ်မှန်တယ်၊ သိုင်းလောကမှာ သိုင်းအကျော်အမော်တွေ အများကြီးရှိတယ်ဆိုတာ ထင်ရှားနေပြီ"

လီချူးက မြင်းသူခိုးအား ညွှန်ပြရင်း ...

"အစ်ကိုလေး ... သူ့ကို ဘယ်လိုလုပ်ကြမလဲ"

ရှောင်အင်း အနည်းငယ် စဉ်းစားလိုက်ပြီး ...

"လွှတ်ပေးလိုက်တာ ကောင်းပါတယ်ကွာ"

"ဗျာ ... လွှတ်ပေးရမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဟာ ... အစ်ကိုလေးကလည်း သူ့ကို နည်းနည်းပါးပါး



တော့ မေးစမ်းကြည့်ရဦးမှာပေါ့"

"မင်းသဘောပဲ"

လီချူးက မြင်းသူခိုးအနီးသို့ ချဉ်းကပ်သွားပြီး ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် မြင်းသူခိုး၏ ယာဘက်ပခုံးကို လက်ဝါးဖြင့် ဆတ်ခနဲ ပုတ်လိုက်လေသည်။

"အွန့်"

မသဲမကွဲညည်းညူသံနှင့်အတူ မြင်းသူခိုး လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။ သွေးကြောပွင့်သွားသည်နှင့် ချက်ချင်းပင် ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

"နေပါဦးဗျ၊ ခင်ဗျား ဘယ်ပြေးမလို့လဲ"

လီချူးက မြင်းသူခိုး၏လက်မောင်းကို ဖမ်းဆွဲထားလိုက်သည်။ မြင်းသူခိုး၏မျက်နှာ ရှုံ့မဲ့သွားသည်။

"ကျုပ် ... ကျုပ် နောက်မခိုးတော့ပါဘူး၊ ကျုပ်ကို ချမ်းသာပေးပါ"

လီချူးက ...

"စိတ်ချ ... ခင်ဗျားကို ဘာမှမလုပ်ဘူး၊ ကျုပ်တို့မေးတာသာ မှန်မှန်ဖြေပါ"

"ဘာ ... ဘာမေးမလို့လဲဗျာ"

"ခင်ဗျားကို ဘယ်သူက သွေးကြောပိတ်သွားတာလဲ"

"ဟင်"

မြင်းသူခိုး ပါးစပ်အဟောင်းသားဖြစ်သွား၏။

"ကဲ ... ကျုပ်မေးတာသာ ဖြေပါဦး"

မြင်းသူခိုး ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ကျုပ် ဘယ်လိုလုပ် သိမှာလဲ၊ မြင်းခိုးမယ်လို့ ကြံစည်နေတုန်း တစ်ကိုယ်လုံး ထုံကျဉ်သွားတာ၊ ဘာဖြစ်လို့ ဖြစ်မှန်းမသိခင် သွေးကြောပိတ်ခံလိုက်ရတာ"

လီချူးနှင့် ရှောင်အင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ သူတို့အား ကူညီခဲ့သူမှာ မည်သူမည်ဝါ ဖြစ်ကြောင်း သိနိုင် တော့မည် မဟုတ်ပါ။

"သူ့ကို လွှတ်ပေးလိုက်ပါကွာ"

ရှောင်အင်းက ပြောလိုက်၏။ လီချူးက မြင်းသူခိုးအား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားကို လွှတ်ပေးလိုက်မယ်၊ နောက်နောင် သူတစ်ပါး ပစ္စည်း အပ်တိုတစ်ချောင်းတောင် ခိုးယူဖို့ မစဉ်းစားနဲ့တော့ ... ဟုတ်ပြီလား"

မြင်းသူခိုးသည် လီချူးနှင့်ရှောင်အင်းတို့အား ကျေးဇူးတင်သွားလေသည်။ ချက်ချင်းပင် ပြေးလွှားထွက်ခွာသွားရာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။



လီချူးက ရှောင်အင်းအား အကဲခတ်ကြည့်ရင်း ...

"အစ်ကိုလေး ... ကျွန်တော်တို့ အလည်အပတ်ထွက်မယ် မကြံသေးဘူး၊ ပြဿနာနဲ့ချည်း တိုးနေတာပဲ၊ ရှေ့ဆက်သွားဖို့တောင် စိတ်ကုန်လာပြီ"

ရှောင်အင်း ပခုံးတွန့်လိုက်သည်။

"အခက်အခဲကြုံရလေလေ အတွေ့အကြုံ တိုးလေလေ၊ အခက်အခဲအန္တရာယ်တွေကို ရင်ဆိုင်ကျော်လွှားပြီး ခရီးသွားရတာ ပိုလို့တောင် ပျော်စရာကောင်းသေးတယ်"

"အင်း ... အမြင်မတော်လို့ ဝင်ကူညီတဲ့လူသာ မရှိရင် အခုဆို ခြေလျင်လျှောက်နေရပြီ"

"ကြောင်ကတိုး ... သိပ်ပြီး ညည်းညည်းညူညူလုပ်မနေနဲ့၊ မင်း မလိုက်ချင်ရင် နေခဲ့နိုင်တယ်"

လီချူး ဆက်၍ မညည်းညူရဲတော့ပါ။

"ကျွန်တော် မလိုက်ဘူးလို့ ပြောတာမှမဟုတ်ဘဲ အစ်ကိုလေးရဲ့"

"အေး ... လိုက်မယ်ဆိုရင် မညည်းနဲ့၊ ကဲ ... သွားကြမယ်"

ရှောင်အင်းက သူ၏မြင်းကိုဆွဲကာ ထွက်သွားလိုက်ရာ လီချူးလည်း နောက်မှ ကပျာကယာ လိုက်သွားရလေသည်။

❋ ❋ ❋

## ရန်ကြေးရန်စ

ရှောင်အင်းနှင့်လီချူးတို့သည် မြင်းကိုယ်စီဆွဲကာ ခရီးဆက်ခဲ့ကြ၏။ လမ်းဆုံလမ်းခွ တစ်နေရာသို့ရောက်သည့်အခါ ...

'ဝုန်း' ... "အား"

လမ်းဘေးရှိ အိမ်ကလေးတစ်လုံးအတွင်းမှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်အင်းနှင့်လီချူးတို့ ခြေလှမ်းရပ်ကာ လှမ်းကြည့်လိုက်ကြရာ အိမ်တံခါး ဝုန်းခနဲပွင့်သွားပြီး လူတစ်ယောက် တလိမ့်ကောက်ကွေး လိမ့်ထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူမှာ မျက်နှာတစ်ခုလုံး သွေးအလူးလူး ပေကျံနေ၏။ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားလေသည်။ ရှောင်အင်းနှင့်လီချူး တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

"ကျွန်တော်တို့ မြန်မြန်သွားကြရင် ကောင်းမယ်၊ တော်ကြာ ကိုယ်နဲ့မဆိုင်ဘဲ ပြဿနာ ရှာနေဦးမယ်"



လီချူးက ပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ရှောင်အင်းက သူ့လက်ကို လှမ်းဆွဲထားလိုက်ပြီး ...

"နေစမ်းပါဦး ... ဟိုမှာ ကြည့်စမ်းပါဦးကွ"

လီချူး လှမ်းကြည့်လိုက်ရာ အိမ်ထဲမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ဖျင်ကြမ်းအင်္ကျီ ဝတ်ဆင်ထားသည့် လူထွားကြီး တစ်ယောက် ဖြစ်ပေသည်၊ ထိုလူသည် ဟိုဟိုသည်သည် လှမ်းကြည့်နေ၏။ မကြာသေးမီက ထွက်ပြေးသွားသူအား ရှာဖွေနေခြင်း ဖြစ်ဟန်တူသည်။ ရှောင်အင်းနှင့်လီချူးတို့ ထိုလူအား အကဲခတ်ကြည့်နေစဉ်မှာပင် ထိုလူသည် သူတို့အား တွေ့မြင်သွားပြီး ...

"မင်းတို့ကော ဘာလုပ်နေကြတာလဲ၊ သတ္တိရှိရင် လာကြစမ်း"

"တော်တော် ရမ်းကားတဲ့လူပဲ"

လီချူးက မကျေမနပ် ရေရွတ်သည်။ ရှောင်အင်းက ...

"ထွက်ပြေးသွားတဲ့လူနဲ့ ငါတို့ ပတ်သက်နေတယ် ထင်လို့ နေမှာပါကွာ၊ ကဲ ကဲ ... သွားကြပါစို့"

ပြောပြောဆိုဆို ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။ ထိုအခါ အိမ်ထဲမှထွက်လာသူသည် တံခါးပေါက်ဝ၌ ရပ်ရင်း ...

"ဟား ဟား ဟား ... သတ္တိမရှိတဲ့ခွေးကောင် ခုတော့

ကြောက်နေကြပြီ မဟုတ်လား"

ရှောင်အင်း ခြေလှမ်း တုံ့ခနဲရပ်သွားလေသည်။ သူသည် ထွက်သွားရမည်လော၊ သို့မဟုတ် လျှောင်ပြောင် ကဲ့ရဲ့နေသူနှင့် ရင်ဆိုင်ရမည်လော။ ဝေခွဲမရဖြစ်သွားလေသည်။ ထိုအချိန်မှာပင် ...

"ဘေးဖယ် ... ဘေးဖယ်"

အော်ဟစ်သံများ ထွက်ပေါ်လာပြီး လမ်းတစ်ဖက်မှ လူတစ်စု ပြေးလွှားလာနေကြသည်ကို တွေ့မြင်ရလေသည်။ ထိုလူစုသည် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည်။

"ပွဲကြီးပွဲကောင်းတော့ ကြည့်ရပြီ"

လီချူးက ရေရွတ်လိုက်သည်။ ပြေးလွှားလာကြသူများသည် ရှောင်အင်းတို့နံဘေးမှဖြတ်ကာ အိမ်ကလေးရှေ့သို့ ဦးတည်သွားကြ၏။ ထိုလူစု ရောက်ရှိလာသည်ကိုမြင်လျှင် ...

"ဟား ဟား ဟား"

ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသည့် လူထွားကြီးက ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်လေသည်။

"အတွင်းအား အတော်ကောင်းတဲ့လူပဲ"

လီချူး မှတ်ချက်ချလိုက်သည်။ ရှောင်အင်းက ...

"ဒီလူ ဘယ်လောက်အစွမ်းရှိလဲဆိုတာ ကြည့်ရသေးတာ"



သူတို့နှစ်ယောက် အခြေအနေကို စောင့်ကြည့်နေလိုက်လေသည်။ ထိုအချိန်တွင် ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသူက ...

"လာကြစမ်း၊ ကျုပ်က မင်းတို့ကို ဆုံးမချင်လို့ တမင်စောင့်ကြည့်တာ၊ ဘာဖြစ်လို့ ရပ်ကြည့်နေကြတာလဲ၊ ရှေ့တိုးလာပါလား"

အိမ်ရှေ့သို့ရောက်ရှိနေကြသည့် လူစုအနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသူသည် ရှေ့သို့ လှမ်းထွက်လိုက်ပြီး ...

"စိန်မင်း ... သူဌေးကြီးလျူရဲ့ကိစ္စ မင်းဝင်ရှုပ်တာ သေချင်လို့ပဲ ဖြစ်ရမယ်၊ ငါတို့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့မလား၊ ဒါမှမဟုတ် အသက်အသေခံမလား ကြိုက်တဲ့လမ်းရွေးပါ"

လူထွားကြီးက ...

"စိန်မင်းဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတာ မင်းတို့မသိကြဘူးလား၊ ငါ့ကိုလိုချင်ရင် ပါးစပ်နဲ့ ပြောနေလို့ မရဘူးကွ၊ ဒီမြို့မှာ မင်းတို့ခြေ မင်းတို့လက်ပဲ မဟုတ်လား၊ ဘာဖြစ်လို့ လက်ပိုက်ကြည့်နေကြတာလဲကွ၊ ဘာလဲ ငါက မင်းတို့လွှတ်လိုက်တဲ့ လူကို ဆုံးမလိုက်တာနဲ့ မင်းတို့ ကြောက်နေကြပြီလား ...ဟား ဟား ဟား"

လှောင်ပြောင်ပြောဆို ရယ်မောလိုက်လေသည်။ ဝိုင်းရံထားသူများ၏ခေါင်းဆောင် ဒေါသူပွသွားလေသည်။

"ဟေ့ တိုက်စမ်း ... သူဌေးကြီးလျူရဲ့အရှိန်အဝါကို သူ သိသွားအောင် ပြလိုက်ကြစမ်း"

ထိုအခါ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် သိုင်းသမားများသည် ဗြာသံပေးကာ စိန်မင်းဆိုသည့် လူထွားကြီးအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။ စိန်မင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

'ဝုန်း' ... "အား" ... "အမယ်လေး"

စိန်မင်းသည် အများနှင့်တစ်ယောက် ဖြစ်နေသော်လည်း သူ့အား ဝန်းရံတိုက်ခိုက်လာသူများအား ချက်ချင်း တွန်းလှန်ပစ်လိုက်နိုင်ခဲ့သည်။ ခေါင်းဆောင်ဖြစ်သူမှာ သူ၏လူများ အခြေအနေမဟန်သည်ကိုမြင်လျှင် ...

"ယား"

ဗြာသံပေးကာ စိန်မင်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ စိန်မင်းနှင့် ထိုလူ ထိပ်တိုက်ရင်ဆိုင်မိကြ၏။ တိုက်ပွဲကို အကဲခတ်ကြည့်နေသည့် လီချူးက ...

"စိန်မင်းဆိုတဲ့လူရဲ့ သိုင်းပညာက အတော်မြင့်တာပဲ"

ရှောင်အင်းက ...

"သူ့ကို ဝိုင်းတိုက်တဲ့လူတွေဟာ လူများပေမယ့် အနိုင်ရမှာမဟုတ်ဘူးကွ"

"စိန်မင်းက သိုင်းပညာအဆင့်မြင့်တာနဲ့ မာန်တက်နေတာပဲ၊ သူက ဘာတွေများ လုပ်ခဲ့တယ်မသိဘူး"



ရှောင်အင်းသည် တိုက်ပွဲကိုကြည့်ရန် စိတ်ပျက်လာသည်။

"ကဲ ... ဒီလောက်ကြည့်ရရင် တော်ရောပေါ့၊ တို့ သွားကြရအောင်"

ပြောပြီး ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။ လီချူးလည်း ရှောင်အင်းနှင့်အတူ လိုက်သွားရန် ဟန်ပြင်၏။ ထိုစဉ်မှာပင်

'ဝုန်း' ... "အား"

စိန်မင်းနှင့်ရင်ဆိုင်တိုက်ခိုက်သူများမှာ နောက်ဘက်သို့ လွင့်စဉ်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟား ဟား ဟား"

စိန်မင်းက သဘောကျစွာ ရယ်မောလိုက်ပြီး ...

"နေလခြံဝင်းကို မျက်နှာလို မျက်နှာရ လုပ်ချင်ကြတဲ့လူတွေ ... ခုတော့ ဘယ့်နှယ်ရှိစ၊ စိန်မင်းအကြောင်း သိပြီမဟုတ်လား၊ စိန်မင်းဟာ မင်းတို့ကို မပြောနဲ့ နေလခြံဝင်းကိုတောင် အရေးမစိုက်ဘူးဆိုတာ မှတ်ထားပါ"

ရုတ်တရက် ရှောင်အင်းနှင့်လီချူးတို့ ခြေလှမ်းတုံ့ခနဲ ရပ်သွားကြလေသည်။ စိန်မင်းက မြေပေါ်မှ လူးလိမ့်ထလာသည့် သိုင်းသမားခေါင်းဆောင်ကို စိုက်ကြည့်ရင်း ...

"သူဌေးကြီးလျှူကို ပြောလိုက်စမ်းပါ ... ကျုပ်ကို လိုချင်ရင် သူကိုယ်တိုင် လာခဲ့ပါလို့၊ အဖြစ်မရှိဘဲ လူတွေကိုလွှတ်ရင် ခုလိုပဲ

ကြိုရလိမ့်မယ်၊ ကဲ ... ငါ့ရှေ့က မြန်မြန်ထွက်သွားကြစမ်း"

ခေါင်းဆောင်လုပ်သူမှာ နူတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို သုတ်ပစ်လိုက်ရင်း ...

"စိန်မင်း ...ခင်ဗျားကို ဘယ်သူကမှ မဆုံးမနိုင်ဘူးလို့ မထင်စမ်းပါနဲ့၊ ခင်ဗျား သတိထားနေပါ၊ ကျုပ်တို့ ပြန်လာခဲ့ဦးမယ်"

"ဟား ဟား ဟား ... ကျုပ်က မင်းတို့ကို ဂရုစိုက်ရမှာ လား၊ မင်းတို့ မကျေနပ်ရင် နေလခြိဝင်းက လူတွေကို သွားခေါ် လာခဲ့၊ ကျုပ် ဒီမှာပဲ စောင့်နေမယ်"

ရှောင်အင်းနှင့်လီချူးတို့ မကျေမနပ်ဖြစ်သွားကြလေသည်။

"အစ်ကိုလေး ... သူက နေလခြိဝင်းကို စော်ကားနေပါ လား၊ ကျွန်တော်တို့ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူးထင်တယ်"

လီချူးက ပြောရာ ... ရှောင်အင်းက ...

"မင်းပဲ ပြဿနာဖြစ်မှာ စိုးရိမ်တယ်ဆို"

"ဟာ ... ဖြစ်ကာမှ ဖြစ်ကော ခုလို စော်ကားနေတာတော့ လက်ပိုက်ကြည့်မနေနိုင်ဘူးဗျ"

"ကောင်းပြီ"

ရှောင်အင်းသည် အိမ်ကလေးရှေ့မှ ပြေးထွက်လာကြသည့် သိုင်းသမားများအား လှမ်း၍ တားဆီးလိုက်သည်။

"မိတ်ဆွေတို့ ခဏနေကြပါဦးဗျာ"



သိုင်းသမားများ ရပ်တန့်သွားကြသည်။ ခေါင်းဆောင်ဖြစ် ဟန်ရှိသူက ...

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်တို့ကို ဟန့်တားရလဲ"

"သူ့အကြောင်း သိချင်လို့ပါဗျာ"

ရှောင်အင်းက ဟားတိုက်ရယ်မောနေသည့် စိန်မင်းအား ညွှန်ပြကာ ပြောလိုက်သည်။

"သူက စိန်မင်းပေါ့"

"ခင်ဗျားတို့နဲ့ ဘယ်လိုကြောင့် အဆင်မပြေ ဖြစ်ရတာလဲ၊ နေလခြိဝင်းနဲ့ကော ဘယ်လိုပတ်သက်နေလို့လဲ"

"သြော် မင်းက စိန်မင်းအကြောင်း သိချင်နေတာကိုး၊ သူက သူဌေးကြီးလျူဆီက ငွေချေးပြီး ပြန်မပေးတဲ့ လူတစ်ယောက် ဘက်က ဝင်ပါပြီး ကျုပ်တို့ကို ရန်ပြုခဲ့တာပဲ၊ သူဌေးကြီးလျူက နေလခြိဝင်းကို ရိုသေလေးစားတဲ့လူမို့ ပုတ်ခတ်ပြောဆိုနေတာဗျ"

ရှောင်အင်းနှင့်လီချူးတို့ မကျေမနပ်ဖြစ်သွားကြသည်။

"အစ်ကိုလေး ... ဒီလောက်တောင် မိုက်မဲတဲ့လူ ကျွန်တော် သွားပြီး ဆုံးမလိုက်မယ်"

လီချူးက ပြောရာ ... ရှောင်အင်းက ...

"ကောင်းပြီ၊ သူ့ကို အသက်တော့ မသေစေနဲ့ကွာ"

"စိတ်ချ အစ်ကိုလေး"

လီချူး ရှေ့သို့ လျှင်မြန်စွာခုန်ထွက်သွားလေသည်။ စိန်မင်းနှင့်လီချူးတို့နှစ်ယောက် ယှဉ်လိုက်လျှင် ဆင်နှင့်ဆိတ်ပမာ ကွာခြားနေပေတော့သည်။ လီချူးက စိန်မင်းအား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ...

"ခင်ဗျားရဲ့သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမဲ့ ... နေလခြိဝင်းကို စော်ကားနိုင်လောက်တဲ့အဆင့် မရှိသေးပါဘူး"

"ဘာကွ"

စိန်မင်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"မင်း နေလခြံဝင်းကလား"

"ကျုပ် ဘယ်ကဖြစ်ဖြစ် အရေးမကြီးဘူး၊ ခင်ဗျား ဘာကြောင့် နေလခြံဝင်းကို စော်ကားချင်ရတာလဲ"

"ဩော် ... မင်းကလည်း နေလခြံဝင်းကို မျက်နှာလိုမျက်နှာရ လုပ်ချင်နေတဲ့လူကိုး၊ သူတို့က လူဆိုးလူညစ်တွေမို့ ငါက ပြောတာ ဘာဖြစ်သလဲ၊ မင်း မကျေနပ်ဘူးလား"

"နေလခြံဝင်းကို သိုင်းလောကတစ်ခုလုံးက ကောင်းချီးပေးနေကြတာဗျ"

"ထို့ အပေါ်ယံရွှေမှုံကျဲ အတွင်းက နောက်ချေးမျက်နှာလိုမျက်နှာရလုပ်ချင်တဲ့လူတွေထဲမှာ ငါ မပါဘူး။ မင်း အသားမနာချင်ရင် ဝေးဝေးသွားနေစမ်း"



"ကျုပ်က ခင်ဗျားကို ဆုံးမဖို့ လာခဲ့တာ၊ ထွက်သွားဖို့ မဟုတ်ဘူး"

"မင်းက သေချင်နေပြီကိုး၊ ကောင်းပြီ ... သတိထားပေတော့"

ဖတောင်တိုက်ခိုက်လိုက်လေသည်။ လီချူးက ပြန်လည်ရင်ဆိုင်လိုက်သည်။

'ဝုန်း' ... "အင့်"

စိန်မင်းသည် ရှေ့သို့ ကမူးရှူးထိုးဖြင့် ခြေသုံးလေးလှမ်းမျှ တိုးလာပြီးမှ မြေပေါ် ဘိုင်းခနဲ လဲကျသွားလေသည်။ မမျှော်လင့်သောဖြစ်ရပ်ကြောင့် သိုင်းသမားများ တအံ့တဩ ဖြစ်သွားကြလေတော့သည်။ ရှောင်အင်းက သိုင်းသမားခေါင်းဆောင်ကိုကြည့်ကာ

"ခင်ဗျားတို့ သူ့ကို ခေါ်သွားကြပါဗျာ"

တစ်ဆက်တည်းပင် လီချူးကို လှမ်းကြည့်ကာ ...

"ကြောင်ကတိုး ... တို့သွားကြမယ်"

မြင်းပေါ် ခုန်တက်လိုက်၏။ လီချူးကလည်း သူ၏မြင်းပေါ် ခုန်တက်ကာ ရှောင်အင်း နောက်သို့ လိုက်သွားလေသည်။ သိုင်းသမားခေါင်းဆောင်မှာ ငေးကြောင်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

❋ ❋ ❋

## ကလိန်စေ့ငြမ်းဆင်

ရှောင်အင်းနှင့်လီချူးတို့သည် မြောက်ဘက်သို့ မိုင်သုံးဆယ်ခန့် ခရီးနှင်ပြီးသောအခါ သာယာလှပသည့် ရေကန်ကြီးဆီသို့ ရောက်ရှိလာကြလေသည်။

ရေကန်အနီး၌ စိမ်းလန်းသော တောအုပ်ကြီး ရှိနေ၏။ ရေကန်ထဲဝယ် ကြာပန်းများ ဖူးပွင့်နေသည်။ အေးမြသော လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်နေသည်။ လီချူးက ...

"နေလခြံဝင်းထဲမှာလည်း ရေကန်ရှိတာပဲ"

ဟု ထုံးစံအတိုင်း စောဒကတက်လာလေသည်။

"ငါတို့ခြံဝင်းထဲက ရေကန်နဲ့ ... ဒီရေကန် ဘယ်ရေကန်ပိုပြီးသာယာသလဲ ပြောစမ်း"

"ဒါတော့ ဘယ်တူနိုင်ပါ့မလဲ အစ်ကိုလေးရဲ့"

"အေး ... မတူနိုင်ရင် ဘာမှမပြောနဲ့"

လီချူး ပါးစပ်ပိတ်ထားလိုက်လေသည်။ ထိုစဉ်မှာပင် ...

'ခွပ်ခွပ် ... ခွပ်ခွပ်'



ဤနေရာသည် လူသူအရောက်အပေါက်နည်းသည့် နေရာဖြစ်သည်။ မြင်းခွာသံ ကြားလိုက်ရသဖြင့် ရှောင်အင်းတို့ တအံ့တသြ လှမ်းကြည့်မိလိုက်ကြ၏။

မြင်းဖြူကြီးတစ်ကောင်သည် ရေကန်ဆီသို့ ဦးတည် ဒုန်းစိုင်းလာနေသည်။

"ဘယ်သူများပါလိမ့်"

လီချူး ရေရွတ်လိုက်သည်။ ရှောင်အင်းက ...

"တို့လိုပဲ ရေကန်ကြီးရဲ့ အလှအပတွေကို လာကြည့်တဲ့လူဖြစ်မှာပေါ့"

သူတို့ပြောဆိုနေကြစဉ် မြင်းဖြူကြီးမှာ တစ်စထက်တစ်စ နီးကပ်လာလေသည်။

"ဟင် ... မိန်းကလေးတစ်ယောက်ပါလား"

မှန်ပေသည်။ မြင်းဖြူကြီးအား ဒုန်းစိုင်းနှင်လာသူမှာ မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

မြင်းဖြူကြီးသည် ရှောင်အင်းတို့နှင့် မလှမ်းမကမ်းတွင် ရပ်တန့်သွား၏။

မိန်းကလေးသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလာ၏။ ရှောင်အင်းနှင့် လီချူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။ မိန်းကလေးသည် တစ်ခဏအတွင်းပင် သူတို့ရှေ့သို့

ရောက်လာကာ …

"လူယုတ်မာတွေ သေပေတော့"

အော်ငေါက်ကာ ခါးမှဓားကို ဆွဲထုတ်ရင်း တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လေသည်။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ရှောင်အင်းနှင့်လီချူးတို့ ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

"ဟေ့ … မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"မိန်းကလေး … ဘာဖြစ်လို့ တိုက်ခိုက်ရတာလဲ"

တစ်ယောက်တစ်ပေါက် အော်ဟစ်ကာ ကပျာကယာ ရှောင်တိမ်းလိုက်ကြလေသည်။

"ရှင်တို့ ထွက်မပြေးလို့ကော လွတ်မယ်ထင်သလား"

မိန်းကလေးက ပြင်းထန်စွာ လိုက်လံတိုက်ခိုက်လေသည်။

ရှောင်အင်းနှင့်လီချူးတို့၏အဓိကသွေးကြောနေရာများကို ဦးတည်တိုက်ခိုက်နေခြင်းဖြစ်ရာ သူမ၏ဓားချက်ထိသွားလျှင် သက်သာလိမ့်မည် မဟုတ်ချေ။

ရှောင်အင်းနှင့်လီချူးတို့ လူချင်းခွဲလိုက်ကြ၏။

ရှောင်အင်းက ဝဲဘက်သို့ ခုန်ထွက်လိုက်ပြီး လီချူးက ယာဘက်သို့ ခုန်ထွက်လိုက်သည်။ ထို့ကြောင့် မိန်းကလေးမှာ ရုတ်တရက် မည်သူ့အား လိုက်လံတိုက်ခိုက်ရမှန်း ဝေခွဲမရ ဖြစ်သွားပုံရလေ



သည်။ လီချူးသည် ရလာသည့်အခွင့်အရေးကို လက်လွတ်မခံဘဲ

"ဟေ့ … မင်း ဘာကြောင့် ငါတို့ကို တိုက်ခိုက်ရတာလဲ"

မိန်းကလေးက အံတင်းတင်းကြိတ်ကာ …

"လူယုတ်မာတွေ၊ ရှင်တို့ကြောင့် ကျွန်မအဖေ ဒုက္ခရောက်ရတာ၊ ကျွန်မက ကျေနပ်မယ်များ ထင်နေသလား"

ပြောရင်း လီချူးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ လီချူးသည် ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ နောက်ဆုတ် ရှောင်လိုက်၏။ မိန်းကလေးသည် လီချူးအား တိုက်ခိုက်၍ မရမှန်းသိလျှင် ကြောင်အမ်းအမ်းဖြင့် ငေးမောကြည့်နေသည့် ရှောင်အင်းဘက် လှည့်ကာ တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပြန်လေသည်။

ရှောင်အင်း ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်၏။

"အစ်ကိုလေး နောက်ဘက်မှာ ရေကန်ကြီးဗျ"

လီချူး၏အော်ဟစ်သတိပေးသံကြောင့် ရှောင်အင်း ကပျာကယာ လှမ်းကြည့်လိုက်သည်။

သူသည် နောက်ဆုတ် ရှောင်ထွက်လိုက်ရာ ရေကန်ထဲ ခုန်ဆင်းသလို ဖြစ်နေသည်ကို တွေ့ရသဖြင့် ရင်ထိတ်သွား၏။

ကမန်းကတန်းပင် ခြေနှစ်ဖက်ကို ကြာဖူးများပေါ်နင်းကာ ကိုယ်ဖော့ပညာဖြင့် ကမ်းစပ်ဆီသို့ ပြန်လည်ခုန်ထွက်လိုက်၏။

ရှောင်အင်း၏ကိုယ်ဖော့ပညာကို တွေ့မြင်လိုက်ရသည့်အခါ

မိန်းကလေးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"မိန်းကလေး ... ဘာဖြစ်လို့ ကျုပ်တို့ကို တိုက်ခိုက်ရ"

ရှောင်အင်း၏စကားမဆုံးမီ မိန်းကလေးသည် သတိဝင်လာဟန်ဖြင့် ...

"သေပေတော့"

အော်ငေါက်ကာ ရှောင်အင်းကို ဓားဖြင့် ထိုးချလိုက်၏။

"ဟေ့ ... မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ရှောင်အင်းမှာ နောက်ဆုတ်ရှောင်ရန် မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် မိန်းကလေး ထိုးသွင်းလိုက်သည့် ဓားဦးကို လက်ဝါးနှစ်ဖက်ဖြင့် ဖျပ်ခနဲ ညှပ်ကာ ဖမ်းဆီးထားလိုက်လေသည်။

"ဟင်"

မိန်းကလေး တအံ့တသြ ရေရွတ်လိုက်၏။

"လွှတ်စမ်း"

မြေပေါ် ခြေကန်ကာ ဓားကို ပြန်လည်ဆွဲယူလိုက်သည်။

ရှောင်အင်းက ...

"မင်းက ကျုပ်တို့ကို ထပ်ပြီး တိုက်ခိုက်ဦးမှာ၊ ဒါကြောင့် လွှတ်မပေးနိုင်ဘူး"

"ရှင် ... ရှင်"

"ဘာကြောင့် ကျုပ်တို့ကို တိုက်ခိုက်ရတာလဲ ပြောပါ"



မိန်းကလေးက ဒေါသတကြီး အော်ပြောလေသည်။

"ဘာကြောင့်လဲ ဟုတ်လား၊ ရှင်တို့ကြောင့် ကျွန်မအဖေကို လူယုတ်မာ သူဌေးလျှူရဲ့လူတွေ ဖမ်းသွားကြပြီရှင့်"

ရှောင်အင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

မိန်းကလေးက ...

"လူယုတ်မာကြီးဘက်က ရှင်တို့ ဝင်ကူခဲ့ကြတော့ ရှင်တို့လည်း လူယုတ်မာတွေပေါ့၊ ကျွန်မက ရှင်တို့ကို ရှင်းပြီးမှ သူဌေးလျှူဆီသွားပြီး ကျွန်မအဖေကို ကယ်မယ်"

"စိန်မင်းဟာ ခင်ဗျားအဖေလား"

လီချူး ဝင်မေးလေသည်။ မိန်းကလေးက ...

"ဟုတ်တယ်၊ ရှင်တို့ကြောင့် ကျွန်မအဖေ ဒုက္ခရောက်ရပြီ"

လီချူးက ရှောင်အင်းအား လှမ်းကြည့်လိုက်၏။

ရှောင်အင်းလည်း ငူငူကြီး ဖြစ်နေသည်။ မိန်းကလေးက

"သူဌေးလျှူဟာ ဆင်းရဲနွမ်းပါးသူတွေကို မတရား အမြတ်ယူတယ်၊ ဒုက္ခရောက်လို့ ပြန်မဆပ်နိုင်သေးတဲ့ လူတွေဆီက ပစ္စည်းတွေကို နိုင်ထက်စီးနင်း သိမ်းယူတယ်၊ သူတို့ မတရားတာတွေလုပ်နေလို့ ကျွန်မအဖေက အမြင်မတော်တာနဲ့ ဝင်ပြီး တားဆီးခဲ့တာရှင့်"

"ဟာ"

"တို့ မှားပြီပေါ့"

လီချူးနှင့်ရှောင်အင်းတို့ လွှတ်ခနဲ ရေရွတ်မိလိုက်ကြလေသည်။ မိန်းကလေးက ...

"ဘာအခုမှ မှားတာလဲ၊ ရှင်တို့ကြောင့် ကျွန်မအဖေ ဒုက္ခရောက်ရတော့မယ်၊ သေဖို့သာ ပြင်ပေတော့"

အော်ငေါက်ကာ ဓားကို အတင်းဆွဲယူလေသည်။ ရှောင်အင်းက လွှတ်မပေးရဲဘဲ ...

"မိန်းကလေး မတိုက်ခိုက်ပါနဲ့ဦး၊ ကျုပ် ရှင်းပြပါရစေဦးဗျာ"

ဟု လှမ်းပြောလိုက်လေသည်။

"မလိုချင်ဘူး၊ ရှင်တို့ကို သတ်ရမှ ကျွန်မ ကျေနပ်နိုင်မယ်"

သူမသည် ရှောင်အင်းအား တိုက်ခိုက်ရန် အပြင်းအထန် ကြိုးစားရာ ...

"ဖျောင်း"

ရုတ်တရက် သူမ၏ဓား ထက်ပိုင်းကျိုးသွားလေတော့သည်။ မိန်းကလေး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး မြေပေးဖင်ထိုင်လဲကျသွားလေသည်။

သူမသည် ထပ်မံတိုက်ခိုက်ရန် မကြိုးစားတော့ပါ။ မြေပေါ်တွင် ခြေဆောင့်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။



"အဟင့် ဟင့်"

ငိုရှိုက်သံများ အဆက်မပြတ် ထွက်ပေါ်လာ၏။

ရှောင်အင်းနှင့်လီချူးတို့မှာ မိန်းကလေးအား မျက်လုံးပြူး၍ကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မ ဖြစ်နေကြလေတော့သည်။

အတော်ကလေးကြာမှ ရှောင်အင်း သက်ဝင်လာပြီး ...

"မိန်းကလေး မငိုပါနဲ့တော့၊ ကျုပ်တို့ တောင်းပန်ပါတယ်"

ဟု ဖျောင်းဖျလိုက်လေသည်။ မိန်းကလေးက ...

"ရှင် တောင်းပန်လို့ရမလား၊ ရှင်တို့ကြောင့် ကျွန်မအဖေ ဒုက္ခရောက်ရတော့မယ်"

"စိတ်ချ ... ကျုပ် သူဌေးကြီးလျှူနဲ့ သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြပေးပါ့မယ်"

မိန်းကလေး ချက်ချင်း အငိုတိတ်သွားလေသည်။

"ရှင် ရှင် တကယ်ပြောတာလား"

"တကယ်ပေါ့၊ ညီမပြောတာ အမှန်ပဲဆိုရင် ညီမအဖေ ဘာမှမဖြစ်စေရဘူး၊ ကျုပ် တာဝန်ယူပါတယ်"

"ရှင် တာဝန်ယူတာက အကြောင်းမဟုတ်ဘူး၊ ခုလောက်ဆို ကျွန်မအဖေဟာ သူတို့နှိပ်စက်သမျှ ခံနေရပြီ"

"ဟာ ... ဒီလို မတရား မဖြစ်စေရပါဘူး၊ သူဌေးကြီးလျှူရဲ့ အိမ်ကို ညီမ သိလား"

"ဘာဖြစ်လို့မသိရမှာလဲ၊ လူတိုင်း သိနေကြတာပဲရှင်"

"ကောင်းပြီ၊ ကျုပ်တို့ သွားကြရအောင်"

မိန်းကလေး ချက်ချင်းပင် လူးလှိမ့်ထလိုက်သည်။

"ကျွန်မနောက်လိုက်ခဲ့"

သူမသည် မြင်းဖြူကြီးပေါ် ခုန်တက်ကာ ရှေ့မှ ဒုန်းစိုင်းနှင်၍ လမ်းပြခေါ်ဆောင်သွားသည်။ ရှောင်အင်းနှင့်လီချူးတို့လည်း မြင်းကိုယ်စီဖြင့် လိုက်ပါသွားကြ၏။

မကြာပါချေ။ မြို့ထဲသို့ ပြန်လည် ရောက်ရှိသွားကြ၏။

မိန်းကလေးသည် မြို့မယ်ရှိ ကြီးမားခန့်ညားသည့် အဆောက်အအုံကြီးတစ်လုံးရှေ့၌ မြင်းကိုရပ်ကာ လွှားခနဲ ခုန်ဆင်းလိုက်၏။

ရှောင်အင်းနှင့်လီချူးတို့ကလည်း ခုန်ဆင်းလိုက်ကြလေသည်။ သူတို့သုံးယောက် ရောက်ရှိလာကြသည်ကို မြင်လျှင် အဆောက်အအုံရှေ့၌ စောင့်ကြပ်နေသည့် အစောင့်အကြပ်များ ချက်ချင်းပင် ဟန့်တားကြလေသည်။

"ဟော့ ရပ်လိုက်ကြစမ်း"

မိန်းကလေးက ...

"ဘေးဖယ်စမ်း"

ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။



"မလုပ်နဲ့"

ရှောင်အင်းက ကပျာကယာ ဟန့်တားလိုက်ပြီး ...

"ကျုပ်တို့ သူဌေးကြီးလျူနဲ့ တွေ့ဖို့ လာခဲ့တာပါ၊ ကျေးဇူးပြုပြီး သွားပြောပေးပါ"

အစောင့်များသည် သူတို့သုံးယောက်အား အကဲခတ်ကြည့်နေကြ၏။ ထိုစဉ် ...

"ဆူဆူညံညံနဲ့ ဘာတွေဖြစ်နေကြတာလဲဟေ့"

စကားသံနှင့်အတူ အဆောက်အအုံအတွင်းမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် စိန်မင်းအား တိုက်ခိုက်ခဲ့သည့် သိုင်းသမားများ၏ခေါင်းဆောင်ဖြစ်သည်။ အမှန်တော့ ထိုလူမှာ သူဌေးကြီးလျူ၏ ညာလက်ရုံး စုဝမ်ချင်းဆိုသူ ဖြစ်လေသည်။

စုဝမ်ချင်းသည် ရှောင်အင်းနှင့်လီချူးတို့ကိုမြင်လျှင် ...

"ဟာ ... မိတ်ဆွေလေးတို့ ရောက်လာတာကိုး၊ ကြွပါဗျာ၊ ကျုပ်က ..."

ဝမ်းသာအားရ ဖိတ်ခေါ်ရန် ဟန်ပြင်ပြီးမှ မိန်းကလေးကို မြင်တွေ့သွားကာ ...

"ဟင် ... မင်း ... မင်း စိန်မင်းရဲ့သမီး စိန်ကျူး မဟုတ်လား"

"ဟုတ်တယ်"

စုဝမ်ချင်းသည် ရှောင်အင်းနှင့်လီချူးတို့အား နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။ ရှောင်အင်းက ...

"မိတ်ဆွေ သူဌေးကြီးလျှူနဲ့ တွေ့ပါရစေ"

စုဝမ်ချင်းသည် အကင်းပါးသူဖြစ်သည်။ ရှောင်အင်းတို့မှာ အဖြစ်မှန်ကို နားလည်သဘောပေါက်သွားကြသဖြင့် စိန်ကျူးနှင့် အတူ ရောက်လာခြင်းဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။ထို့ကြောင့်

"မိတ်ဆွေလေး သူဌေးကြီးလျှူ မအားပါဘူး၊ ဧည့်သည် တစ်ယောက်နဲ့ စကားပြောနေပါတယ်၊ ဒါကြောင့် ... မိတ်ဆွေ ပြောစရာရှိရင် ကျုပ်ကို ပြောပါဗျာ"

"ခင်ဗျားနဲ့ ပြောရင်ကော ပြီးမှာလားဗျ"

"ပြီးပါတယ်၊ ကျုပ်ဟာ သူဌေးကြီးလျှူရဲ့ ညာလက်ရုံးပါ။ ကဲ ... မိတ်ဆွေလေးမှာ ဘာကိစ္စရှိနေတယ်ဆိုတာ ပြောပါဗျာ"

ရှောင်အင်းက စိန်ကျူးအား ညွှန်ပြရင်း ...

"သူ့အဖေကို တွေ့ချင်လို့ပါ"

"ဩော် ... မိတ်ဆွေလေးက စိန်မင်းကို တွေ့ချင်တာကိုး"

"ဟုတ်ပါတယ်ဗျာ"

" သူ မရှိတော့ဘူးဗျ"

"ဘာ ... ဘယ်လို"



"မိတ်ဆွေလေးတို့ပဲ သူ့ကို တိုက်ခိုက်ပြီး ဖမ်းဆီးခဲ့ကြတယ် မဟုတ်လား"

လီချူး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ စိန်မင်းအား ဖမ်းဆီးပေးခဲ့သူမှာ သူပင်ဖြစ်သည် မဟုတ်ပါလား။ စုဝမ်ချင်းက ...

"မိတ်ဆွေလေး တိုက်ခိုက်လို့ရခဲ့တဲ့ ဒဏ်ရာနဲ့ပဲ စိန်မင်း သေဆုံးသွားပါပြီဗျာ"

"ဟာ"

"ဟင်"

ရှောင်အင်းနှင့် စိန်ကျူးတို့က လီချူးအား ကြည့်လိုက်ကြလေသည်။ လီချူး ကပျာကယာ လက်ကာပြလိုက်လေသည်။

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"စိန်မင်းဟာ မိတ်ဆွေလေးရဲ့ လက်ချက်နဲ့ ရခဲ့တဲ့ ဒဏ်ရာကြောင့် သေဆုံးသွားပါပြီ"

လီချူး ဒေါပွသွားသည်။

"ခင်ဗျား မဟုတ်တာ မပြောနဲ့၊ ကျုပ်ရဲ့ လက်ချက်ကြောင့် ဒဏ်ရာရသွားရင် နည်းနည်းပေါ့၊ သေသွားနိုင်လောက်တာ မဟုတ်ဘူးဗျ"

စိန်ကျူးက ...

"စုဝမ်ချင်း ... ရှင်ပြောတဲ့စကား ကျွန်မ မယုံဘူး၊ ဖေဖေ့ကို ရှင်တို့ သတ်ပစ်လိုက်ကြတာပဲ ဖြစ်မယ်"

ပြောပြောဆိုဆို စုဝမ်ချင်းထံ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

စုဝမ်ချင်းမှာ သတိကောင်းသူဖြစ်ရာ ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ စုဝမ်ချင်းကော စိန်ကျူးပါ နောက်သို့ ဆုတ်သွားကြရ၏။ ရှောင်အင်းက ...

"ရပ်လိုက်ကြပါ"

သူတို့နှစ်ယောက်ကြား ဝင်ရောက်တားဆီးလိုက်၏။

"ရှင် ဘေးဖယ်လိုက်ပါ၊ ဒီလူယုတ်မာတွေကို ကျွန်မ စာရင်းရှင်းရလိမ့်မယ်"

စိန်ကျူးက ပြောသည်။ ရှောင်အင်းက ...

"ညီမ ဒီကိစ္စကို အမှန်အတိုင်းဖြစ်အောင် ကျုပ် ဆောင်ရွက်ပေးပါ့မယ်၊ ခဏလောက်သည်းခံပြီး ငြိမ်ငြိမ်နေပါ"

စိန်ကျူးသည် ရှောင်အင်း၏စိတ်ထားကို ရိပ်မိသဖြင့် ဘာမှ မပြောဘဲ ငြိမ်နေလိုက်လေသည်။ ရှောင်အင်းက စုဝမ်ချင်းကိုကြည့်ကာ ...



"သူဌေးကြီးလျှူနဲ့ ကျုပ် တွေ့ပါရစေ"

"ဝမ်းနည်းပါတယ်ဗျာ၊ သူဌေးကြီးဟာ အရေးကြီးတဲ့ ဧည့်သည်နဲ့ တွေ့ဆုံနေတာမို့ မိတ်ဆွေလေးတို့ကို လက်ခံတွေ့ဆုံနိုင်မှာ မဟုတ်ပါဘူး"

"သူဌေးကြီးလျှူနဲ့ တွေ့ရမှ ဖြစ်ပါလိမ့်မယ်၊ ကဲ ... ခင်ဗျား လမ်းဖယ်ပေးပါ"

"မိတ်ဆွေလေး"

"ကျုပ် ထပ်မပြောချင်တော့ပါဘူး၊ ကျေးဇူးပြုပြီး လမ်းဖယ်ပေးပါ"

ရှောင်အင်းသည် အဆောက်အအုံတွင်းသို့ မဖြစ်မနေ ဝင်ရောက်ရန် ဆုံးဖြတ်ထားပြီးပြီဖြစ်ကြောင်း ထင်ရှားပေသည်။

စုဝမ်ချင်းက ...

"ကောင်းပြီလေ၊ ကျုပ်ကို ကျော်ဖြတ်သွားနိုင်တယ်ဆိုရင်တော့ ဝင်လို့ရပါလိမ့်မယ်"

"ခင်ဗျား သေချာတယ်နော်"

"သေချာပါတယ်ဗျာ"

"ကောင်းပြီ"

ရှောင်အင်းက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ လက်ဝှေ့ယမ်းလိုက်သည်။

'ဝှန်း'

ကျယ်လောင်သောအသံနှင့်အတူ စုဝမ်ချင်း၏ခန္ဓာကိုယ် အပေါ်မြောက်တက်သွားပြီး အဆောက်အအုံအတွင်းသို့ လွင့်စဉ်သွားလေတော့သည်။

❋

ရှောင်အင်း၊ လီချူးနှင့်စိန်ကျူးတို့သည် အဆောက်အအုံအတွင်းသို့ လှမ်းဝင်လိုက်ကြလေသည်။ ရုတ်တရက် ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။

အစောင့်အကြပ်များသည် လက်နက်ကိုယ်စီဆွဲကိုင်ကာ ရှောင်အင်းတို့အား တိုက်ခိုက်ရန် ပြေးဝင်လာကြလေသည်။

ရှောင်အင်း၊ လီချူးနှင့်စိန်ကျူးတို့က ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြ၏။ ထိုတဒင်္ဂအချိန်ကလေးအတွင်းမှာပင် ...

"ရပ်လိုက်စမ်း"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသဖြင့် အားလုံး လှမ်းကြည့်လိုက်ကြ၏။ ထိုအခါ အတွင်းဘက်မှ အဘိုးအိုတစ်ယောက်နှင့် အဖိုးတန် ပိုးဖဲအင်္ကျီ အဝတ်အစားများ ဝတ်ဆင်ထားသည့် လူဝကြီး ထွက်လာသည်ကို တွေ့မြင်ရလေသည်။ လူဝကြီးမှာ အဆောက်အအုံပိုင်ရှင် သူဌေးကြီးလျှုဖြစ်လေသည်။



"နောက်ဆုတ်လိုက်ကြစမ်း"

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသည့် အစောင့်အကြပ်များ ချက်ချင်း နောက်ဆုတ်သွားကြလေသည်။

ထိုအခါမှ ရှောင်အင်းနှင့်လီချူးတို့သည် သူဌေးကြီးလျှုနှင့် အတူပါလာသည့် အဘိုးအိုအား သတိပြုမိလိုက်ကြတော့၏။

ရှောင်အင်းကော လီချူးပါ မျက်လုံးပြူးသွားကြလေသည်။

"ဟင် ... ဘိုးဘိုး"

ရှောင်အင်း လွှတ်ခနဲ ခေါ်လိုက်၏။ လီချူးက ကြမ်းပြင်ပေါ် ချက်ချင်း ဒူးထောက်လိုက်သည်။

"သခင်ကြီး"

မှန်ပေသည်။ သူဌေးကြီးလျှုနှင့်အတူပါလာသည့် အဘိုးအိုမှာ နေလခြံဝင်းပိုင်ရှင် ရှောင်ဖွေးပင် ဖြစ်ပေတော့သည်။ ရှောင်ဖွေး ပြုံးလိုက်သည်။

"ငါ့မြေးက ဘိုးဘိုးကို တွေ့ရလို့ အံ့ဩသွားသလား"

"ဘိုးဘိုးက ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲဟင်"

"ဘိုးဘိုးက ကိစ္စလေးတစ်ခုရှိလို့ ထွက်လာခဲ့တာ၊ ငါ့မြေးနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်လာပြီး ဆုံတွေ့နေရတာကိုး"

ရှောင်အင်း မျက်မှောင်ကြုတ်သွားလေသည်။

"ငါ့အဘိုးဟာ တော်ရုံတန်ရုံ အကြောင်းကိစ္စနဲ့ ခြံဝင်းအပြင်

ဘက် ထွက်လေ့မရှိဘူး၊ ခုလိုထွက်လာတာဟာ တကယ်ပဲ အရေးကြီးတဲ့ကိစ္စ ရှိလို့လား၊ ဒါမှမဟုတ် ငါ့ကို စိတ်မချလို့ လိုက်လာတာများလား"

ဟု တွေးမိလေသည်။ ရှောင်ဖွေးက ...

"ငါ့မြေးလည်း ခုလောက်ဆို အတော်နှံ့နှံ့စပ်စပ် လည်ပတ်ပြီးလောက်ရောပေါ့"

ရှောင်အင်းက ချက်ချင်းပင် ...

"ဘိုးဘိုး ... ကျွန်တော် အခုမှ လည်ပတ်ဖို့ ကြံရုံရှိပါသေးတယ်"

"ဟေး ... ငါ့မြေးကလည်း လည်ပတ်ဖို့ ကြံရုံပဲ ရှိသေးတယ်ဟုတ်လား၊ ကောင်းကွာ၊ ဒါနဲ့ ငါ့မြေး ဒီကိုရောက်လာတာဟာ"

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ စိန်ကျူးအား ကြည့်လိုက်သည်။ စိန်ကျူးသည် ချောမောလှပသည့် မိန်းကလေးဖြစ်ပြီး ရှောင်အင်းနှင့်အရွယ်ချင်း မကွာလှပေ။

သူတို့နှစ်ယောက် အတူတကွ ရှိနေသည်သို့ မနှစ်မြို့ကြသည့် အသွင် ပေါ်လွင်နေသည်။ ရှောင်အင်းသည် အခွင့်အရေးရခိုက် လက်လွတ်မခံဘဲ ...

"ဘိုးဘိုး ... သူ့ရဲ့ဖေဖေ စိန်မင်းအတွက် ဖြေရှင်းဖို့ လာခဲ့တာပါ"



ဟု ပြောလိုက်လေသည်။ ရှောင်ဖွေးက ...

"စိန်မင်း ... ဟုတ်လား"

"ဟုတ်ပါတယ် ဘိုးဘိုး"

"နေစမ်းပါဦး ... ငါ့မြေးက စိန်မင်းအကြောင်း ဘယ်လောက်များ သိလို့လဲကွဲ့"

ရုတ်တရက် ရှောင်အင်းမှာ မည်သို့ပြန်လည်အဖြေပေးရမှန်းမသိ ဖြစ်သွားလေသည်။ ထိုအချိန်တွင် သူဌေးကြီးလျူက ...

"စိန်မင်းဟာ နေလခြံဝင်းကို ချေမှုန်းပစ်မယ်လို့ တစ်ချိန်လုံး ကြုံးဝါးနေသူပါ၊ ကျုပ်အကြွေးကို ပြန်မဆပ်ဘဲ နေတဲ့သူတွေဘက်ကနေ အားပေးအားမြှောက် ပြုလုပ်နေတဲ့လူပါ"

ထိုစကားကြားလျှင် စိန်ကျူး ဒေါသထွက်သွားကာ ...

"ရှင် မတရားမပြောနဲ့၊ ရှင်ဟာ ဆင်းရဲနွမ်းပါးသူတွေအပေါ် မတရားအမြတ်ကြီးစားနေတဲ့လူဆိုတာ လူတိုင်းသိတယ်၊ ကျွန်မဖေဖေဟာ ရှင့်ရဲ့ မတရားလုပ်ရပ်ကို လက်ပိုက်ကြည့်မနေနိုင်လို့ ဝင်ပြီးဆုံးမတာ ဘာဖြစ်သလဲ၊ နေလခြံဝင်းကြောင့် ကျွန်မဖေဖေ ဘယ်လောက်စိတ်ဆင်းရဲဒုက္ခရောက်ခဲ့ရသလဲဆိုတာ ရှင်သိသလား"

ရှောင်အင်း ရင်ထိတ်သွား၏။ စိန်မင်းနှင့်စိန်ကျူးတို့သည် နေလခြံဝင်းအပေါ် မကျေမနပ်ဖြစ်နေကြသူများဖြစ်ကြောင်း သိလိုက်ရ၏။

အဘယ်ကြောင့် ထိုသို့ မကျေမနပ် ဖြစ်ရသည်ကို သိလိုစိတ်များ ဖြစ်ပေးလာ၏။ စိန်ကျူးသည် ရှောင်အင်းဘက်လှည့်က

"ရှင်ဟာ နေလခြံဝင်းကလူ ဟုတ်သလား"

ရှောင်အင်း အဖြေမပေးနိုင်ဘဲ ငိုင်နေမိ၏။ ထိုစဉ် ရှောင်ဖွေး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ငါဟာ နေလခြံဝင်းပိုင်ရှင် ရှောင်ဖွေးပဲ၊ သူဟာ ငါ့မြေးရှောင်အင်းဖြစ်တယ်၊ ငါတို့ဟာ နေလခြံဝင်းရဲ့ အထင်ကရလူတွေဆိုတာ ဘယ်နေရာမှာဖြစ်ဖြစ်၊ ဘယ်အချိန်မှာဖြစ်ဖြစ် ပြောနိုင်တယ်"

စိန်ကျူး အံ့သြထိတ်လန့်သွားပုံရ၏။ သူမအား ကူညီရန်ကြိုးပမ်းသည့် ရှောင်အင်းနှင့် သူမ၏ဖခင် မကျေမနပ်ဖြစ်နေသည့် နေလခြံဝင်းမှ သခင်လေး ဖြစ်နေသည် မဟုတ်ပါလား။ ရှောင်ဖွေးက

"မိန်းကလေး … မင်းတို့ဟာ နေလခြံဝင်းနဲ့ ပတ်သက်ပြီး မကျေမနပ်ဖြစ်နေတယ်၊ ဘယ်လိုကိစ္စကို မကျေနပ်တာလဲ၊ ကျုပ်ရှေ့မှာ ပြောနိုင်တယ်၊ ရှင်းနိုင်တယ်"

သူ၏အသံ အနည်းငယ် ခက်ထန်နေပေတော့သည်။ စိန်ကျူး အံ့ကြိတ်လိုက်သည်။

"ရှင်တို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ရှင်တို့ အသိဆုံးပါ၊ ကျွန်မဖေဖေ ဘယ်မှာလဲ၊ ခုချက်ချင်း ထုတ်ပေးပါ၊ ဖေဖေက ရှင်တို့



မတရားလုပ်ခဲ့တာတွေကို ဖော်ပြောလိမ့်မယ်"

ရှောင်အင်းသည် အဘိုးဖြစ်သူနှင့်စိန်ကျူးတို့ အခြေအတင်ဖြစ်နေသည်ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိလေတော့သည်။ ထိုအချိန်တွင် သူဌေးကြီးလျူက …

"ဟေ့ မင်းအဖေကို တွေ့ချင်ရင် မြို့ပြင်သင်္ချိုင်းကို လိုက်သွား"

ဟု ဝင်ပြောလိုက်၏။ စိန်ကျူး ဒေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

"လူယုတ်မာကြီး သေပေတော့"

အော်ငေါက်ကာ သူဌေးကြီးလျူထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ ရှောင်အင်း ထိတ်လန့်သွား၏။

ရှောင်ဖွေးသည် သူ၏ရှေ့မှောက်၌ ယခုကဲ့သို့ တိုက်ခိုက်ခြင်းမှာ သူ့အား စော်ကားသည်ဟု ထင်မြင်ယူဆလိမ့်မည်ဖြစ်ကြောင်း နားလည်ထားလေသည်။

သည်းခံခွင့်လွှတ်မည်လည်း မဟုတ်ပါ။ စိန်ကျူးအတွက် စိုးရိမ်သွားပြီး …

"ညီမ မလုပ်နဲ့"

ဟု ဟန့်တားလိုက်လေသည်။ သို့သော် သူ၏တားဆီးမှုနောက်ကျသွားပြီ ဖြစ်လေသည်။ စိန်ကျူး ခုန်ဝင်သွားသည်နှင့် ရှောင်

ဖွေးက ...

"တော်တော်ရိုင်းတဲ့ ကောင်မလေးပါလား"

ပြောရင်း လက်ဝှေ့ယမ်းလိုက်၏။ လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး စိန်ကျူးထံ တိုးဝင်သွားရာ ...

'ဝုန်း'

စိန်ကျူးမှာ အနောက်ဘက်လွင့်စဉ်သွားပြီး ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားလေတော့သည်။ ရှောင်အင်း စိတ်ထိခိုက်သွားလေသည်။

စိန်ကျူးအား ပြေး၍ ဖေးမသင့်ပါသော်လည်း မျက်လုံးကြီးပြူးကာ ကြောင်၍ ကြည့်နေမိလေသည်။ စိန်ကျူးသည် ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလာသည်။ သူမ၏နှုတ်ခမ်းထောင့်၌ သွေးများ ယိုစီးကျနေ၏။ စိန်ကျူးက သူဌေးကြီးလျှူနှင့်ရှောင်ဖွေးတို့အား မုန်းတီးစက်ဆုပ်စွာကြည့်ရင်း ...

"ရှင်တို့နှစ်ယောက်ကို ကျွန်မ တစ်နေ့မှာ ပြန်ပြီး ကလဲ့စားချေမယ်ဆိုတာ မှတ်ထားပါ"

ထို့နောက် ကြမ်းပြင်ပေါ် ခြေဆောင့်ကာ အပြင်ဘက် ခုန်ထွက်လိုက်၏။ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့၏။

❋



စိန်ကျူး ထွက်သွားပြီး ဖြစ်လေသည်။ သူမ ထွက်ပြေးလွတ်မြောက်သွားသဖြင့် ရှောင်အင်း ဝမ်းသာနေလေသည်။

အမှန်အတိုင်းဆိုလျှင် သူ၏အဘိုးရှောင်ဖွေးသည် စိန်ကျူးအား တားဆီးထားနိုင်ပေသည်။ သို့သော် ရှောင်ဖွေးက တားဆီးခြင်းမပြုဘဲ လက်ပိုက်ကြည့်နေခဲ့၍သာ သူမ လွတ်မြောက်သွားရခြင်းဖြစ်ကြောင်း ရှောင်အင်း နားလည်မိလေသည်။

ရှောင်အင်းသည် ရှောင်ဖွေးကို လှမ်းကြည့်မိလိုက်လေသည်။ ထိုစဉ်မှာပင် သူဌေးကြီးလျှူက ...

"ဆရာကြီး ... ဒီကောင်မလေးဟာ တစ်နေ့ ဒုက္ခပေးလာနိုင်တယ်ဗျ"

ဟု ပြောလာလေသည်။ ရှောင်ဖွေး လက်ကာပြလိုက်သည်။ တစ်ဆက်တည်းပင် ရှောင်အင်းဘက်လှည့်ကာ ...

"ငါ့မြေးက အလည်အပတ် ခရီးထွက်မယ်ဆိုပြီး သိုင်းလောက အရှုပ်အထွေးတွေနဲ့ ဘယ်လိုလုပ် ပတ်သက်နေတာလဲကွဲ့"

ရှောင်အင်း သက်ပြင်းချလိုက်သည်။

"စိန်မင်းဆိုတဲ့လူ နေလခြံဝင်းကို ပုတ်ခတ်ပြောဆိုနေတာကြားလို့ ကျွန်တော် ဆုံးမခဲ့ပါတယ်၊ ဒါပေမဲ့ စိန်မင်းဟာ မတရားတဲ့ လုပ်ရပ်တွေကို ချေမှုန်းနေသူဆိုတာ သိရပြန်လို့ အဖြစ်မှန်ကို စုံစမ်းဖို့ လာခဲ့တာပါ ဘိုးဘိုး"

"ဘိုးဘိုး ပြောသားပဲ၊ သိုင်းလောကဟာ အင်မတန်ရှုပ်ထွေးပါတယ်လို့၊ ခုပဲကြည့်လေ ... ငါ့မြေး အေးအေးဆေးဆေး ခရီးသွားလို့ မရနိုင်ခဲ့ဘူး မဟုတ်လား၊ ကဲ ငါ့မြေး ... ဘာမှစဉ်းစားမနေနဲ့ အိမ်ကိုသာ ပြန်ပေတော့"

"ဟင်"

ရှောင်အင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ရှောင်ဖွေးက ...

"ငါ့မြေးရဲ့ ဘွားဘွားလည်း စိတ်ပူနေတယ်၊ အိမ်ပြန်တော့ ဟုတ်ပြီလား"

ရှောင်အင်းမှာ အိမ်မပြန်လိုသေးပါ။ သူ၏ရင်ထဲ၌ သူ မသိရသေးသည့် နေလခြိဝင်းနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကို စုံစမ်းဖော်ထုတ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ထို့ကြောင့် ...

"ဘိုးဘိုး ကျွန်တော် လုရန်မြို့ဘက်သွားပြီး လည်ပတ်ဖို့"

"ဟင် ငါ့မြေးက ဘိုးဘိုးစကားကို နားမထောင်ဘူးပေါ့၊ ဟုတ်လား"

"ကျွန်တော်"

ရှောင်ဖွေး မျက်နှာတည်သွားသည်။

"ကဲ ... ကဲ ... ငါ့မြေး အိမ်ပြန်ပေတော့၊ ဘိုးဘိုး နောက်က လိုက်လာခဲ့မယ် ဟုတ်ပြီလား"



ရှောင်အင်း ခေါင်းငိုက်စိုက်ကျသွားလေသည်။

"ကဲ ...ကဲ ... အိမ်ကို တန်းတန်းမတ်မတ် ပြန်ပေတော့"

ရှောင်အင်းသည် အဘိုးဖြစ်သူကို ဦးညွှတ်ပြီး အဆောက်အအုံအတွင်းမှ ထွက်လာခဲ့သည်။

ရှောင်အင်းသည် အရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုင်နေ၏။ ပင်ရင်းမှ အမြွာမြွာ ဖြာထွက်နေသည့် သစ်မြစ်များကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေလေသည်။ လီချူးက မလှမ်းမကမ်း၌ ထိုင်နေ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ ညနေဆည်းဆာအချိန်သို့ပင် ရောက်ရှိလာလေသည်။ လီချူး မနေနိုင်တော့ပါ။ ချောင်းတစ်ချက် ဟန့်လိုက်ပြီး–

"အစ်ကိုလေး ... ကျွန်တော်တို့ သွားကြရင်ကောင်းမယ်"

ရှောင်အင်းထံမှ သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာပြီး–

"ဗျာ"

"ဘယ်ကိုသွားမှာလဲလို့ မေးနေတာ"

"အစ်ကိုလေး ... သခင်ကြီးက ကျွန်တော်တို့ကို အိမ်ပြန်ခိုင်းလိုက်ပြီလေ"

ရှောင်အင်း ခေါင်းယမ်းလိုက်သည်။

"ငါ မပြန်ချင်သေးဘူး လီချူး"

"ဗျာ"

ရှောင်အင်းက ထိုသို့ပြောလာမည် မထင်သဖြင့် လီချူး တအံ့တသြ ဖြစ်သွားရသည်။

"ဟာ ဘယ်ဖြစ်မလဲ အစ်ကိုကြီးရ"

"မဖြစ်ဘူးဆိုတာ ငါလည်း သိတာပေါ့၊ ဒါပေမဲ့ … ခုချိန်မှာ အိမ်ပြန်သွားရမယ်ဆိုရင် တစ်သက်လုံး ငါ့စိတ်ထဲမှာ ယူကျုံးမရဖြစ်နေမိတော့မှာ အမှန်ပဲ"

လီချူး ခေါင်းကုပ်လိုက်သည်။

"အစ်ကိုလေး … ဘာတွေပြောနေတာလဲ၊ ကျွန်တော် နားမလည်နိုင်တော့ဘူးဗျ"

"လီချူး … မင်း ငါ့ကို မလိမ်နဲ့ မှန်မှန်ပြောစမ်း၊ ငါတို့ နေလခြံဝင်းက ထွက်မလာခင် ဘိုးဘိုးက မင်းကို ဘာမှာလိုက်သလဲ"

လီချူး မျက်နှာပျက်သွားလေသည်။ ရှောင်အင်းနှင့် မျက်နှာချင်း မဆိုင်ဝံ့ဘဲ ခေါင်းငုံ့ထားလိုက်ပြီး …

"အစ်ကိုလေး ဘယ်သွားမယ် ဘာလုပ်မယ်ဆိုတာ သတင်းပို့ရမယ်လို့ မှာလိုက်ပါတယ် အစ်ကိုလေး"

"ကောင်းကွာ၊ ငါက ကျောက်ဖြူဘုံကျောင်းရှေ့မှာ မြင်း



သူခိုးတွေကို သွေးကြောပိတ်ထားတာ တွေ့ရကတည်းက သက်လာမကောင်းဖြစ်နေတာ၊ စောင့်ကြည့်ကူညီနေတယ်ဆိုတာ ငါ ရိပ်မိခဲ့တယ်၊ ဘယ်သူက ခုလို ကူညီမှာလဲ၊ ငါ ဒုက္ခမရောက်စေချင်တဲ့သူပဲ မဟုတ်လား"

ရှောင်အင်း အမိမှာယ်ပါပါ ပြုံးရင်း ဆက်ပြောလိုက်လေ၏။

"နေလခြံဝင်းကနေ ငါ ထွက်လာတာကြောင့် အစိုးရိမ်ဆုံးဖြစ်နေတာက ငါ့ရဲ့ အဘိုးနဲ့ အဘွားပဲ၊ ကောင်းပြီ … မြင်းသူခိုးကို မင်း သွေးကြောဖွင့်ပေးလိုက်တာဟာ သွေးကြောပိတ်ပုံ ပိတ်နည်းကို ငါ မသိစေချင်လို့ပဲ မဟုတ်လား"

သွေးကြောပိတ်ပုံ ပိတ်နည်းကို ကြည့်ရုံဖြင့် နေလခြံဝင်းမှ သွေးကြောပိတ်ပညာဖြစ်ကြောင်း ရှောင်အင်း ခွဲခြမ်း သိသွားမည်ကို စိုးရိမ်ကာ လီချူးက လက်ဦးအောင် သွေးကြောဖွင့်ပေးခဲ့ခြင်း ဖြစ်လေသည်။

"လီချူး … နေလခြံဝင်းဟာ သိုင်းလောကတစ်ခုလုံးရဲ့ ရိုသေလေးစားမှုကို ခံရတယ်လို့ ငါတို့ ယုံကြည်ခဲ့တယ်၊ ခုတော့ … ငါထင်သလို မဟုတ်ဘဲ မကျေနပ်တဲ့လူတွေ ရှိနေတယ်ဆိုတာ သိရပြီ၊ မင်း ဘာပြောချင်သေးသလဲ"

လီချူး ခေါင်းညိတ်လိုက်သည်။

"အစ်ကိုလေးပြောတာ မှန်ပါတယ်"

"ဒီအချက်ကို ဘိုးဘိုးလည်း သိထားတယ် မဟုတ်လား"

"သိနိုင်ပါတယ်"

"ဒါကြောင့် ... သူက စိတ်မချဘဲ ငါ့နောက် တကောက်ကောက် လိုက်နေတာ မဟုတ်လား"

"ဟုတ်ပါတယ် သခင်လေး၊ သခင်ကြီးဟာ သခင်လေးကို သိပ်ချစ်တော့ တစ်စုံတစ်ခု ဖြစ်သွားမှာကို စိုးရိမ်နေပါတယ်"

"ထားပါတော့လေ၊ နေလမြို့ဝင်းအပေါ်မှာ မကျေမနပ် ဖြစ်နေကြတယ်ဆိုတာ ငါသိသွားမှာကို ဘိုးဘိုးက စိုးရိမ်နေတယ် မဟုတ်လား"

လီချူး ပါးစပ်ပိတ်ထားလိုက်လေသည်။

"လီချူး ဒီကိစ္စကို ငါဖော်ထုတ်မယ်လို့ ဆုံးဖြတ်ပြီးပြီကွ"

လီချူး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"လီချူး ... စိန်မင်းတို့သားအဖရဲ့ကိစ္စကို ကြည့်၊ မင်းဟာ နေလခြံဝင်းအပေါ် မကျေနပ်တာက တစ်ပိုင်း၊ သူဌေးကြီးလျှုရဲ့ မတရားလုပ်ရပ်ကို ရင်ဆိုင်ခဲ့တာက တစ်ပိုင်း မဟုတ်လား၊ သူဌေးကြီးလျှု မတရားလုပ်တယ်ဆိုတာ ထင်ရှားနေတယ်၊ ငါပြောတာ မင်းလက်ခံရဲ့လား"

"ကျွန်တော် လက်ခံပါတယ် သခင်လေး"

"အေး ... သူဌေးလျှုဟာ လူယုတ်မာတစ်ယောက်ဆိုရင် မင်း သူ့ရဲ့အပေါင်းအသင်း လုပ်ဝံ့ပါ့မလား"



"ဟာ ... ဒီလိုလူမျိုးကို ဝေးဝေးရှောင်မှာပေါ့"

"ဒါဖြင့် ဘိုးဘိုးက ဘာကြောင့် သူနဲ့မိတ်ဆွေဖြစ်နေတာလဲ"

လီချူးက ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ရှောင်အင်းက ဆက်ပြောလိုက်၏။

"ငါတို့ မသိရသေးတဲ့ လျှို့ဝှက်ချက်တွေ အများကြီး ရှိနေဦးမယ်၊ ဒါကြောင့် ငါတို့ စုံစမ်းဖော်ထုတ်ရလိမ့်မယ်"

"သခင်လေး ... ကျွန်တော်တို့ အေးအေးဆေးဆေး အိမ်ပြန်သွားကြတာပဲ ကောင်းလိမ့်မယ်"

ရှောင်အင်းက ပြုံးလိုက်သည်။

"မင်း အိမ်ပြန်ချင်တယ်ပေါ့"

"ပြန်ချင်ပါတယ် အစ်ကိုလေး"

"ကောင်းပြီ၊ မင်းသွားတော့"

"ဗျာ"

"မင်း ပြန်တော့လေ"

လီချူး မျက်လုံးပြူးသွားသည်။

"အစ်ကိုလေးကကော"

"ငါမှ မပြန်ချင်သေးတာ"

"ဟာ ... ဒါဆို သခင်ကြီး ဆူမှာပေါ့"

ရှောင်အင်း ဘာမှမပြောဘဲ နေလိုက်၏။ လီချူးက ...

"အစ်ကိုလေး သိုင်းလောကဟာ ရှုပ်ထွေးလှပါတယ်၊ ကျွန်တော်တို့ အိမ်ပြန်ကြတာ အကောင်းဆုံးပါပဲ၊ နေလခြံဝင်းထဲမှာ လိုလေသေးမရှိ ပြည့်စုံနေတာပဲ မဟုတ်လား"

"ငါက ထင်ရာစိုင်းချင်လို့ ခုလိုပြောနေတာ မဟုတ်ပါဘူးကွာ၊ နေလခြံဝင်းအတွက် ဂုဏ်သိက္ခာထိနိုက်စရာကိစ္စတွေ ရှိနေတယ်ဆိုရင် စုံစမ်းဖော်ထုတ်ပြီး အမှန်အတိုင်းဖြစ်အောင် ဖြေရှင်းပေးချင်တဲ့ ဆန္ဒကြောင့်ပါ"

လီချူးသည် ရှောင်အင်းအား ငေးကြည့်နေမိလေတော့သည်။ ရှောင်အင်းက ...

"ကဲ ... မင်းပြန်တော့"

"ဟာ ... ကျွန်တော် ပြန်လို့ ဘယ်ဖြစ်ပါ့မလဲ၊ အစ်ကိုလေး မပါဘဲ ပြန်သွားရင် ဆရာကြီးက အပြစ်ပေးမှာပေါ့"

"မင်းမပြန်ဘဲ ငါနဲ့ လိုက်မယ်ဆိုရင်ကော အပြစ်ပေးမခံရတော့ဘူးလား"

"ဒါတော့ ... အစ်ကိုလေးရှိနေရင် နည်းနည်းသက်သာနိုင်တာပေါ့"

လီချူး၏စကားကြောင့် ရှောင်အင်း ပြုံးလိုက်လေသည်။ လီချူးက ...



"အစ်ကိုလေး ... မပြန်ဘူးဆိုရင် ကျွန်တော့်ကိုလည်း မောင်းမထုတ်ပါနဲ့၊ ကျွန်တော်လည်း အစ်ကိုလေးနောက် လိုက်ခဲ့မယ်"

"ဘာလဲ ... ငါဘယ်သွားတယ်၊ ဘာတွေလုပ်နေတယ်ဆိုတာ ဘိုးဘိုးဆီကို တိတ်တဆိတ် သတင်းပို့ဖို့လား"

"ဟာ ... မဟုတ်ရပါဘူးဗျာ"

"ဒါဖြင့် ခုချိန်ကစပြီး ငါ့စကားကို တစ်သဝေမတိမ်း နားထောင်ရလိမ့်မယ်"

"အစ်ကိုလေးကလည်း အစ်ကိုလေးစကားကို ကျွန်တော် ဘယ်တုန်းက နားမထောင်ဘဲ နေဖူးလို့လဲ"

"ကောင်းပြီ၊ ကဲ ... လာခဲ့"

ပြောပြောဆိုဆို ရှောင်အင်းက ထိုင်ရာမှ ထလိုက်၏။

"အစ်ကိုလေး ... ဘယ်သွားမလို့လဲ"

"လာစမ်းပါ"

ရှောင်အင်းက မြင်းပေါ် ခုန်တက်လိုက်သဖြင့် လီချူးလည်း မြင်းပေါ် ကပျာကယာ ခုန်တက်လိုက်ရ၏။

ထို့နောက် နှစ်ယောက်သား ဒုန်းစိုင်း ထွက်ခွာသွားလေတော့၏။

❋ ❋ ❋

## တံငါသည်

ရှောင်အင်းနှင့်လီချူးတို့သည် သာယာလှပသည့် ညနေခင်းအချိန်ဝယ် စိန်ကျူးနှင့်တွေ့ဆုံခဲ့သည့် မြို့ကလေးသို့ ပြန်လည်ရောက်ရှိလာကြလေသည်။

သူတို့သည် မြို့ထဲသို့ရောက်သည်နှင့် တောင်းရမ်းစားသောက်သူများ ကျင်လည်ကျက်စားလေ့ရှိသည့် ဈေးကလေးဆီသို့ ဦးတည်သွားကြလေသည်။

ရှောင်အင်းက ဈေးနှင့်မလှမ်းမကမ်းရှိ လမ်းဘေးတစ်နေရာ၌ ရပ်စောင့်နေလိုက်၏။ လီချူးသည် ဈေးအတွင်းသို့ ခပ်သုတ်သုတ် ဝင်သွားသည်။ သူ ပြန်ထွက်လာသည့်အခါ သူတောင်းစားနှစ်ယောက် လိုက်ပါလာကြ၏။

"အစ်ကိုလေးခိုင်းတဲ့အတိုင်း ကျွန်တော်တော့ ခေါ်လာခဲ့ပြီ"

ရှောင်အင်း သဘောကျသွားသည်။

သူတောင်းစားနှစ်ယောက်ကိုကြည့်ကာ ...

"ခင်ဗျားတို့ကို အဝတ်အစားလဲပေးမယ်၊ ငွေလည်း ပေးမယ်၊ မြင်းလည်း ပေးမယ်၊ ခင်ဗျားတို့ ယူမလား"

သူတောင်းစားနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ယူမယ်၊ ယူမယ်"

"ကောင်းပြီ၊ ကျုပ်ရဲ့အဝတ်အစားတွေကို ဝတ်ရမယ်၊ ပြီးတော့ ... ကျုပ်တို့ရဲ့ မြင်းကိုစီးပြီး မြို့ရဲ့အရှေ့ဘက် စူးစူးသို့ ထွက်သွားရမယ်"

သူတောင်းစားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ လျှို့ဝှက်သည့်ကိစ္စတစ်ခုကြောင့် ပုံများရိုက်ရန် သူတို့အား အသုံးချလိုက်မှန်း ရိပ်မိနေကြ၏။

အန္တရာယ်ရှိနိုင်သည်ဟု တွက်ဆမိကြသော်လည်း ရမည့်ပစ္စည်းများမှာ မက်စရာကောင်းနေသဖြင့် ...

"ကျုပ်တို့ သဘောတူတယ်"

ရှောင်အင်း ကျေနပ်သွား၏။ လီချူးက ခရီးဆောင်အိတ်ထဲမှ အဝတ်အစားများ ထုတ်ကာ သူတောင်းစားနှစ်ယောက်အား ဝတ်ခိုင်းလိုက်သည်။ ထို့နောက် ငွေအနည်းငယ်နှင့် မြင်းနှစ်ကောင်ကို ပေးလိုက်သည်။

"ကဲ ... သွားကြပေတော့"

သူတောင်းစားနှစ်ယောက် ဝမ်းသာသွားကြသည်။ အဘယ်ကြောင့် ယခုလိုပေးပြီး ခိုင်းသည်ကိုပင် မမေးကြတော့ဘဲ

မြင်းဒုန်းစိုင်းစီးကာ ထွက်သွားကြလေသည်။

"ဟား ဟား ဟား ... အပေးကကြည့်ရင် ကျွန်တော်တို့ နှစ်ယောက် မြင်းစီးသွားကြတယ်လို့ ထင်မှာပဲ၊ သူတို့သာ နေလခြံဝင်းကို ရောက်သွားရင် ဘာတွေဖြစ်လာမယ် မပြောနိုင်ဘူး"

လီချူးက တဟားဟားရယ်ရင်း ပြောသည်။ ရှောင်အင်းက

"သူတို့က ငါတို့ခိုင်းတဲ့အတိုင်း လုပ်လိုက်မယ်များ ထင်နေလို့လား"

"ဟင် ... အစ်ကိုလေးက"

"ငါတို့မျက်စိရှေ့လည်း ပျောက်သွားရော သူတို့သွားချင်ရာ သွားကြမှာကွ၊ သူတို့ ဒီလောက်တောင် အ,ပါ့မလား"

"ဒါဆိုရင် ကျွန်တော်တို့ ပစ္စည်းတွေ ဆုံးပြီပေါ့"

"ကိစ္စမရှိပါဘူးကွာ၊ ဒီမြို့တစ်ဝိုက်မှာ သူတို့သွားလာ လှုပ်ရှားကြတာ မြင်တဲ့လူရှိရင် လုံလောက်ပါပြီ"

လီချူး ပါးစပ်ပိတ်ထားလိုက်လေသည်။

"ကဲ ... တို့ သွားကြစို့"

ရှောင်အင်းက ပြောပြောဆိုဆို ချာခနဲလှည့်ထွက်သွားလေသည်။ လီချူး မနေဝံ့တော့ဘဲ နောက်မှ ပြေးလိုက်သွား၏။

နေခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု လွှမ်းမိုးသွား၏။ မြို့ကလေး၌ အိမ်တိုင်းလိုလို မီးထွန်းညှိထားကြပြီး ဖြစ်လေ



သည်။ သူဌေးကြီးလျူ၏အဆောက်အအုံကြီး၌ မီးရောင်ထိန်ထိန် ညီအောင် ထွန်းညှိထားလေသည်။ အဆောက်အအုံရှေ့၌ အစောင့် နှစ်ယောက် စောင့်ကြည့်နေပါ၏။ ရှောင်အင်းနှင့်လီချူးတို့သည် အဆောက်အအုံနှင့် မလှမ်း မကမ်းသို့ ရောက်ရှိလာကြလေသည်။ ရှောင်အင်းက အတန်ကြာ အကဲခတ်ကြည့်လိုက်ပြီးမှ ...

"သူဌေးကြီးလျူနဲ့ တွေ့မှဖြစ်မယ်"

လီချူး မျက်လုံးပြူးသွားသည်။

"အစ်ကိုလေး ဘာလုပ်မလို့လဲ"

"မင်းသိရမှာပေါ့ကွာ၊ လာ ... သွားကြစို့၊ ဟိုဘက် ပြတင်းပေါက်ကနေ အဆောက်အအုံထဲကို ဝင်ကြမယ်"

ပြောပြောဆိုဆို ရှောင်အင်းက ပြေးထွက်သွားလေသည်။

လီချူးလည်း မနေနိုင်တော့ဘဲ ပြေးလိုက်သွား၏။ သူတို့ နှစ်ယောက် အဆောက်အအုံဆီသို့ ပြေးသွားနေ ကြစဉ်မှာပင် ...

'ဝုန်း' ... "အား" ... "အမယ်လေး"

ရူးရူးကျယ်လောင်သော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အဆောက်အအုံကြီးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ မီးရောင်များ ဟုတ်ခနဲ ဟုတ်ခနဲငြိမ်းကာ တစ်ခဏအတွင်းမှာပင် အဆောက်အအုံကြီးတစ်ခုလုံး မှောင်အတိကျသွားသည်ကို တွေ့မြင်ရလေသည်။

ရှောင်အင်းနှင့်လီချူးတို့ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ခြေလှမ်းတုံ့ခနဲ ရပ်လိုက်ကြလေသည်။

"ဘာဖြစ်တာပါလိမ့်"

ရှောင်အင်း တအံ့တသြ ရေရွတ်မိလေသည်။ လီချူးက အဆောက်အအုံကြီးဆီသို့ မျက်လုံးအပြူးသားဖြင့် ငေးကြည့်နေလေသည်။ အော်ဟစ်သံများ တိတ်ဆိတ်ကွယ် ပျောက်သွား၏။ မီးရောင်ကား ပြန်လည်ထွက်ပေါ်လာခြင်း မရှိတော့ချေ။

ရှောင်အင်း၏ရင်ထဲ တင်းကျပ်လာသည်။

"ဒုက္ခပဲ စိန်ကျူးအကြောင်း ဘာမှစုံစမ်းလို့ရမှာမဟုတ်တော့ဘူး ထင်တယ်"

ဟု ညည်းညူလိုက်လေသည်။ လီချူးက ...

"ဟင် ... အစ်ကိုလေးက စိန်ကျူးအကြောင်း စုံစမ်းဖို့ သူဌေးကြီးလျှူရဲ့အိမ်ကို လာခဲ့တာ ဟုတ်လား။ ဘာဆိုင်လို့လဲ အစ်ကိုလေးရဲ့"

"ဆိုင်တာပေါ့။ စိန်ကျူးဟာ ဘိုးဘိုးရဲ့လက်ချက်ကြောင့် ဒဏ်ရာရသွားတာ၊ မင်း မတွေ့ဘူးလား"

"သူက ထွက်ပြေးသွားပြီ မဟုတ်လား"

လီချူး စောဒက တက်လိုက်လေသည်။ ရှောင်အင်းက ...

"သူထွက်ပြေးသွားပေမယ့် သူဌေးကြီးလျှူရဲ့လူတွေ အလွတ်ပေးမယ် ထင်လို့လား"



"ဒါက"

"သူဌေးကြီးလျှူဟာ စိန်မင်းကိုရော စိန်ကျူးကိုပါ ဖမ်းဆီးထားမယ်လို့ ငါထင်တယ်"

လီချူးက သူဌေးကြီးလျှူ၏အဆောက်အအုံဆီသို့ လှမ်းကြည့်လိုက်သည်။

ရုတ်တရက် သူ၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

"အစ်ကိုလေး ... ဟိုမှာကြည့်လိုက်စမ်းပါဦး"

ရှောင်အင်း လှမ်းကြည့်လိုက်၏။ ထိုအခါ အဆောက်အအုံအတွင်းမှ လူရိပ်များ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ရှောင်အင်း မနေနိုင်တော့ချေ။

"ငါတို့ လိုက်ကြည့်ကြရအောင်"

ပြောပြီး ခပ်သွက်သွက် ပြေးထွက်သွား၏။

"ကျွန်တော့်ကို စောင့်ပါဦး"

လီချူးက နောက်မှ ဒရောသောပါး ပြေးလိုက်သွားလေသည်။

❋

အရှေ့ဘက်ဆီမှ ရောင်နီများ ထွက်ပေါ်လာသည်။ တစ်ည

တာလွန်မြောက်ကာ နေ့တစ်နေ့ အစပျိုးနေပြီ ဖြစ်သည်။

"ဝါး"

လီချူးသည် ဝါးခနဲ သမ်းဝေကာ သစ်ပင်ကြီးတစ်ပင်ကို ကျောမှီကာ အိပ်စက်နေမိခဲ့သည့်အဖြစ်ကို သတိပြုမိလိုက်လေ၏။

"ဟိုက် ... ဘယ်လိုဖြစ်တာပါလိမ့်"

အလန့်တကြား ထခုန်ပြီး ပတ်ဝန်းကျင်ကို ကပျာကယာ အကဲခတ်ကြည့်လိုက်သည်။ တောအုပ်တစ်ခုအတွင်း ရောက်နေကြောင်း သိလိုက်ရသည်။

လီချူးသည် လွှတ်ခနဲအော်ရန် ဟန်ပြင်ပြီးမှ ညက အဖြစ်အပျက်ကို ပြန်လည်အမှတ်ရလာသဖြင့် အချိန်မီ ပါးစပ်ပိတ်ထားနိုင်ခဲ့လေသည်။

ညဦးပိုင်းက သူတို့သည် သူဌေးကြီးလျှူ၏အိမ်မှ ထွက်ပြေးသွားသည့် လူရိပ်များနောက်သို့ တိတ်တဆိတ် လိုက်ခဲ့ကြလေသည်။

ထိုလူများသည် မှောင်ရိပ်များ အကာအကွယ်ယူကာ မြို့ပြင်သို့ ထွက်သွားကြ၏။ သူတို့က နောက်မှလိုက်ရင်း တောအုပ်တစ်ခုသို့အရောက်တွင် မျက်ခြည်ပြတ်သွားခဲ့ပေသည်။

တောအုပ်ထဲ၌ လိုက်လံရှာဖွေရင်း ညဥ့်နက်သည့်တိုင် မတွေ့နိုင်တော့သည့်အဆုံး မြို့ကလေးဆီသို့ မပြန်တော့ဘဲ တောအုပ်ထဲမှာပင် အိပ်စက်အနားယူခဲ့ကြခြင်း ဖြစ်ပေသည်။



လီချူးသည် တွေးတောစဉ်းစားရင်း ရှောင်အင်းကို သတိရလာသဖြင့် ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်ပြန်သည်။ ရှောင်အင်းအား လုံးဝမတွေ့ရချေ။

"ဟိုက် ... အစ်ကိုလေး ဘယ်ရောက်သွားပါလိမ့်"

လီချူး မနေနိုင်တော့ပါ။ ရှောင်အင်းအား လိုက်လံရှာဖွေရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် ...

ရှေ့ဘက်တည့်တည့်မှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ လီချူး ရင်ထိတ်သွား၏။

"ဘယ်သူလဲ"

သူ၏စကားသံနှင့် မရှေးမနှောင်းပင် ...

"ငါပါကွ"

သစ်ပင်များကြားမှ ထွက်လာသည့် ရှောင်အင်းကို တွေ့မြင်လိုက်ရလေသည်။

"တော်ပါသေးရဲ့၊ ကျွန်တော်က အစ်ကိုလေးကို လိုက်ရှာတော့မလို့"

"မင်းက ငါ့ကို စိတ်မချဘူးပေါ့၊ ကောင်းကွာ၊ အိပ်လိုက်တာများ ပြောတောင် မပြောချင်ဘူး"

လီချူး ရယ်မောလိုက်သည်။ ရှောင်အင်းက ...

"မင်းလည်း ဗိုက်ဆာနေရောပေါ့၊ ရော့ .... စားလိုက်ဦး"

ပြောပြောဆိုဆို အထုပ်ကလေးတစ်ထုပ် ပစ်ပေးလေသည်။ လီချူး ဖျပ်ခနဲ ဖမ်းယူကာ ဖွင့်ကြည့်လိုက်သည်။

"ဟမ် ... ပေါက်စီတွေပါလား"

"ဟုတ်တယ်၊ ဘာလဲ ... မင်းက မစားချင်ဘူးလား"

"မစားချင်လို့ မဟုတ်ပါဘူး အစ်ကိုလေးရဲ့၊ တောထဲတောင်ထဲမှာ ပေါက်စီဆိုင် ဘယ်သူက လာဖွင့်ထားသလဲဆိုတာ အံ့ဩမိလို့ပါ"

"ဘယ်သူကလာဖွင့်မှာလဲ၊ မင်း ရူးနေသလား၊ ဒါ မြို့ထဲက ဝယ်လာခဲ့တာကွ"

"ဟင် ... ဒါဆို အစ်ကိုလေး မြို့ထဲကို တစ်ခေါက်ရောက်ခဲ့ပြီပေါ့"

"အေးလေ ... ငါထင်တဲ့အတိုင်းပဲ၊ ညက သူဌေးကြီးလျှု အသတ်ခံလိုက်ရတယ်ကွ"

"ဗျာ"

လီချူးမှာ ပေါက်စီးကိုစားရန် ဟန်ပြင်ပြီးမှ မစားနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"သူဌေးကြီးလျှုနဲ့ စုဝမ်ချင်းအပါအဝင် လူဆယ်ယောက်လောက် အသတ်ခံလိုက်ရတယ်"

"တရားခံက ဘယ်သူလဲ"



"မသိဘူး"

"ကျွန်တော်တို့ ညက တွေ့ခဲ့ကြတဲ့လူတွေပဲ ဖြစ်လိမ့်မယ်"

"မင်း မဆိုးဘူး"

လီချူး အနည်းငယ်တွေးတောစဉ်းစားလိုက်ပြီး ...

"အစ်ကိုလေး ... သူဌေးကြီးလျှုဟာ လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူးဆိုပေမယ့် သူဟာ သခင်ကြီးနဲ့ ရင်းနှီးကျွမ်းဝင်နေတယ်၊ ခုလိုဖြစ်သွားတာသိရင် သခင်ကြီး လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

ရှောင်အင်း၏မျက်နှာတွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။ လီချူးက ...

"သူဌေးကြီးလျှုကို သုတ်သင်ပစ်လိုက်တဲ့လူတွေဟာ စိန်ကျူးဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်နေမှာ သေချာတယ်"

ရှောင်အင်း သက်ပြင်းချလိုက်လေသည်။

"အမှန်တရားပေါ်ပေါက်မလာဘူးဆိုရင် ဝမ်းနည်းစရာတွေ ဖြစ်ကုန်လိမ့်မယ်၊ ငါတို့ ဖြေရှင်းပေးဖို့ တာဝန်ရှိနေပြီ"

"အစ်ကိုလေး ...သခင်ကြီးက သဘောကျမှာမဟုတ်ဘူးဗျ"

ရှောင်အင်းက မကြားချင်ဟန်ဆောင်နေလိုက်လေသည်။

လီချူးက ...

"ညတုန်းက ဒီလူတွေ ဒီတောအုပ်ထဲမှာပဲ ပျောက်သွား

ကြတာ"

ရှောင်အင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟုတ်တယ်၊ သူတို့ကို တွေ့အောင်ရှာမှဖြစ်မယ်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ...

"ကျုပ်တို့ကလည်း ထွက်မပြေးပါဘူးဗျာ"

ရုတ်တရက် ထွက်ပေါ်လာသည့် စကားသံကြောင့် ရှောင်အင်းနှင့်လီချူးတို့ ချာခနဲ လှည့်ကြည့်လိုက်ကြလေသည်။

✲

သစ်ပင်အောက်၌ လူတစ်ယောက် ရပ်နေသည်။ ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိသူ ဖြစ်သည်။

ဦးခေါင်းပေါ်၌ ခမောက်တစ်လုံး ဆောင်းထားပြီး လက်ထဲ၌ ငါးမျှားတံတစ်ချောင်းကိုင်ထား၏။ ထိုလူသည် ရှောင်အင်းနှင့် လီချူးတို့အား စိုက်ကြည့်နေသည်။ လီချူးက ...

"သူဌေးကြီးလျူကို သတ်တာ ခင်ဗျားလား"

"စိန်မင်းကို တိုက်ခိုက်ခဲ့တာကော မင်းမဟုတ်လား"

ထိုလူက ပြန်မေးလေသည်။ လီချူးက ...

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က စိန်မင်းအကြောင်းကို သေသေချာချာမသိသေးလို့ တိုက်ခိုက်မိတာပါဗျာ"



"ဟား ... ဟား ... ဟား ... တော်တော်ရယ်စရာကောင်းတဲ့ ဆင်ခြေပဲ"

"ကျုပ်က ဆင်ခြင်ပေးတာ မဟုတ်ဘူး၊ အမှန်အတိုင်း ပြောနေတာဗျ"

"မင်းတို့နှစ်ယောက် နေလခြံဝင်းက မဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျား ဘာကြောင့် သူဌေးကြီးလျူကို သတ်လိုက်ရတာလဲ ပြောပါ"

ရှောင်အင်းက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ တံငါသည်က

"သူဌေးလျူက ထင်ရာစိုင်းနေတာကြာပြီ၊ နေလခြံဝင်းကို ကျောထောက်နောက်ခံလုပ်ပြီး လက်မထောင်နေတာ၊ ညီလေး စိန်မင်းကို ဒုက္ခပေးတော့ သူသေရတာပေါ့"

"လက်စသတ်တော့ ခင်ဗျားက စိန်မင်းနဲ့ ပတ်သက်ပြီး မကျေမနပ်ဖြစ်နေတာကိုး"

"နေလခြံဝင်းလည်း ပါသေးတယ်ကွ"

"နေပါဦး ခင်ဗျားက နေလခြံဝင်းကို ဘာကြောင့် မကျေနပ်ဖြစ်နေရတာလဲ၊ ပြောစမ်းပါဦး"

တံငါသည်၏မျက်နှာ တင်းမာသွားလေသည်။

"ဘာကြောင့်လဲ ဟုတ်လား၊ နေလခြံဝင်းက လူတွေဟာ လူယုတ်မာတွေ ဖြစ်နေလို့ပေါ့"

"ခင်ဗျား မတရားမပြောနဲ့"

လီချူးက ကြားဝင်အော်ပြောလိုက်၏။

"စိတ်ချပါ၊ ငါက မတရားတာ ဘယ်တော့မှ မပြောဘူး၊ ကဲ ... မင်းတို့ သေဖို့သာ ပြင်ကြပေတော့"

တံငါသည်က မြေပေါ် တစ်ချက်ဆောင့်လိုက်ရာ ရှောင်အင်းတို့အနီးသို့ ဝှေ့ခနဲ ရောက်ရှိလာလေသည်။

"သတိထား"

ရှောင်အင်းက လီချူးအား သတိပေးလိုက်ပြီး ဝဲဘက်သို့ ကပျာကယာ ခုန်ရှောင်လိုက်လေသည်။

"မင်းတို့ ပြေးလို့ လွတ်မလား"

တံငါသည်က အော်ငေါက်ရင်း ငါးမျှားတံကို ဝှေ့ယမ်းလိုက်သည်။

"ရွှပ် ... ရွှပ် ... ရွှပ်"

ငါးမျှားကြိုးမှ တရွှပ်ရွှပ်မြည်သံများ ထွက်ပေါ်လာသည်။

ရှောင်အင်း ရင်ထိတ်သွား၏။

ငါးမျှားချိတ်ထိလျှင် သက်သာမည်မဟုတ်ချေ။

"ဟေ့လူ ... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

ရှောင်အင်း အော်ပြောရင်း ငါးမျှားကြိုးကို ဖျပ်ခနဲ ဖမ်းဆုပ်လိုက်သည်။ ဤတွင် ငါးမျှားကြိုးသည် သူ၏လက်ကောက်ဝတ်အား



သုံးလေးပတ်မျှ ရစ်ပတ်သွားပြီး ငါးမျှားချိတ်ကလေးသည် အကျီစကို ဖောက်ကာ လက်ပျံ၌ စိုက်ဝင်သွား၏။

အသားထဲ နက်ရှိုင်းစွာ ထိုးဖောက်စိုက်ဝင်ခြင်းမရှိဘဲ အပေါ်ယံလွှာ စိုက်မိရုံမျှကလေးဖြစ်သောကြောင့် ရှောင်အင်း သက်သာသွားခြင်း ဖြစ်ပေသည်။

ရှောင်အင်းနှင့်တံငါသည်တို့ ထိပ်တိုက်ရင်ဆိုင်နေကြသည်ကိုမြင်လျှင် လီချူး မနေနိုင်တော့ဘဲ ...

"နောက်ဆုတ်လိုက်စမ်း"

အော်ငေါက်ကာ တံငါသည်ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ တံငါသည် သတိဝင်လာပြီး ငါးမျှားတံကို ဆောင့်ဆွဲလိုက်၏။

ငါးမျှားကြိုးမှာ သံမဏိကြိုးဖြစ်ရကား တင်းကျပ်စွာ ရစ်ပတ်မိခြင်းဖြင့် ရှောင်အင်း၏လက် ပြတ်ကျသွားစေနိုင်လောက်ပေသည်။

ငါးမျှားကြိုးသည် ဓားပါးကလေးပမာ အကျီစကို လှီးဖြတ်၍ အသားထဲ စိုက်ဝင်လာသည်။ နာကျင်မှုကြောင့် ရှောင်အင်း၏ မျက်နှာ ရှုံ့မဲ့သွား၏။

"ယား"

ပြာသံပေးရင်း တံငါသည်အား ပြန်လည်ထိုးနှက်လိုက်လေသည်။ သူ၏ခန္ဓာကိုယ်အပေါ်သို့ ဝှေ့ခနဲ မြောက်တက်သွား၏။

တံငါသည် မျက်နှာပျက်သွားသည်။

ငါးမျှားတံကို လွှတ်ချပြီး ရှောင်တိမ်းမှသာ လွတ်နိုင်တော့မည်ဖြစ်ကြောင်း ရိပ်မိလိုက်၏။

သို့သော် ဘံငါသည်လည်း ခေါင်းမာသူဖြစ်ရာ ငါးမျှားတံကို မလွှတ်နိုင်တော့ဘဲ တိုးဝင်လာသည့် ရှောင်အင်းအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး ငါးမျှားတံ မြေပေါ် လွင့်စဉ်ကျသွားသည်။ တံငါသည်မှာ အနောက်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။ ရှောင်အင်းက ဆက်၍တိုက်ခိုက်ခြင်း မပြုဘဲ ရပ်တန့်လိုက်သည်။

"အစ်ကိုလေး"

လီချူးမှာ ချက်ချင်းပင် သူ၏နံဘေးသို့ ရောက်ရှိလာလေသည်။ ထိုအချိန်တွင် တံငါသည် မြေပေါ်မှ လူးလိမ့်ထလာ၏။

ရှောင်အင်းအား ဒေါသတကြီး စိုက်ကြည့်ရင်း ...

"မင်း သတိထားနေပါ"

ကြိုးဝါးပြီး နောက်ပြန်ကျွမ်းပစ်ကာ သစ်ပင်များကြား ခုန်ဝင်ပျောက်ကွယ်သွားလေသည်။

❋ ❋ ❋



## ရေတိမ်နစ်ခြင်း

တံငါသည် ထွက်ပြေးသွားပြီ ဖြစ်လေသည်။

"အစ်ကိုလေး ဘယ်လိုနေသလဲဟင်"

လီချူးက ရှောင်အင်းအတွက် စိုးရိမ်တကြီး မေးလိုက်သည်။ ရှောင်အင်းသည် သူ၏လက်မှ စီးကျလာသည့် သွေးများကို သုတ်ပစ်လိုက်ပြီး ...

"ဘာမှမဖြစ်ပါဘူးကွာ"

"အစ်ကိုလေး ... ငါးမျှားချိတ်မှာ အဆိပ်ရှိနေရင် ဘယ်လိုလုပ်မလဲ"

"အဆိပ်မရှိပါဘူးကွ"

"အစ်ကိုလေး ပြောနိုင်လို့လား"

တံငါသည်လည်း နေလခြံဝင်းမှ လူများအား မုန်းတီးနေသည်ဖြစ်ရာ ငါးမျှားချိတ်၌ အဆိပ်သုတ်လိမ်းထားခြင်း မရှိဟု မပြောနိုင်ချေ။ ရှောင်အင်းက လက်မှဒဏ်ရာကို ငုံ့ကြည့်လိုက်ပြီး ...

"အဆိပ်တော့ မရှိနိုင်ပါဘူးကွာ"

ဟု မရေမရာ ရေရွတ်လိုက်လေသည်။ လီချူးက ...

"ဘာပဲဖြစ်ဖြစ် တံငါသည်နောက်ကို လိုက်သွားမှ ဖြစ်မယ်"

ရှောင်အင်းက ...

"သူ သွားပါစေတော့ကွာ"

"ဟာ ... ဘယ်ဖြစ်ပါ့မလဲ၊ သူနဲ့တွေ့ပြီး နေလမြဲဝင်းအပေါ် ဘာကြောင့် မကျေမနပ် ဖြစ်နေရတယ်ဆိုတဲ့ အကြောင်းကို မေးမြန်းရဦးမှာပေါ့"

ရှောင်အင်းသည် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

လီချူးက အခွင့်အရေးကို လက်လွှတ်မခံဘဲ ...

"စိန်ကျူးတို့သားအဖရဲ့ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ မသိရသေးဘူး၊ ကျွန်တော်တို့ လိုက်သွားမှဖြစ်မယ်"

ရှောင်အမ်း မနေနိုင်တော့ပါ။

"ကောင်းပြီ၊ လိုက်သွားကြတာပေါ့"

သူတို့နှစ်ယောက်သည် တံငါသည် ထွက်ပြေးရာဘက်သို့ ဦးတည်ကာ ခပ်သွက်သွက် ပြေးထွက်သွားကြ၏။ အတန်ကြာသွားသောအခါ တောအုပ်ကို လွန်မြောက်၍ ချောင်းကလေးတစ်ခုအနီးသို့ ရောက်ရှိသွားကြလေသည်။ ချောင်းထဲ၌ ရေခပ်နေသူတစ်ယောက်ကို တွေ့မြင်ရလေသည်။ ထိုလူသည် အလွန်ကြီးမားလေးလံသည့် ကြေး -ိုးကြီးနှစ်လုံးကို ရေအပြည့်ဖြည့်နေသည်။



"သတိထား အစ်ကိုလေး၊ တောထဲတောင်ထဲမှာ ကြေးအိုးနဲ့ ရေခပ်တဲ့လူ ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး"

လီချူးက တိုးတိုးသတိပေးလိုက်၏။

"ဒီလူက အန္တရာယ်ပေးမယ်လို့ မင်း ထင်နေသလား"

"ဘယ်ပြောနိုင်မလဲ အစ်ကိုလေးရေ၊ ခုချိန်မှာ ကျွန်တော်တို့ကို ဒုက္ခပေးချင်သူတွေ ရှိနေတယ်ဆိုတာ ထင်ရှားနေတာပဲ၊ ကဲ ... ကျွန်တော် စမ်းကြည့်လိုက်ဦးမယ်"

ရေခပ်နေသည့် လူသန်ကြီးအား လှမ်းကြည့်ကာ ...

"ဗျို့ မိတ်ဆွေ ... ဒီဘက်ကို တံငါသည်တစ်ယောက် ပြေးလာတာ မတွေ့မိဘူးလားဗျ"

ဟု လှမ်းမေးလိုက်၏။ လူသန်ကြီးသည် သူတို့အား လှမ်းကြည့်ပြီး ...

"တံငါသည် ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျား တွေ့မိသလား"

"အေး လူတစ်ယောက်တော့ ဒီဘက်ကို ပြေးသွားတယ်ကွ"

ချောင်းတစ်ဖက်ရှိ ပြောင်းခင်းဘက်သို့ညွှန်ပြကာ ပြောလေသည်။ ရှောင်အင်းနှင့်လီချူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

"ကျွန်တော် လိုက်သွားကြမလား"

ရှောင်အင်းက ...

"သူပြောတာ ယုံရပ့်မလားကွ"

"မပြောတတ်ဘူးလေ၊ လိမ်ပြောတာလည်း ဖြစ်နိုင်တယ်၊ အမှန်အတိုင်း ပြောတာလည်း ဖြစ်နိုင်တာပဲ"

ထိုစဉ် ...

"အဟွတ် ... အဟွတ်"

အဝေးမှ ချောင်းဆိုးသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်အင်းက ...

"ဟော့ ... ပြောင်းခင်းထဲမှာ တံငါသည်ရှိနေတယ်ကွ"

"ဟုတ်တယ်၊ ကျွန်တော်တို့ သွားကြရအောင်"

သူတို့နှစ်ယောက်သည် ချောင်းကလေးအား ဖြတ်ကူးရန် ဟန်ပြင်လိုက်ကြလေသည်။

"ဗျို့ မိတ်ဆွေ ... ချောင်းရေက အတော်နက်သလားဗျ"

လီချူးက ရေခပ်နေသူအား လှမ်းမေးလိုက်သည်။

ရေခပ်နေသည့် လူသန်ကြီးက ...

"သိပ်မနက်ပါဘူးကွ၊ ဘာဖြစ်လို့လဲ"

သူ၏စကားဆုံးသည်နှင့် လီချူးက အဖြေမပေးဘဲ ချောင်းထဲ ခုန်ဆင်းလိုက်၏။

"ဘွမ်း"



ရုတ်တရက် လီချူးမှာ ရေထဲ စုန်းစုန်းမြုပ်သွားလေ၏။

"ဟာ"

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ရှောင်အင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ လူသန်ကြီးသည် ချောင်းကလေးထဲ၌ ရပ်နေရာ ဒူးဆစ် အထိပင် ရေမြုပ်ခြင်း မရှိပါချေ။

ထို့ကြောင့် ချောင်းရေသည် အလွန်ဆုံးနှစ်ပေ သုံးပေခန့်မျှသာ အနက်ရှိမည် ထင်မှတ်ရသည်။ ယခု လီချူး ချောင်းထဲခုန်ဆင်းလိုက်သောအခါ တစ်ကိုယ်လုံး စုန်းစုန်းမြုပ်သွားလေသည်။

"ဖလူး ... ဖလူး"

ရေထဲမှ လီချူး ပြန်ပေါ်လာ၏။

"အစ်ကိုလေး ဆင်းမလာနဲ့၊ ချောင်းရေက အနက်ကြီးဗျ"

အော်ပြောရင်း ကမ်းစပ်ဆီသို့ ပြန်လည်ကူးခပ်လာလေသည်။ ထိုစဉ်မှာပင် ...

"ဘွမ်း"

ချောင်းထဲမှရေ ဝဲဂယက်ထသွား၏။ ဆံပင်များ ပခုံးပေါ်အထိ ရှည်လျားစွာ ရှိနေသူတစ်ယောက် ဘွားခနဲ ထွက်ပေါ်လာ၏။ ထိုလူသည် လက်ထဲ၌ ငါးထိုးသည့် မှိန်းတစ်လက်နှင့်ကွန် ကိုင်ဆောင်ထား၏။ ထိုလူသည် လီချူးအား ပိုက်ကွန်ဖြင့် အုပ်ချပြီး မှိန်းဖြင့် ထိုးချလိုက်လေသည်။ မမျှော်လင့်သော ဖြစ်ရပ်ကြောင့်

လီချူးကော ရှောင်အင်းပါ ကြောင်အမ်းအမ်းဖြစ်သွား၏။ ထိုအချိန်မှာပင် ...

"ဗိုး"

ရေအပြည့်ပါသည့် ကြေးအိုးတစ်လုံးသည် ချောင်းတစ်ဖက်ကမ်းမှနေ၍ ရှောင်အင်းထံ ပစ်လွှင့်လာလေသည်။ ရှောင်အင်းကပျာကယာ ဘေးသို့ ခုန်ရှောင်လိုက်ရာ ...

'ဝုန်း'

ကြေးအိုးကြီးသည် သူ၏အနောက်ဘက်ရှိ သစ်ပင်တစ်ပင်အား ထိမှန်ပြီး သစ်ပင်မှာ ဝုန်းခနဲ ကျိုးကျသွားလေတော့သည်။

ရှောင်အင်းမှာ ကြေးအိုးဘကြီးအား ရှောင်တိမ်းလိုက်ရခြင်းကြောင့် လီချူးအား ကူညီနိုင်ခြင်း မရှိတော့ပါ။

လီချူးသည် ရေထဲ၌ ကူးခပ်ရင်း မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် မည်သို့ ခုခံရမှန်းမသိ ဖြစ်သွား၏။

ထိုအချိန်မှာပင် ပိုက်ကွန်ကြီးသည် သူ၏ကိုယ်ပေး လွှမ်းခြုံကျဆင်းလာလေတော့သည်။ လီချူး ထိတ်လန့်သွားသည်။

"အစ်ကိုလေး"

ရှောင်အင်းအား လှမ်းပြီး အကူအညီတောင်းလိုက်လေသည်။ ရှောင်အင်းမှာ ကြေးအိုးကြီးအား ရှောင်လိုက်ရသဖြင့် ခပ်လှမ်းလှမ်းသို့ရောက်နေပြီ ဖြစ်ပေသည်။



"လီချူး"

ရှောင်အင်း အထိတ်တလန့်အော်ရင်း လက်ဝါးနှစ်ဖက်ကို ရှေ့သို့ တွန်းထုတ်လိုက်လေသည်။ လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာ၏။

လေပွေလှိုင်းတစ်ခုသည် လီချူး၏ခန္ဓာကိုယ်ပေါ် ဖုံးအုပ်လာသည့် ပိုက်ကွန်ကြီးကို ရိုက်ထုတ်လိုက်သကဲ့သို့ ဖြစ်သွား၏။

ရှောင်အင်းက လီချူးအား ကယ်တင်ရန် အစွမ်းကြိုးစားလိုက်ခြင်း ဖြစ်၏။ လီချူးကလည်း ကမ်းစပ်ပေါ် ခုန်တက်လိုက်၏။

ရေထဲမှ ခုန်ထွက်လာသူသည် ပိုက်ကွန်ဖြင့် အုပ်ချလိုက်သော်လည်း ရှောင်အင်းကြောင့် အရာမရောက်ဖြစ်သည်ကို မြင်လျှင်မှိန်းဖြင့် တအားထိုးစိုက်ချလိုက်လေသည်။

"အား"

လီချူး၏စူးရှသောအော်ဟစ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲသွားသည်။

'ဝုန်း'

မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားသည်။ မှိန်းတစ်ချက်တည်းဖြင့် လူ့လောကအား ကျောခိုင်းသွားခဲ့ ပြီ ဖြစ်လေသည်။

လီချူး မလှုပ်မယှက်ငြိမ်သက်နေ၏။ သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေ၏။ ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံတွေ့ရမည်ဟု လုံးဝမထင်မှတ်ခဲ့မှန်း သိနိုင်ပေသည်။

ရေထဲမှ ခုန်ထွက်လာသူသည် မိန်းကို ပြန်လည်ဆွဲနုတ်ပြီး ရေထဲသို့ ပြန်လည်ငုပ်လျှိုးသွားပြီဖြစ်လေသည်။

ရေခပ်နေခဲ့သည့် လူသန်ကြီးမှာလည်း ပြောင်းခင်းထဲသို့ ဝင်ရောက်ကွယ်ပျောက်သွားပြီ ဖြစ်၏။ ကမ်းစပ်ပေါ်၌ လီချူး၏ အလောင်းနှင့် ကြေးအိုးကြီးတစ်လုံးသာ ရှိမနေခဲ့လျှင် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ပြောနိုင်မည် မဟုတ်ပါ။

"လီချူး ... လီချူး"

ရှောင်အင်းသည် လီချူး၏အလောင်းကို ပွေ့ပိုက်ကာ တတွတ်တွတ်ခေါ်နေမိလေသည်။ လီချူး သေဆုံးသွားမည်ဟု သူလည်း မယုံနိုင်ခဲ့ပါ။ လီချူးသည် နေလခြံဝင်းပိုင်ရှင် ရှောင်ဖွေးကိုယ်တိုင် ယုံကြည်စိတ်ချခြင်းခံရသူ ဖြစ်ပေသည်။

နောင်တစ်ချိန်တွင် သိုင်းလောက၌ ထိပ်သီးသိုင်းသမားကြီးတစ်ယောက်အဖြစ် ရပ်တည်နိုင်မည်ဟု ထင်ကြေးပေးခြင်းခံရသူလည်း ဖြစ်ပေသည်။ ယခုတော့ လီချူးမှာ သေဆုံးသွားခဲ့ရချေပြီ။

"လီချူး ... မင်း မသေရဘူး"

ရှောင်အင်း အသံကုန် အော်ဟစ်လိုက်၏။



သူ၏အသံမှာ ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်သွားသည်။ ရေထဲမှ ထွက်ပေါ်လာသူသည်လည်းကောင်း၊ ရေခပ်နေခဲ့သူသည်လည်းကောင်း ထွက်ပေါ်လာခြင်း မရှိချေ။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ လီချူး၏ခန္ဓာကိုယ်မှာ အေးစက်တောင့်တင်းလာလေသည်။ ရှောင်အင်း၏ဆူဝေနေသော ဒေါသသွေးများလည်း တဖြည်းဖြည်းငြိမ်သက်စပြုလာသည်။

လီချူးသည် မည်သည့်နည်းနှင့်မျှ အသက်ပြန်ရှင်လာတော့မည် မဟုတ်ပါ။ လီချူးအတွက် ဝမ်းနည်းကြေကွဲနေမည့်အစား ရန်သူကို ရှာဖွေဖော်ထုတ်ကာ ဆုံးမသင့်သည် မဟုတ်ပါလား။

ရှောင်အင်းက လီချူး၏အလောင်းကို ကမ်းစပ်တွင် မြှုပ်နှံလိုက်လေသည်။

"လီချူး ... ငါ့ကို ခွင့်လွှတ်ပါ၊ ငါတို့ အိမ်ပြန်ခဲ့ရင် ခုလိုအဖြစ်မျိုး ကြုံရမှာမဟုတ်ဘူး၊ ငါ့ကြောင့် မင်း ခုလိုဖြစ်ရတာပါ၊ သူတို့ကို ငါ ဆုံးမမယ်လို့ ကတိပေးပါတယ်ကွာ"

ဟု ကတိပြုလိုက်လေသည်။ နေလခြံဝင်းမှ ထွက်ခဲ့စဉ်က အတူပါလာခဲ့သည့် လီချူးသည် နေလခြံဝင်းသို့ ဘယ်သောအခါမှ ပြန်နိုင်တော့မည် မဟုတ်ပါ။

ရှောင်အင်းက လီချူး၏မြေပုံကို ကျောခိုင်းကာ ချောင်းကလေးဆီသို့ မျက်နှာမူလိုက်လေသည်။ ချောင်းရေတသွင်သွင်

စီးဆင်းနေသည်။ ပတ်ဝန်းကျင်၌ လူရိပ်လူယောင် လုံးဝမတွေ့ရချေ။

ရှောင်အင်းသည် ဟိုဟိုသည်သည် လှမ်းကြည့်ရင်း ကြေးအိုးကြီးကို တွေ့မြင်သွားလျှင် ခပ်သွက်သွက်လှမ်းသွားပြီး မ,ယူလိုက်သည်။ ထို့နောက် ...

"သွားစမ်း"

အော်ငေါက်ကာ ချောင်းတစ်ဖက်၏ပြောင်းခင်းထဲသို့ ပစ်လွှင့်လိုက်လေသည်။

"ဗိုး" ... 'ဝုန်း ဝုန်း ဝုန်း'

ကြေးအိုးကြီးသည် ပြောင်းခင်းထဲကျရောက်သွားပြီး ပြောင်းပင်များကြား လိမ့်သွားလေသည်။ ကြေးအိုးကြီး၏ အလေးချိန်ကြောင့် ပြောင်းပင်များ တဖျောင်းဖျောင်းမြည်ကာ အလဲလဲအပြိုပြို ဖြစ်ကုန်ပါသည်။

ကြေးအိုးကြီးလိမ့်သွားရာ လမ်းတစ်လျှောက်မှာ ပြောင်းပင်များ ရှင်းသွားကာ လမ်းတစ်ခုအလား ဖြစ်သွားသည်။ ပြောင်းခင်းတစ်ဖက်သို့လှမ်း၍ မြင်တွေ့ရလေသည်။ ပြောင်းခင်းတစ်ဖက်၌ အိမ်ကလေးတစ်လုံး ရှိနေပါသည်။ ရှောင်အင်း မျက်မှောင်ကြုတ်သွားသည်။ အိမ်ကလေးဆီသို့ လှမ်းမျှော်ကြည့်ရင်း ...

"သိကြသေးတာပေါ့ကွာ"

အံကြိတ်ကာ ကြုံးဝါးလိုက်၏။ ထို့နောက် ချောင်းကလေး



ကို ဖြတ်ကျော်ရန် ဟန်ပြင်လိုက်လေသည်။

ရုတ်တရက် သူ၏မျက်လုံးထဲဝယ် ရေထဲမှ ဆံပင်စုတ်ဖွား နှင့် လူတစ်ယောက်ခုန်ထွက်လာပြီး လီချူးအား တိုက်ခိုက်ခဲ့ပုံများကို ပြန်လည်မြင်ယောင်လာလေသည်။

ထိုလူသည် ရေထဲ၌ အချိန်ကြာမြင့်စွာ ငုပ်လျှိုးနေနိုင်စွမ်း ရှိကြောင်းထင်ရှား၏။ သူ၏လှုပ်ရှားတိုက်ခိုက်ပုံမှာ ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

သူ၏မှိန်းနှင့် ပိုက်ကွန်သည် ကြောက်မက်ဖွယ်ကောင်းသည့် လက်နက်များဖြစ်ကြောင်း ထင်ရှားနေပေသည်။

ရှောင်အင်းက တသွင်သွင် စီးဆင်းနေသည့် ချောင်းရေပြင်ကို ကြည့်လိုက်ပြန်သည်။ ချောင်းရေမှာ နောက်ကျိနေ၏။

ရှောင်အင်း ရေထဲသို့ဆင်းရန် မဝံ့မရဲ ဖြစ်သွားလေသည်။ သူ၏သိုင်းပညာ မည်မျှတော်သည်ဖြစ်စေ ရေနက်ထဲ၌ မမြင်မစမ်း တိုက်ခိုက်သတ်ပုတ်ရမည်ကို သဘောမကျပါ။

ဆံပင်စုတ်ဖွားနှင့် လူသည် ရေကို အလွန်ကျွမ်းကျင်သူဖြစ်၍ သူက သိုင်းပညာသာသည်ထားဦး ရေထဲ၌ ရင်ဆိုင်ရလျှင် တစ်ပန်းရှုံးနေမည်။ ရှောင်အင်းသည် ချောင်းထဲမဆင်းဝံ့ဘဲ ကမ်းစပ်၌ရပ်ကာ အခြေအနေ စောင့်ကြည့်နေလေသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြန်သည်။ နေရောင်ခြည် အားပျော့သွားသည်။

ပတ်ဝန်းကျင်တစ်ခုဝယ် အမှောင်ရိပ်သည် ကြီးစိုးလာ၏။ မကြာမီ မိုးချုပ်သွားတော့မည် ဖြစ်ပေသည်။ ရှောင်အင်း တစ်စ ထက်တစ်စ စိုးရိမ်ပူပန်လာလေတော့သည်။

"ဒီအတိုင်းဆို ချောင်းတစ်ဖက်ကို ငါဖြတ်နိုင်မှာ မဟုတ်တော့ဘူး"

တွေးရင်း လီချူး၏မြေပုံဆီသို့ အကြည့်ရောက်သွားပြန်သည်။ လီချူးကား ငြိမ်သက်စွာ လဲလျောင်းနေပြီ ဖြစ်လေသည်။

"တောက်"

ရှောင်အင်း ဒေါသဖြစ်လာသည်။ လီချူး သေဆုံးသွားသည့်တိုင် သူက ဒီအတိုင်း ငြိမ်နေတော့မည်လော။ ရှောင်အင်း အံတင်းတင်းကြိတ်ကာ ...

"ယား"

ဗြာသံပေးကာ မြေပေါ်ခြေဆောင့်ပြီး ခုန်တွက်လိုက်လေသည်။ ချောင်းရေထဲသို့ ခြေမချဘဲ လေထဲ၌ သုံးလေးပတ်မျှ ဆက်တိုက်ကျွမ်းပစ်လိုက်သည်။ သူ၏ခန္ဓာကိုယ်သည် ချောင်းတစ်ဖက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေတော့သည်။

ကမ်းစပ်ပေါ် ခြေချမိလိုက်လျှင် ရှောင်အင်းမှာ ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်အောင် ဖြစ်နေမိတော့သည်။

လီချူး၏မြေပုံကျန်ရစ်ခဲ့သည့် ချောင်းတစ်ဖက်သို့ မျက်လုံး



ပြူးကာ လှမ်းကြည့်မိလေသည်။ နေလခြဝင်း၏ထိပ်တန်း ကိုယ်ဖော့ပညာကို သင်ကြားတတ်မြောက်ထားခဲ့ပေသည်။

သိုင်းပညာနှင့် ကိုယ်ဖော့ပညာ အသုံးပြုသည့်အခါ လူကောစိတ်ပါ တစ်သားတည်းကျအောင် အသုံးချနိုင်မှ အစွမ်း ကုန်သည်ကို သူ နားလည်လိုက်ရပြီ ဖြစ်သည်။

နေလခြဝင်း၌သာ နေခဲ့မည်ဆိုလျှင် ယခုကဲ့သို့ အတွေ့အကြုံမျိုး ရနိုင်မည်မဟုတ်ပါချေ။ ချောင်းကလေးအား ဖြတ်ကျော်နိုင်မည်ဟု မထင်ခဲ့သလို ကိုယ့်ကိုယ်ကိုယ် မယုံခဲ့ပါ။

ယခုတော့ သူ၏ပညာသည် အခြားသော သိုင်းသမားများထက် ပို၍ထက်မြက်ကြောင်း ထင်ရှားပေါ်လွင်နေပြီ မဟုတ်ပါလား။ ချောင်းအင်းသည် ကိုယ့်ကိုယ်ကိုယ် ပို၍ယုံကြည်စိတ်ချလာသလို ရန်သူနှင့် ရင်ဆိုင်ရန် စိုးရိမ်စိတ်များလည်း ပျောက်ကွယ်သွားခဲ့လေ၏။

ရှောင်အင်းသည် ပြောင်းခင်းတစ်ဖက်မှ အိမ်ကလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ထိုအိမ်ကလေးမှ မီးရောင်များ ထွက်ပေါ်နေပြီဖြစ်သည်။

"သိကြသေးတာပေါ့ကွာ"

ရှောင်အင်း အံတင်းတင်းကြိတ်ကာ အိမ်ကလေးဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်လေတော့သည်။

❋ ❋ ❋

## အရှုပ်အထွေး အမုန်းအတေး

ရှောင်အင်းသည် ပြောင်းခင်းကိုဖြတ်ကာ အိမ်ကလေးဆီသို့ ဦးတည်လှမ်းသွားလေသည်။ အိမ်ကလေးမှာ သစ်လုံးများဖြင့် ဆောက်တုပ်ထားသည့် အိမ်ကလေးတစ်လုံး ဖြစ်သည်။

ရှောင်အင်းသည် အိမ်ရှေ့သို့ရောက်သွားသည်နှင့် ...

"ကဲ ... ခင်ဗျားတို့ ထွက်လာမလား၊ ဒါမှမဟုတ် ကျုပ် ဝင်လာရမလား"

သူ၏အသံမှာ ညဥ့်ယံကို ဖောက်ထွင်းကာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ မရှေးမနှောင်းမှာပင် ...

"ဘယ်သူလဲ"

စကားသံတစ်ချက် အိမ်ထဲမှ ထွက်ပေါ်လာ၏။ အမျိုးသမီးကြီးတစ်ယောက်၏အသံဖြစ်သည်။

အိမ်ထဲတွင် ချောင်းကမ်းပါး၌ ရေခပ်နေသည့် လူသန်ကြီးနှင့် ဆံပင်စုတ်ဖွားရှိသူတို့ ရှိနေမည်ဟု ထင်မှတ်မိလေသည်။

ယခုတော့ မထင်မှတ်ဘဲ အမျိုးသမီးကြီးတစ်ယောက်၏



အသံကို ကြားလိုက်ရသည်။ ထိုအမျိုးသမီးကြီး၏အသံကို ကြားဖူးသည်ဟု ထင်မှတ်လာ၏။

"ဘယ်သူပါလိမ့်၊ ငါ ဘယ်မှာ ကြားဖူးတာပါလိမ့်"

ထိုစဉ် အိမ်ထဲမှ အသံထွက်ပေါ်လာပြန်ပါသည်။

"တံခါးဖွင့်ထားတယ်၊ ဝင်လာခဲ့"

"စိတ်ချ၊ ခင်ဗျားက မဝင်နဲ့ဆိုရင်တောင် ကျုပ် ဝင်လာမှာပဲ"

ရှောင်အင်းသည် ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ကာ လှမ်းဝင်လိုက်လေသည်။

"ဟင်"

အိမ်ထဲရောက်သည်နှင့် မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တအံ့တသြ ဖြစ်သွားရပေသည်။ အိမ်ထဲ၌ ခုတင်နှစ်လုံး ယှဉ်လျက်ချထား၏။

ခုတင်တစ်လုံးစီဝယ် လူတစ်ယောက်စီ လဲလျောင်းနေ၏။ ခုတင်နှစ်လုံးကြား၌ အမျိုးသမီးကြီးတစ်ယောက် ထိုင်နေသည်။ သူမသည် ရှောင်အင်းကို လှည့်မကြည့်ဘဲ ခုတင်ပေါ်မှ လူနှစ်ယောက်အား တစ်လှည့်စီ စမ်းသပ်စစ်ဆေးကြည့်ရှုနေလေသည်။

ခုတင်ပေါ်၌ ရှိနေသူများကို ရှောင်အင်း ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိ၏။ ထိုလူနှစ်ယောက်မှာ စိန်မင်းနှင့်

စိန်ကျူးတို့ ဖြစ်နေကြသည် မဟုတ်ပါလား။

သူတို့နှစ်ယောက်မှာ ဝေဒနာ ပြင်းထန်စွာ ခံစားနေကြရပုံ ရှိလေသည်။ အမျိုးသမီးကြီးက ရှောင်အင်းအား ကျောခိုင်းထားရင်း

"မင်းက ရေသရဲညီနောင်ကို လာရှာတာလား"

ရှောင်အင်း မျက်မှောင်ကြုတ်သွားသည်။

"ရေသရဲညီနောင်ဟာ ဘယ်သူလဲ"

သူက ပြန်မေးလိုက်ပြီးမှ ဆံပင်စုတ်ဖွားနှင့် လူသန်ကြီးကို သတိရလာသဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

"ရေသရဲညီနောင်ဟာ နေလခြံဝင်းကို မုန်းတီးနေတဲ့ လူတွေထဲမှာ ထိပ်ဆုံးက ပါဝင်သူတွေပဲ"

ရှောင်အင်း ဒေါပွသွားသည်။

"နေလခြံဝင်းက လူတွေကလည်း စော်ကားမော်ကား လုပ်လာတာကို ဘယ်တော့မှ ခေါင်းငုံ့ခံမနေတတ်ပါဘူးဗျာ၊ ကျုပ်ရဲ့ လီချူးအတွက် သူတို့ ထိုက်ထိုက်တန်တန် အပြစ်ပေးခံကြရပါလိမ့်မယ်"

"မင်းတို့ နေလခြံဝင်းက လူတွေဟာ ဒီလိုချည်းပါပဲ၊ ဘယ်သူ့ကိုမှ လူမထင်ဘူး၊ မောက်မာကြလွန်းတယ်၊ ဒါကြောင့် ခုလို ပြဿနာတွေ ပေါ်လာတာပေါ့၊ မင်းကို ရှောင်ဖွေးက သူ့ရဲ့ပညာတွေ အိတ်သွန်ဖာမှောက် သင်ပေးထားမယ်ဆိုတာ ငါသိပါတယ်၊



ဒါပေမဲ့ မင်းလည်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး"

"ကျုပ် တတ်နိုင်တယ်၊ မတတ်နိုင်ဘူးဆိုတာ စောင့်ကြည့်ပါဦးဗျာ"

ရှေ့သို့ ခြေလှမ်းတိုးပြီး အမျိုးသမီးကြီးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် ...

"ရှောင်အင်း ရှင်မှားမယ်"

စိန်ကျူး၏စကားသံ ထွက်ပေါ်လာသဖြင့် ... ရှောင်အင်း ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။ စိန်ကျူးအား လှမ်းကြည့်လိုက်၏။

သူမ၏ဦးခေါင်းနှင့် လက်တစ်ဖက်၌ ပတ်တီးများ စည်းနှောင်ထားသည်ကို တွေ့ရလေသည်။ စိန်ကျူးက လူးလိမ့်ထရန် ဟန်ပြင် နေရာ ...

"မထနဲ့လေ၊ မင်း ဒုက္ခရောက်သွားမှာပေါ့"

အမျိုးသမီးကြီးက သူမအား ပြန်လည် လှဲလျောင်းနေခိုင်း၏။ စိန်ကျူးက ...

"ဒေါ်လေးကူး ... သူဟာ"

"စိန်ကျူး ... ညည်း ဘာမှမပြောဘဲ နေရင်ကောင်းမယ်"

စိန်ကျူး ငြိမ်ကျသွားလေတော့သည်။

ရှောင်အင်းသည် ဒေါ်လေးကူးဆိုသည့် အမျိုးသမီးကြီးအား စိတ်ဝင်စားလာလေသည်။

လူသန်ကြီးနှင့် ဆံပင်စုတ်ဖွားတို့သည် ထိုအမျိုးသမီးကြီးနှင့် ပတ်သက်နေမည်ဟု ယုံကြည်မိသည်။ ထို့ကြောင့် ...

"ခင်ဗျားရဲ့လူတွေကို ထုတ်ပေးရင် ကောင်းမယ်"

ဟု ပြောလိုက်၏။ အမျိုးသမီးကြီးက ...

"ကျုပ် ထုတ်ပေးရအောင် သူတို့က ကလေးတွေမှ မဟုတ်ကြတာ၊ မင်း မကျေနပ်ဘူးဆိုရင် တွေ့အောင်ရှာပေါ့"

"ခင် ... ခင်ဗျား"

"ငါသာ တားမြစ်မထားရင် မင်း သေသွားလောက်ပြီဆိုတာ မှတ်ထားပါ"

ပြောရင်း ရှောင်အင်းဘက်သို့ လှည့်လာ၏။

သူမ၏မျက်နှာကို တွေ့မြင်ရလျှင် ရှောင်အင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရပြန်တော့သည်။

❋

ထိုအမျိုးသမီးကြီးအား သူမှတ်မိလိုက်ပြီ ဖြစ်လေသည်။

နေလခြံဝင်း၏ပိုင်နက်အတွင်း၌ရှိသည့် သရဲကောင်းစံအိမ်တွင် တွေ့ဆုံခဲ့ရသည့် အမျိုးသမီးကြီးပင် ဖြစ်ပေတော့သည်။

အမျိုးသမီးကြီးကလည်း သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေ၏။



"ခင် ... ခင်ဗျား"

"ဪ ... မင်းက ငါ့ကို မှတ်မိသေးတာကိုး"

"လက်စသတ်တော့ ခင်ဗျားကိုး၊ နေလခြံဝင်းကို ဖျက်ဆီးပစ်ချင်တယ်ဆိုရင် ကျုပ်ကို အရင်ဆုံး နိုင်အောင် တိုက်ပါဦး"

ရှောင်အင်းက ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်ရာ ...

"မလှုပ်နဲ့"

စိန်ကျူး၏ ဟန့်တားသံ ထွက်ပေါ်လာ၏။ သူမသည် ခုတင်ပေါ်မှ လူးလိမ့်ထလာပြီး ရှောင်အင်းထံ ပြေးလာ၏။

သို့သော် ... ဒဏ်ရာပြင်းစွာ ရထားသဖြင့် မဟန်နိုင်တော့ဘဲ ...

"အမေ့"

ရှောင်အင်းရှေ့တွင် လဲကျသွားလေသည်။

"ညီမ"

ရှောင်အင်းက သူမအား ကပျာကယာ ဖေးမထားလိုက်ရလေသည်။ စိန်ကျူးက ရှောင်အင်း၏ရင်ခွင်ထဲမှ ခေါင်းမော့ကြည့်ရင်း–

"အစ်ကို ညီမပြောတာကို နားထောင်ပါ၊ ဒေါ်လေးကူးကို မတိုက်ခိုက်ပါနဲ့ရှင်"

"စိန်ကျူး"

အမျိုးသမီးကြီး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ထိုအချိန်မှာပင် ခြေသံများ ထွက်ပေါ်လာ၏။

အိမ်ထဲသို့ လူနှစ်ယောက် ပြေးဝင်လာကြလေသည်။ ထိုလူနှစ်ယောက်ကိုမြင်လျှင် ရှောင်အင်း ဒေါသခြောင်းခြောင်း ထွက်သွားလေတော့သည်။

"လူယုတ်မာတွေ"

ချက်ချင်းပင် စိန်ကျူးအား ဖယ်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ စိန်ကျူးက သူ့အား အတင်းဖက်တွယ်ကာ ...

"အစ်ကို မလုပ်ပါနဲ့"

အိမ်ထဲသို့ ဝင်လာသူနှစ်ယောက်မှာ ချောင်းကလေး၌ တိုက်ခိုက်ခဲ့ကြသည့် လူသန်ကြီးနှင့် ဆံပင်စုတ်ဖွားတို့ ဖြစ်ကြလေသည်။

"လွှတ်စမ်း"

ရှောင်အင်းက အော်ငေါက်လိုက်သော်လည်း စိန်ကျူးက မလွှတ်သည့်အပြင် ပို၍တင်းကျပ်စွာ ဖက်တွယ်ထားလေသည်။

ရှောင်အင်း ရင်ထိတ်သွား၏။ ရန်သူများက သူ့အား သုတ်သင်ရှင်းလင်းပစ်နိုင်ရန် စိန်ကျူးက ချုပ်ကိုင်ထားသည့်သဘောမျိုး ဖြစ်နေသည်လော။ ထိုစဉ်မှာပင် စိန်ကျူးသည် အမျိုးသမီးကြီးအား လှမ်းအော်ပြောလိုက်လေသည်။

"ဒေါ်လေးကူး အားလုံးမှားကုန်ပြီမယ်ရှင်၊ သူဟာ ဘာမှ



သိတဲ့လူမဟုတ်ပါဘူး၊ လူကြီးတွေရဲ့ကိစ္စဟာ သူနဲ့ ဘာမှမဆိုင်ပါဘူး၊ သူ့ကို ရန်မပြုပါနဲ့ရှင်"

ရှောင်အင်း ငိုင်သွားသည်။ စိန်ကျူးသည် သူ့အတွက် ကာကွယ်ပြောဆိုနေခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။ ဒေါ်လေးကူးဆိုသည့် အမျိုးသမီးကြီးက ...

"စိန်ကျူး ညည်း ဘာမှမရှည်နဲ့၊ ဘေးဖယ်လိုက်စမ်း"

"ဒေါ်လေး"

ရှောင် နှာခေါင်းရှုံ့လိုက်ပြီး ...

"ညီမ ဘေးဖယ်လိုက်စမ်း၊ ကျုပ်က သူတို့ကို ကြောက်နေရမှာလား၊ ကျုပ်အကြောင်း ကောင်းကောင်းကြီး သိသွားစေရမယ်"

"အစ်ကို ... ကျွန်မကို အရင်ဆုံး သတ်ပြီးမှ သူတို့နဲ့ ရင်ဆိုင်ပါတော့ရှင်"

ငယ်ရွယ်နုနယ်သည့် မိန်းမချောလေးတစ်ယောက်သည် အရှက်ကိုပင် မငဲ့ဘဲ အတင်းဖက်တွယ်ထားပြီး ပြောဆိုနေသည်မှာ နိုင်လုံသည့်အကြောင်း ရှိပေလိမ့်မည်။

ရှောင်အင်းမှာ အဖြစ်အပျက်များကို နားမလည်နိုင်အောင် ဖြစ်နေရတော့သည်။ ဒေါ်လေးကူးဆိုသည့် အမျိုးသမီးကြီးက ...

"စိန်ကျူး ညည်းက သစ္စာဖောက်တာပေါ့ ဟုတ်လား"

"ဒေါ်လေးကူး ကျွန်မကို ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်

ရှင်၊ သူ့ကိုတော့ ဒုက္ခမပေးပါနဲ့"

"တောက်"

ဒေါ်လေးကူး တက်ခေါက်လိုက်လေသည်။ သူမသည် စိန်ကျူးအား ဘေးဖယ်နိုင်း၍ ရမည်မဟုတ် သည်ကို နားလည်မိသည်။ ထို့ကြောင့် ...

"ကောင်းပြီ ... ညည်းထိုက်နဲ့ ညည်းကံပဲလို့ မှတ်ပေတော့"

စကားဆုံးလျှင် အပြင်ဘက်သို့ လှမ်းထွက်သွားလေသည်။

ထိုအခါ ဆံပင်စုတ်ဖွားက ...

"အစ်မကြီးကူး ... ဒီကောင်လေးကို ဒီအတိုင်း ထားပစ်ခဲ့မှာလား"

"စုတ်ဖွား ... မင်းရင်ထဲက အာဃာတတွေ သိမ်းထားလိုက်စမ်းပါ၊ နေရာတိုင်း ထုတ်ဖော်မနေစမ်းပါနဲ့"

လူသန်ကြီးက ဝင်ပြောလေသည်။

ဆံပင်စုတ်ဖွား မကျေမနပ်ဖြစ်သွားပြီး ...

"ဗလကြီး ... တံငါသည် ခံလိုက်ရတာကို မင်းက လှစ်လျူရှုထားတော့မယ်ပေါ့ ဟုတ်လား"

လူသန်ကြီး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။ ထိုစဉ်...

"စကားမရှည်နဲ့ ... နှစ်ယောက်စလုံး လာခဲ့"

ဒေါ်လေးကူးက ခေါ်လိုက်သည်။



ထို့နောက် ... အပြင်ဘက် ထွက်သွားလေသည်။

လူသန်ကြီးနှင့် ဆံပင်စုတ်ဖွားတို့လည်း ဘာမှမပြောကြဘဲ လိုက်သွားကြလေသည်။

ခဏအတွင်းမှာပင် မှောင်ရိပ်ထဲ တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

❋

ဒေါ်လေးကူးက လူသန်ကြီးနှင့် ဆံပင်စုတ်ဖွားတို့သည် အိမ်ထဲမှ ထွက်သွားခဲ့ကြပြီး ဖြစ်လေသည်။

ယခုမှ ရှောင်အင်း သတိဝင်လာ၏။

"ညီမ ဘေးဖယ်လိုက်ပါ"

စိန်ကျူးအား တွန်းဖယ်လိုက်လေသည်။

ဆံပင်စုတ်ဖွား၏လက်ချက်ကြောင့် လီချူး သေဆုံးခဲ့သွားခဲ့ရသည် မဟုတ်ပါလား။

ဆံပင်စုတ်ဖွား ထွက်သွားသည်ကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ပါ။ ရှောင်အင်းသည် အိမ်အပြင်ဘက်သို့ လျင်မြန်စွာ ပြေးထွက်သွား၏။ အပြင်ဘက်၌ အမှောင်ရိပ်များ ကြီးစိုးနေပါ၏။

ထွက်သွားကြသည့် ဒေါ်လေးကူးတို့ လူစုအား မတွေ့ရတော့ချေ။

"တောက်"

ရှောင်အင်း ဒေါသတကြီး တောက်ခေါက်လိုက်သည်။

ဒေါ်လေးကူးတို့ ထွက်သွားနိုင်သည်မှာ စိန်ကျူးကြောင့်ဖြစ်သည်ဟူ၍ ဒေါသဖြစ်လာသည်။

စိန်ကျူးသည် ဒေါ်လေးကူးတို့လူစုနှင့် ပတ်သက်နေသည်မှာ ထင်ရှားလှသည်။

ရှောင်အင်း ချာခနဲလှည့်ကာ အိမ်ထဲ ဝင်လာခဲ့လေသည်။

ထိုအချိန်တွင် စိန်ကျူးသည် သူမ၏ဖခင်အနီး၌ ထိုင်ကာ ပြုစုနေသည်ကို တွေ့ရ၏။

"စိန်ကျူး မင်းရဲ့ညဏ် ဒါအကုန်ပဲလားကွ"

ရှောင်အင်းက ငေါက်ငမ်းလိုက်သည်။

စိန်ကျူး လှည့်ကြည့်လာ၏။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေလေသည်။

"ကျွန် … ကျွန်မအဖေကို ကြည့်ပါဦးရှင်"

ရှောင်အင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။ စိန်မင်းအား လှည့်ကြည့်လိုက်သည်။

ထိုအခါ စိန်မင်းမှာ မျက်လုံးအစုံမှိတ်၍ မလှုပ်မယှက် တောင့်တောင့်ကြီး ဖြစ်နေသည်ကို တွေ့ရ၏။

"ကျွန်မဖေဖေကို ကြည့်ပါဦးရှင်၊ ဖေဖေဟာ သူ့ရဲ့သိုင်း



ပညာနဲ့ မကောင်းသူပယ် ကောင်းသူကယ်ခဲ့တဲ့ သိုင်းသမားတစ်ယောက်ပါ၊ နောက်ဆုံးတော့ လူယုတ်မာတွေရဲ့လက်ချက်နဲ့ သေဆုံးခဲ့ရပါပြီ"

စိန်ကျူးသည် ပြောရင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေ၏။ ရှောင်အင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ စိန်မင်းကား သေဆုံးသွားချေပြီ။ လီချူး၏လက်ချက်ဖြင့် ဒဏ်ရာရသွားသည်မှန်သော်လည်း အသက်သေလောက်သည် မဟုတ်ပါ။

စိန်မင်းအား ဖမ်းမိသွားသည့် သူဌေးလျှူတို့လူစုက နှိပ်စက်ညှဉ်းပန်းခြင်းကြောင့်သာလျှင် သေလုမြောပါး ဒဏ်ရာရခဲ့ခြင်း ဖြစ်ပေသည်။ သူဌေးလျှူသည် စိန်မင်းအား အဘယ်ကြောင့် လူမဆန်စွာ နှိပ်စက်ရပါသနည်း။

သူဌေးလျှူသည် မိမိအဘိုးနှင့် ပတ်သက်နေသူဖြစ်ကြောင်း ဆင်ခြင်မိသည့်အခါ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေတော့သည်။

စိန်ကျူးသည် ဖခင်၏အလောင်းကို ပွေ့ဖက်ရင်း ရှိုက်ကြီးတငင် ငိုကြွေးနေ၏။ ရှောင်အင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေ၏။

ရှုပ်ထွေးပွေလီလှသည့် အဖြစ်အပျက်တစ်ခုအတွင်း၌ ပါဝင်ပတ်သက်နေမိပြီဖြစ်ကြောင်း ဆင်ခြင်မိသည့်အတိုင်း မည်သို့ရုန်းထွက်ရမည်ကို အဖြေရှာမရဘဲ ဖြစ်နေလေတော့၏။

## သက်သေ

"အောက်အီးအီးအွတ်"

အဝေးမှ ကြက်တွန်သံများ ထွက်ပေါ်လာလေ၏။ နေ့သစ်တစ်နေ့ မွေးဖွားခဲ့ပြီဖြစ်လေသည်။ စိန်ကျူး၏ငိုရှိုက်သံများ တိတ်ဆိတ်ကွယ်ပျောက်သွားပြီ ဖြစ်သည်။ သူမသည် ဖခင်ဖြစ်သူ၏အလောင်းကို ပြောင်းခင်းအနီး၌ မြေမြှုပ်သင်္ဂြိုဟ်လိုက်လေသည်။

ရှောင်အင်းသည် ခံစားချက် ကင်းမဲ့နေသူတစ်ယောက်ပမာ သူမ ပြုလုပ်သမျှ ငေးမောကြည့်နေ၏။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

"အစ်ကို"

စိန်ကျူးသည် ရှောင်အင်းရှေ့သို့ ရောက်ရှိလာပြီး ခေါ်လိုက်သဖြင့် ရှောင်အင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။စိန်ကျူးက

"အစ်ကိုရဲ့အဖော်ဟာ ဦးလေးဗလကြီးနဲ့ ဦးလေးစုတ်ဖွားတို့လက်ချက် မိသွားလို့ အစ်ကို ယူကျုံးမရဖြစ်နေသလားဟင်"

ရှောင်အင်းမျက်နှာထား တင်းမာသွားသည်။



"ဘာလဲ ... ကျုပ်က ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခုပ်လက်ဝါးတီးပြီး ဩဘာပေးနေရမှာလား"

စိန်ကျူး သက်ပြင်းချလိုက်သည်။

"အစ်ကို ... နေလခြံဝင်းက လူတွေဟာ သိုင်းလောကသားတွေလက်ချက်နဲ့ သေဆုံးသွားရတယ်ဆိုတာ အင်မတန် နည်းပါးတယ်၊ မတော်တဆဖြစ်ခဲ့ရင်လည်း နေလခြံဝင်းကလူတွေက မြေလှန်ရှာပြီး သုတ်သင်တာကို ခံရတာချည်းပဲ၊ မဆိုင်တဲ့လူတွေတောင် ဒုက္ခရောက်ပါသေးတယ်ရှင်"

ရှောင်အင်း ဒေါပွသွားသည်။

"နေလခြံဝင်းကလူတွေက သိုင်းပညာအားကိုးပြီး ထင်ရာစိုင်းနေတယ်၊ တရားလက်လွတ်ပြုလုပ်နေတယ်လို့ မင်းက ပြောချင်တာလား"

"အမှန်ပါပဲရှင်"

"ဘာ"

"နေလခြံဝင်းဟာ အရှိန်အဝါကြီးမားလှပတယ်၊ ဒါကြောင့် ဘယ်သူကမှ မပြောရဲလို့ ခေါင်းငုံ့ခံနေကြရတာပါရှင်"

ရှောင်အင်း ခေါင်းခါယမ်းလိုက်သည်။

"မင်းပြောတာ မဖြစ်နိုင်ဘူး၊ နေလခြံဝင်းက မတရားလုပ်တယ်ဆိုရင် ကျုပ်အဘိုးကိုလာပြီး တိုင်တန်းလို့ရတာပဲ၊ ဒါမှမဟုတ်

သိုင်းလောကရဲ့ ထင်ရှားတဲ့ အဖြူရောင်သိုင်းအဖွဲ့ကြီးအောက်မှာ တင်ပြပြီး အရေးယူနိုင်းလို့ ရတာပဲ၊ နေလခြံဝင်းကို သက်သက်မဲ့ စော်ကားနေတာပါ လက်မခံနိုင်ဘူး"

"ဒါဖြင့် ကျွန်မ သက်သေပြရမလား"

"ဘာ"

"ကျွန်မ သက်သေပြရမလားလို့ မေးတာလေ၊ လက်တွေ့ သိရရင် အစ်ကို ယုံမယ်မဟုတ်လား"

ရှောင်အင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"မင်းပြောသလို ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် မင်းကို ငါ ခွင့်မလွှတ်နိုင်ဘူး"

"ကျွန်မက သက်သေပြနိုင်မယ်ဆိုရင်ကော"

"လွှယ်ပါတယ်၊ နေလခြံဝင်းရဲ့ လုပ်ရပ်တွေ ရပ်တန့်သွားအောင် ကျုပ်ကိုယ်တိုင် တားဆီးပေးမယ်"

စိန်ကျူးသည် နေလခြံဝင်းနှင့်ပတ်သက်၍ သက်သေပြလိုစိတ် ပြင်းထန်နေပုံရ၏။ ချက်ချင်းပင် ...

"ကဲ ... ကျွန်မနောက် လိုက်ခဲ့ပါ"

ပြောပြီး လှမ်းထွက်သွားရာ ရှောင်အင်းသည် သူမနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

❋



လမ်းပေါ်ဝယ် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟိုသွားလာနေကြလေသည်။

ရှောင်အင်းက ပြတင်းပေါက်မှနေ၍ လမ်းသွားလမ်းလာများကို ငေးမောကြည့်နေမိ၏။

"အစ်ကို စားလေ"

စိန်ကျူး၏စကားသံ ထွက်ပေါ်လာမှ သတိဝင်လာသည်။ စိန်ကျူးအား လှည့်ကြည့်လိုက်သည်။

ဤစားသောက်ဆိုင်ကလေးသို့ သူမက ဦးဆောင်ခေါ်လာခြင်း ဖြစ်ပေသည်။ စားသောက်ဖွယ်ရာများကိုလည်း သူမကပင် မှာကြားခဲ့ခြင်း ဖြစ်သည်။

ရှောင်အင်းသည် သူမ ခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့ခြင်း မဟုတ်ပါလား။ လီချူးနှင့်အတူ သွားလာလှုပ်ရှားခဲ့ပုံများကို တွေးတော မြင်ယောင်ကာ ရှောင်အင်းမှာ စားသောက်လိုစိတ်မရှိဘဲ ဖြစ်နေလေတော့သည်။

"အစ်ကို ... စားလေ"

စိန်ကျူးက ထပ်ပြောပြန်သည်။ ရှောင်အင်း မနေနိုင်တော့ပါ။ စားသောက်ဖွယ်ရာများကို အနည်းငယ်စားသောက်လိုက်၏။

ထိုအချိန်မှာပင် ...

"ဟော့ ... စားသောက်စရာတွေ မြန်မြန်ယူလာခဲ့စမ်း"

အော်ငေါက်သံကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ရှောင်အင်း လှမ်းကြည့်လိုက်သောအခါ အနီရောင် ဝတ်ဆင်လာသည့် လူတစ်စု လှမ်းဝင်လာကြသည်ကို တွေ့မြင်ရ၏။

ထိုလူစုကိုမြင်လျှင် ဆိုင်းလုလင်များ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ချက်ချင်းပင် နေရာထိုင်ခင်းစီစဉ်ပေးပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းလိုက်ကြလေသည်။

အနီရောင်ဝတ်ဆင်ထားသူများသည် စားပွဲကစ်လုံး၌ ဝိုင်းဖွဲ့ထိုင်ကာ အော်ကြီးဟစ်ကျယ် ရယ်မောပြောဆိုကာ စားသောက်လိုက်ကြလေသည်။ စိန်ကျူးက ...

"အဲဒီလူတွေဟာ 'ရွှေဒဂီါး' အာမခံဌာနက လူတွေပေါ့"

ဟု တီးတိုးပြောပြလေသည်။ ရှောင်အင်းသည် ထိုလူစုအား မြင်ရုံဖြင့် သဘောမကျနိုင်အောင် ဖြစ်နေရလေသည်။

ထိုလူများသည် ဆိုင်ထဲ၌ သူတို့သာရှိနေသည့်အလား ကျန်စားသောက်သူများကို ဂရုမစိုက်ကြချေ။

ရှောင်အင်း သတိထားကြည့်နေစဉ်မှာပင် အခြားသော စားသောက်သူများသည် ကျသင့်ငွေ ပေးချကာ အလျှိုလျှိုထွက်သွားကြသည်ကို တွေ့ရလေသည်။

ဆိုင်ရှေ့သို့ရောက်လာသူများမှာလည်း ဆိုင်ထဲသို့ မဝင်ကြတော့ဘဲ လှည့်ထွက်သွားကြလေသည်။



"ရွှေဒဂါါးအာမခံဌာနကလူတွေဟာ နာမည်ပျက်ရှိနေတယ် ထင်ပါရဲ့"

ဟု စိတ်ထဲတွေးမိလိုက်သည်။ ထိုအချိန်မှာပင် အနီရောင်ဝတ်ဆင်ထားသူတစ်ယောက်က

"ဟေ့ ... အရက်ယူလာခဲ့စမ်း"

ဟု အော်ပြောနေသည်ကို တွေ့ရ၏။

ဆိုင်လုလင်တစ်ယောက်က ကပျာကယာ သွားပို့ပေးပါသော်လည်း ထိုလူက မကျေနပ်နိုင်ဘဲ ...

"ငါတို့မှာမှ လာပို့ပေးရသလား၊ မင်းတို့ အလိုက်မသိတတ်တော့ဘူးလားကွ၊ အရက်ကုန်ခါနီးပြီဆိုတာနဲ့ လာပို့ပေးမှပေါ့၊ တော်တော်အသုံးမကျတဲ့ကောင်"

ပြောပြောဆိုဆို ဆိုင်လုလင်အား လက်သီးဖြင့် ထိုးချလိုက်လေသည်။

'ဝုန်း'

"အမယ်လေး"

ဆိုင်လုလင်မှာ ကြမ်းပြင်ပေါ် ခွေခနဲ လဲကျသွားလေတော့သည်။

"ဟား ဟား ဟား"

အနီရောင်ဝတ်ဆင်ထားသူများ သဘောကျစွာ ရယ်မော

လိုက်ကြလေသည်။ ရှောင်အင်း မျက်မှောင်ကြုတ်သွား၏။

စိန်ကျူးကို လှမ်းကြည့်လိုက်သောအခါ သူမ ပြုံးနေသည်ကို တွေ့ရလေသည်။ ရှောင်အင်း မကျေမနပ်ဖြစ်သွားသည်။

"ဘာလဲ ... ဒီလူတွေဟာ နေလခြိဝင်းက လူတွေလို့ မင်းပြောချင်တာလား"

ဟု မေးလိုက်လေသည်။ စိန်ကျူးက ...

"မဟုတ်ပါဘူးရှင်၊ သူတို့ဟာ ရွှေဒင်္ဂါးအာမခံဌာနကပါ"

"ဒါဖြင့်"

"သူတို့ဟာ ထင်သလို သောင်းကျန်းမယ့်လူတွေလို့ ကျွန်မပြောရင် အစ်ကို ငြင်းမလား"

ရှောင်အင်းက ...

"မင်းပြောတာ မှန်ပါလိမ့်မယ်"

ဟု အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

စိန်ကျူး ပြုံးလိုက်သည်။

"သူတို့ ဘာကြောင့် ဒီလိုလုပ်ရဲတာလဲဆိုတာ အစ်ကို မသိချင်ဘူးလား"

"သြော် ... နေလခြိဝင်းရဲ့ ကျောထောက်နောက်ခံရှိလို့ ထင်တိုင်းကျဲရဲတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"



ရှောင်အင်း ပြုံးလိုက်သည်။

"ကောင်းပြီ"

သူက ထိုင်ရာမှ ထရပ်လိုက်လေသည်။ စိန်ကျူးက ...

"အစ်ကို ဘယ်သွားမလို့လဲဟင်"

"မင်းပြောတာ ဟုတ်,မဟုတ် စုံစမ်းကြည့်မလို့လေ"

စကားဆုံးသည်နှင့် အနီရောင် ဝတ်ဆင်ထားသူများထံသို့ ခပ်သွက်သွက် လျှောက်သွားလေသည်။

စိန်ကျူးက ဘာမှမပြောဘဲ လက်ပိုက်ကြည့်နေလိုက်၏။ ရှောင်အင်းသည် ဆိုင်လုလင်ကို အလျှင်ဦးစွာ ဖေးမလိုက်၏။

"ခင်ဗျား ဘယ့်နှယ်နေသလဲဗျ"

"ကျွန် ... ကျွန်တော် ဘာမှမဖြစ်ပါဘူးဗျာ"

ဘာမှမဖြစ်ဟုပြောသည့် ဆိုင်လုလင်မှာ နှာခေါင်းရိုးကျိုးကာ မျက်နှာတစ်ခုလုံး သွေးချင်းချင်း နီရဲပေတော့သည်။

"ကဲ ကဲ ခင်ဗျားသွားပြီး အနားယူလိုက်ပါဗျာ"

ရှောင်အင်းက ပြောလိုက်သဖြင့် ဆိုင်လုလင်မှာ အပြေးအလွှား ထွက်ခွာသွားလေတော့သည်။

ရှောင်အင်းက အနီရောင်ဝတ်ဆင်ထားသူများဘက် လှည့်လိုက်သည်။ ဆိုင်လုလင်အား ထိုးကြိတ်ခဲ့သူက ဝုန်းခနဲထရပ်လိုက်ပြီး

"ဟေ့ကောင် ... မင်းက ဘာဝင်ရှုပ်တာလဲကွ"

ရှောင်အင်းက ...

"ကျုပ်က မတရားတာကို လက်ပိုက်ကြည့်မနေတတ်လို့ ပါဗျာ"

"ဘာကွ"

"ဟား ဟား ဟား"

အနီရောင်ဝတ်ဆင်ထားကြသူများ လှောင်ပြောင်ရယ်မော လိုက်ကြလေသည်။ ရှောင်အင်းက တည်ကြည်သောမျက်နှာထား ဖြင့် ရပ်နေလိုက်၏။ ဆိုင်လုလင်အား ထိုးကြိတ်ခဲ့သူမှာ ...

"ဟေ့ကောင် ... မင်း အေးအေးဆေးဆေး ထွက်သွားရင် ကောင်းလိမ့်မယ်"

"ကျုပ်က မသွားဘူးဆိုရင်ကော"

"ဩော် ... မင်းက ဘယ်ဆိုးလို့လဲ၊ ကောင်းပြီလေ ကိုယ်နဲ့ မဆိုင်ဘဲ ဝင်ရှုပ်ရင် ဘယ်လိုဖြစ်မယ်ဆိုတာ မင်းကို သင်ခန်းစာ ပေးရမှာပေါ့"

စကားဆုံးလျှင် ထိုလူက စတင်တိုက်ခိုက်လိုက်လေသည်။

သို့သော် ထိုလူ လှုပ်ရှားခြင်း မပြုသေးမီ ရှောင်အင်း၏ လက်သီးက ထိုလူ၏မျက်နှာဆီသို့ တန်းတန်းမတ်မတ် တိုးဝင်သွား ရာ ...

'ခွပ်'



"အား"

ထိုလူမှာ ကြမ်းပြင်ပေါ် ဘိုင်းခနဲ လဲကျသွားပြီး စန့်စန့်ကြီး ဖြစ်ကာ သတိလစ် မေ့မြောသွားလေတော့သည်။

"ဟာ"

ထိုလူ၏အဖော်များ တအုံ့တသြ ရေရွတ်လိုက်ကြသည်။

သူတို့၏လူ ခံလိုက်ရသဖြင့် ဒေါပွသွားကြပြီး ချက်ချင်းပိုင်းရံ တိုက်ခိုက်လိုက်ကြ၏။

ရှောင်အင်းက ပြန်လည်တိုက်ခိုက်လိုက်ရာ ထိုလူများ တစ် ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

❋

စားသောက်ဆိုင်ကလေးများ အနောက်ဘက်တွင် ကျန်ရစ် ခဲ့ပြီဖြစ်လေသည်။

ရှောင်အင်းနှင့်စိန်ကျူးတို့ ရွှေဒဂါးအာမခံဌာနဆီသို့ ဦးတည် ထွက်လာခဲ့ကြလေသည်။ လမ်းတစ်လျှောက်တွင် စိန်ကျူးက ရှောင် အင်း၏လုပ်ရပ် ကို ချီးကျူးပြောဆိုလာခဲ့လေသည်။

ရှောင်အင်းမှာ သူမ၏စကားများကို စိတ်မဝင်စားတော့ပါ ချေ။ ရွှေဒဂါးအာမခံဌာနနှင့်နေလခြံဝင်း မည်သို့ပတ်သက်နေသည် ကို သိလိုစိတ် ပြင်းပြနေပေတော့သည်။

ရုတ်တရက် သူတို့၏ရှေ့တူရူမှ လူတစ်စု ဒရောသောပါး ပြေးလာနေကြသည်ကို တွေ့လိုက်ရ၏။ စိန်ကျူးက ...

"ရွှေဒဂ်ါးအာမခံဌာနက လူတွေတော့ လာကုန်ကြပြီ၊ ရှေ့ဆုံးက ဦးဆောင်လာတာ ခေါင်းဆောင် ရှမ်းစိမ်းပေါ့"

ရောင်အင်း ခြေလှမ်း ရပ်လိုက်လေသည်။ ပြေးလွှားလာသူများသည် သူတို့အနီးသို့ ရောက်သည်နှင့် ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။ ရောင်အင်း ပြုံးလိုက်သည်။

"ရွှေဒဂ်ါးအာမခံဌာနက လူတွေဟာ သူများကို စော်ကားဖို့တော့ ဝန်မလေးဘူး၊ ကိုယ့်လူထိတော့ နာတတ်လိုက်ကြတာ"

ဟု ပြောလိုက်လေသည်။

ရွှေဒဂ်ါးအာမခံဌာနခေါင်းဆောင် ရှမ်းစိမ်းက ရှေ့သို့ လှမ်းထွက်လာပြီး ရောင်အင်းနှင့် မျက်နှာချင်းဆိုင်လိုက်လေသည်။

ရှမ်းစိမ်းမှာ အသက်လေးဆယ်ခန့်ရှိပြီး အဖိုးတန်ပိုးဖဲ အဝတ်အစားများ ဝတ်ဆင်ထား၏။

မာန်မာနကြီးသူတစ်ယောက်အသွင် အထင်းသားပေါ်လွင်နေ၏။ ရောင်အင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး

"ငါ့လူတွေကို စော်ကားတာ မင်း မဟုတ်လား"

ဟု ခက်ထန်မာကျောစွာ မေးလေသည်။

ရောင်အင်း ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်၊ ကျုပ်ပဲ"

"ဩော် ... မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ သေချင်နေပြီကိုး၊ ကဲကွာ"

ပြောပြောဆိုဆို ရှမ်းစိမ်း ထိုးသွင်းလိုက်သည့် လက်သီးဖမ်းဆုပ်ထားလိုက်၏။ ရှမ်းစိမ်း မျက်လုံးပြူးသွားသည်။

"မင်း ... မင်း"

ရောင်အင်းက ...

"ခင်ဗျားက နေလခြံဝင်းကို ကျောထောက်နောက်ခံပြုပြီး ထင်တိုင်းကျဲနေတာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။ ရှမ်းစိမ်းက ...

"ခွေးကောင်လေး ... မင်း သေချင်ပြီ ထင်တယ်၊ ငါတို့ကို ထိရင် နေလခြံဝင်းက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူးဆိုတာ မှတ်ထားစမ်း"

"ခင်ဗျားလို ထင်တိုင်းကျဲနေတဲ့လူကို နေလခြံဝင်းက ကူညီစောင့်ရှောက်ရမှာလားဗျ"

ရှမ်းစိမ်း အံကြိတ်လိုက်သည်။

"သတ္တိရှိရင် မင်း ငါ့လက်ကိုလွှတ်လိုက်၊ ငါသွားပြီး အကြောင်းကြားလိုက်တာနဲ့ နေလခြံဝင်းကလူတွေ မင်းကို ဆုံးမဖို့ ရောက်လာလိမ့်မယ်"

ရှောင်အင်း ခံပြင်းသွားလေသည်။

ရှမ်းစိမ်းသည် ထင်ရာစိုင်းနေသူဖြစ်ကြောင်း ကောင်းစွာ ရိပ်မိလာပြီ ဖြစ်လေသည်။

ရှမ်းစိမ်းလို လူစားမျိုးက နေလခြံဝင်း၏အမည်ကို တွင်တွင်ကြီး အသုံးပြုနေသဖြင့် မခံမရပ်နိုင်အောင် ဖြစ်လာရ၏။

ရှမ်းစိမ်း ပြောသကဲ့သို့ နေလခြံဝင်းမှလူများသည် မတရားသည့်ဘက်မှ ထောက်ခံကူညီနေသည်မှာ အမှန်တကယ် ဟုတ်၊ မဟုတ် ဖော်ထုတ်လိုက်သည်။ နေလခြံဝင်းမှလူများ ရောက်လာလျှင် သူ့အား မှတ်မိသွားမည်ကိုလည်း စိုးရိမ်မိ၏။

သူ့အား တွေ့သွားပါက အဘိုးဖြစ်သူ ချက်ချင်း လိုက်လာလိမ့်မည် ဖြစ်လေသည်။ ရှောင်အင်း အနည်းငယ် စဉ်းစားလိုက်ပြီး...

"ကောင်းပြီ၊ ခင်ဗျားကို လွှတ်ပေးလိုက်မယ်၊ နေလခြံဝင်းက လူတွေခေါ်ပြီး မြို့ပြင်သချိုင်းကို လာခဲ့ပေတော့၊ ကျုပ် စောင့်နေမယ်"

ဟု ပြောလိုက်လေသည်။ ရှမ်းစိမ်းကိုလည်း တွန်းထုတ်ပစ်လိုက်သည်။ ရှမ်းစိမ်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်လေသည်။

ရှောင်အင်းကို စားမတတ် ဝါးမတတ် စိုက်ကြည့်ရင်း ...

"မင်းသာ ဆက်ဆက်စောင့်နေပါ၊ နေလခြံဝင်းအကြောင်း သိရစေမယ်ကွ"



ပြောပြီး ချာခနဲလှည့်ကာ ပြေးလွှားသွားလေသည်။

သူ၏လူများသည် ပြေးလွှားလိုက်ပါသွားကြရာ တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေတော့သည်။

ရှမ်းစိမ်းတို့လူစု ထွက်သွားကြပြီ ဖြစ်လေသည်။

စိန်ကျူးသည် ရှောင်အင်း၏လုပ်ရပ်ကို သဘောကျသည့်အလား ပြုံး၍ ကြည့်နေလေသည်။

ရှောင်အင်းက စိန်ကျူးဘက်သို့ လှည့်လိုက်ပြီး ...

"ကျုပ်တို့ မြို့ပြင်သချိုင်းကို သွားကြရအောင်"

ဟု ပြောလိုက်၏။ စိန်ကျူးက ...

"ရှင်က နေလခြံဝင်းက လူတွေနဲ့ တကယ်ပဲ ရင်ဆိုင်မလို့လား"

ဟု မေးလေသည်။ ရှောင်အင်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"ကျုပ်က တကယ်ပြောတာ မဟုတ်ဘူးလို့ မင်း ထင်နေတာလား"

စိန်ကျူး ပါးစပ်ပိတ်ထားလိုက်လေသည်။ ရှောင်အင်းက...

"ကဲ ... သွားကြရအောင်"

ပြောပြောဆိုဆို ရှေ့မှ လှမ်းထွက်သွား၏။

စိန်ကျူးသည် ဘာမှမပြောဘဲ နောက်မှလိုက်သွားလေသည်။ သူတို့နှစ်ယောက်သည် လမ်းအသွယ်သွယ်ကို ဖြတ်ကျော်ပြီး မြို့ပြင်သင်္ချိုင်းသို့ ရောက်ရှိသွားကြလေသည်။

မြို့ပြင်သင်္ချိုင်းမှာ သစ်ကြီးဝါးများ ဖုံးလွှမ်းနေပါ၏။

မြေပုံမှတ်တိုင်များသည် ဟိုတစ်စု သည်တစ်စု ထိုးထိုးထောင်ထောင် ရှိနေကြသည်။

သင်္ချိုင်းထဲ၌ ဇရပ်ပျက်ဆောင်ရှိနေသည်ကို တွေ့ရလေသည်။ ရှောင်အင်းသည် ဇရပ်ပျက်ဆီသို့ ဦးတည်လျှောက်သွားပြီး ခုန်တက်လိုက်၏။

စိန်ကျူးသည် ထက်ကြပ်မကွာ လိုက်လာ၏။ သူတို့နှစ်ယောက်သည် ဇရပ်ပျက်ပေါ်၌ အေးအေးဆေးဆေး ထိုင်နေကြလေတော့သည်။

လေပြည်လေညင်း ငွေ့ယမ်းတိုက်ခိုက်လာသည်။

အဝေးမှ ငှက်ကလေးများ၏ သဘောသဘာဝ သီကျူးသံထွက်ပေါ်နေ၏။ ရှောင်အင်းသည် နေလခြိုဝင်း၏အမည်ကို တွင်တွင်ကြီး အသုံးချကာ ထင်ရာစိုင်းနေသူများနှင့် ပတ်သက်ပြီး မကျေမနပ်ဖြစ်နေပေတော့သည်။

သူ၏စိတ်ထဲ၌ ကျိတ်မနိုင် ခဲမရဖြစ်နေခြင်းကြောင့် ...



"ကျုပ်အဘိုးကို လူယုတ်မာတစ်ယောက်လို့ထင်ရင် မှားသွားလိမ့်မယ်"

ဟု လွတ်ခနဲ ပြောလိုက်လေသည်။ စိန်ကျူးသည် ရှောင်အင်း၏အခြေအနေကို စောင့်ကြည့်နေပါသည်။

ရှောင်အင်း၏စကားကြားရသည်နှင့် ...

"လူတိုင်းကတော့ ရှင့်အဘိုးကို ချီးကျူးနေတာပဲရှင့်၊ ဒါပေမဲ့ အပြစ်ပြောတဲ့သူတွေလည်း မနည်းဘူးဆိုတာ အမှန်ပဲရှင့်"

ရှောင်အင်းက ...

"နေစမ်းပါဦး၊ ဘယ်လို အပြစ်ပြောကြတယ်ဆိုတာ ကျုပ်ကို ပြောပြစမ်းပါဦး"

စိန်ကျူးက ရှင်းပြလိုက်လေသည်။

"နေလခြိုဝင်းက မတရားမှုတွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်နေတယ်လို့တော့ ပြောသံမကြားရပါဘူး၊ ဒါပေမဲ့ ထင်ရာစိုင်းနေတဲ့လူတွေကို နောက်ကွယ်ကနေ အကူအညီပေးနေတယ်လို့ ပြောကြတာပဲ"

"ပြောသံကြားရုံနဲ့ စွပ်စွဲထားတော့ မကောင်းဘူး ထင်ပါတယ်ဗျာ"

စိန်ကျူး ခေါင်းယမ်းလိုက်လေသည်။

"ပြောသံကြားရုံနဲ့ စွပ်စွဲတာ မဟုတ်ပါဘူး၊ တချို့ကိစ္စတွေ

မှာ သက်သေအထောက်အထားတွေ ရှိပါတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က အဖြစ်အပျက်တစ်ခုဆိုရင်"

သူမသည် ရှေ့ဆက်မပြောတော့ဘဲ စကားတစ်ပိုင်းတစ်ဖြတ်ရပ်ထားလိုက်လေသည်။ ရှောင်အင်း မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"ကျွန်မပြောပြရင် ဒေါ်လေးကူးက ကြိုက်မှာ မဟုတ်ဘူးရှင့်"

"ဟမ်"

ဒေါ်လေးကူးဆိုသည့် အမည်ကို ကြားလိုက်ရခြင်းကြောင့် ရှောင်အင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဒေါ်လေးကူးအကြောင်း ကျုပ်ကို ပြောပြစမ်းပါ"

ဟု မေးလိုက်လေသည်။ ဝိန်ကျူး ခေါင်းယမ်းလိုက်သည်။

"ကျွန်မ ပြောချင်ပေမယ့် ပြောလို့ မဖြစ်ဘူးရှင့်"

"ဘာဖြစ်လို့လဲ"

"ဒေါ်လေးကူးက မပြောရဘူးလို့ မှာထားလို့ပေါ့"

ရှောင်အင်း မကျေမနပ် ဖြစ်လာပြန်ရလေတော့သည်။

ဒေါ်လေးကူးဆိုသည့် အမျိုးသမီးကြီးသည် သူ့ရဲကောင်းစံအိမ်သို့ ကျူးကျော်ဝင်ရောက်ခဲ့သူဖြစ်ပေသည်။

သူမသည် နေလခြံဝင်းကိုလည်းကောင်း၊ သူ၏ဖခင်ကိုလည်းကောင်း မကျေမနပ်ဖြစ်နေကြောင်း ထင်ရှား၏။

သူ၏ဖခင်အား ကောင်းစွာသိရှိထားပုံလည်း ရလေသည်။ အမျိုးသမီးကြီးနှင့်သူ၏ဖခင် မည်သို့ပတ်သက်နေပါသနည်း။

ရှောင်အင်းမှာ ဒေါ်လေးကူး၏အကြောင်း ပို၍သိလိုလာပေတော့သည်။

"မင်းမပြောလည်း ကျုပ်က ရအောင်စုံစမ်းမယ်ဆိုတာ မှတ်ထားပါ"

ဟု ပြောလိုက်လေသည်။ ဝိန်ကျူး ပြုံးလိုက်သည်။

"ရှင်ကိုယ်တိုင် စုံစမ်းတာ အကောင်းဆုံးပါပဲရှင်"

"ဩော် ... မင်းက ငါ့ကို ကိုယ်တိုင်စုံစမ်းစေချင်တယ်ပေါ့"

"ဟုတ်ပါတယ်၊ ရှင်ဟာ ဒီကိစ္စကို ဘာမှမသိသေးဘူးဆိုတာ အားလုံးရိပ်မိထားကြပါတယ်၊ ဒါကြောင့် ရှင်ကိုယ်တိုင် စုံစမ်းသိရှိသွားတာမျိုးပဲ ဖြစ်ရမှာပေါ့ရှင်"

ရှောင်အင်းမှာ သူမ ပြောဆိုနေသည့်စကားများကို နားမလည်နိုင်အောင် ဖြစ်ရလေသည်။ ဒေါ်လေးကူးတို့လူစုနှင့် နေလခြံဝင်းတို့ ပတ်သက်နေသည့် လျှို့ဝှက်ချက်ရှိရမည်ဟူသော အသိမှာလည်း ပို၍ခိုင်မာလာလေ တော့သည်။ ဝိန်ကျူးက ...

"ကျွန်မတို့သားအဖ သူဌေးလျူနဲ့ ဘယ်လိုပတ်သက်ခဲ့ရ

တယ်ဆိုတာ ရှင် မသိချင်ဘူးလား"

ဟု မေးလာသည်။ သူမသည် စကားလမ်းကြောင်း ပြောင်းလဲလိုက်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း ရှောင်အင်း ရိပ်မိလိုက်လေသည်။ စိန်ကျူးကိုစိုက်ကြည့်ရင်း ...

"သူဌေးလျှူကု မတရားလုပ်နေတာနဲ့ မင်းတို့သားအဖက ဝင်ပြီး ဆုံးမရင်း ဒုက္ခရောက်ခဲ့ရတယ်လို့ ပြောချင်တာ မဟုတ်လား"

"မှန်ပါတယ်ရှင်၊ ဒါပေမဲ့ ... သူတို့ဟာ ကျွန်မအဖေကို ဖမ်းထားပြီး သေသွားပြီလို့ လိမ်ပြောခဲ့တာ ရှင် မြင်တဲ့အတိုင်းပဲ"

ရှောင်အင်း ပခုံးတွန့်လိုက်သည်။

"သူဌေးလျှူကုကိုတော့ ကျုပ် ဘာမှမပြောချင်ပါဘူး၊ သူဟာ မကောင်းတဲ့လူတစ်ယောက်ဆိုတာ ကျုပ် နားလည်ပါတယ်"

"ဒါဖြင့် ကျွန်မကို တိုက်ခိုက်တဲ့ ရှင့်အဘိုးကကော"

"ဘာ"

ရှောင်အင်း လွှတ်ခနဲ အော်လိုက်မိလေသည်။ စိန်ကျူးက

"သိုင်းလောကမှာ ကိုယ့်ထက် သိုင်းပညာနိမ့်ပါးတဲ့လူကို သိုင်းပညာအားကိုးနဲ့ အနိုင်မကျင့်ရဘူးဆိုတဲ့ စည်းကမ်းရှိတယ်ဆိုတာ ရှင်သိသလား"

ဟု မေးလေသည်။ ရှောင်အင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပေတော့သည်။ စိန်ကျူးပြောသည့် သိုင်းလောကစည်းကမ်းကို သူ



ကောင်းစွာ သိရှိထားပါသည်။

သူ၏အဘိုး ရှောင်ဖွေး၏ သိုင်းပညာအဆင့်နှင့် စိန်ကျူး၏ သိုင်းပညာအဆင့်မှာ မိုးနှင့်မြေပမာ ကွာခြားလှပေသည်။

သို့တိုင် ရှောင်ဖွေးက စိန်ကျူးအား တိုက်ခိုက်ပစ်ခဲ့သည် မဟုတ်ပါလော။ စိန်ကျူးက ဆက်ပြောလေသည်။

"သူဌေးလျှူဟာ မကောင်းတဲ့လူဆိုတာ ရှင့်အဘိုး သိသင့်တာပေါ့ရှင်၊ သူက မသိဟန်ဆောင်ပြီး ကူညီနေတာကြောင့် နေလခြိဝင်းအပေါ်မှာ မကျေနပ်စရာတွေ ဖြစ်လာတော့တာပေါ့"

"မင်းကလည်း ကျုပ်အဘိုးကို စော်ကားမော်ကား ပြောတာကိုး"

စိန်ကျူး မဲ့ပြုံး ပြုံးလိုက်သည်။

"ကျွန်မအမှားပဲ ထားလိုက်ပါတော့ရှင်"

ရှောင်အင်း ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ဇရပ်ပျက်ပေါ်၌ ရှောင်အင်းနှင့် စိန်ကျူးတို့ ထိုင်နေကြ၏။ ဇရပ်ပျက်ရှေ့သို့ လူတစ်စုရောက်ရှိလာကြလေသည်။ ရှမ်းအိမ်းတို့လူစု ဖြစ်လေသည်။

ရှမ်းစိမ်းတို့လူစုနှင့်အတူ လူနှစ်ယောက် လိုက်ပါလာကြလေ

သည်။ ထိုလူနှစ်ယောက်မှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပေသည်။

တစ်ယောက်မှာ အသက်လေးဆယ်ခန့်ရှိပြီး ကျန်တစ်ယောက်မှာ ရှောင်အင်းနှင့် သက်တူရွယ်တူခန့်ရှိ လူငယ်လေးတစ်ယောက် ဖြစ်ပေသည်။

ရှမ်းစိမ်းသည် ရှောင်အင်းတို့အား ညွှန်ပြလိုက်ပြီး ...

"နောင်ကြီး တုကုဟုန် ... ကျုပ်တို့ကို တိုက်ခိုက်ပြီး နေလခြဝင်းကို စော်ကားမော်ကားပြောသွားတာ သူတို့ပါပဲ"

အသက်လေးဆယ်ခန့်ရှိ အဖြူရောင်ဝတ်ဆင်ထားသူ ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။ ရှေ့သို့ လှမ်းထွက်ကာ ရှောင်အင်းတို့အား အကဲခတ်ကြည့်လိုက်လေသည်။

ရှောင်အင်းနှင့်စိန်ကျူးတို့သည် ဇရပ်ပျက်ပေါ်၌ အေးအေးဆေးဆေး ထိုင်နေကြသည်။ တုကုဟုန်ဆိုသူက ...

"ဟေ့ကောင်လေး ... မင်းက နေလခြဝင်းကို စော်ကားတယ် ဟုတ်လား၊ သေချင်ပြီထင်တယ်"

ပြောရင်း လက်တစ်ဖက် မသိမသာဝှေ့ယမ်းလိုက်၏။

ဓားမြှောင်တစ်ချောင်းသည် ရှောင်အင်း၏ရင်ဝဆီသို့ တန်းတန်းမတ်မတ် ပစ်လွှင့်လာလေတော့သည်။

ရှောင်အင်း လက်ဝှေ့ယမ်းလိုက်သည်။ ဓားမြှောင်ကလေး



ကွယ်ပျောက်သွားလေသည်။ တုကုဟုန် မျက်မှောင်ကြုတ်သွား၏။

ရှောင်အင်းမှာ ခေသူမဟုတ်မှန်းလည်း ချက်ချင်း နားလည်သဘောပေါက်သွားပေတော့သည်။

သူက ခိုးကြောင်ခိုးဝှက် တိုက်ခိုက်လိုက်သည့်အဖြစ်မှ ရှက်စရာကောင်းနေသည် မဟုတ်ပါလား။

ရှောင်အင်းက စိန်ကျူးဘက်လှည့်ကာ ...

"သူဟာ နေလခြဝင်းအမည်ကို ကျယ်ကျယ်လောင်လောင် ပြောနေပေမယ့် တကယ်တော့ နေလခြဝင်းကလူမဟုတ်ဘူး"

ဟု ပြောလိုက်၏။ စိန်ကျူး ရယ်မောလိုက်သည်။

"ရှင့်ကိုကောင် မသိဘူးဆိုကတည်းက ကျွန်မ နားလည်သဘောပေါက်ပြီးပါပြီရှင်"

ထိုစဉ် တုကုဟုန်က ...

"ဟေ့ကောင်လေး ... မင်း သေဖို့သာ ပြင်ထား"

အော်ငေါက်ကာ ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ဦးလေး ... သူ့ကို ကျွန်တော် ဆုံးမလိုက်ပါ့မယ်"

အဖြူရောင် ဝတ်ဆင်ထားသည့် လူရွယ်က ပြောရင်းမှ ခါးမှဓားကို ဆွဲထုတ်ကာ ဇရပ်ပျက်ပေါ် ခုန်တက်လာလေသည်။

သူ၏လှုပ်ရှားပုံကိုကြည့်ရုံဖြင့် သိုင်းပညာထိပ်တန်းအဆင့်

ရှိနေမှန်း သိနိုင်ပေသည်။

လေထဲ၌ ကျွမ်းပစ်ကာ ခုန်တက်လာရင်း ရှောင်အင်း၏ဦး ခေါင်းကို ဓားဖြင့် ခုတ်ချလိုက်၏။ လူရွယ်အနီးသို့ရောက်လာမှ လက်တစ်ဖက် လှုပ်ရှားလိုက်၏။

"ဒုံစ်"

တုကုဟုန် ပစ်လိုက်သည့် ဓားမြှောင်ကို သူက ဖမ်းယူထားပြီး ယခုမှ ဓားမြှောင်ဖြင့် ပြန်ပစ်လိုက်ခြင်း ဖြစ်လေသည်။

ဓားမြှောင်သည် လူရွယ်၏ဓားကိုင်ထားသည့် လက်မောင်းတွင် စိုက်ဝင်သွားလေတော့သည်။

"အား"

လူရွယ် လွှတ်ခနဲ အော်လိုက်၏။ သူ၏လက်ထဲမှ ဓားသည် ရှောင်အင်း၏ရှေ့သို့ လွတ်ကျသွား၏။

အခြေအနေမဟန်မှန်းသိသဖြင့် တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ပြန်လည်ခုန်ဆင်းသွားလေသည်။

"တုဖုန်း ... မင်းဘာဖြစ်သွားသလဲ"

တုကုဟုန်က စိုးရိမ်တကြီး မေးလိုက်၏။ တုဖုန်း ခေါင်းငုံ့ကာ နောက်ဆုတ်လိုက်ပြန်လေသည်။

သူ၏လက်မောင်း၌ ဓားမြှောင်စိုက်ဝင်နေသည်ကို မြင်လျှင် တုကုဟန် မျက်နှာပျက်သွား၏။ ရှောင်အင်းကို မယုံကြည်နိုင်စွာ



လှမ်းကြည့်လိုက်လေသည်။ ရှောင်အင်းက ...

"ခင်ဗျားတို့ရဲ့ သိုင်းပညာအဆင့်နဲ့ နေလခြံဝင်းအမည်ကို အသုံးပြုပြီး ထင်တိုင်းကျဲဝံ့ကာ အံ့ဩစရာပါပဲဗျာ"

ဟု ပြောလိုက်လေသည်။ တုကုဟုန် ခံပြင်းသွားသည်။

"သတ္တိရှိရင် မင်းနာမည်ပြောစမ်း"

ဟု အော်မေးလိုက်သည်။ ရှောင်အင်း ခေါင်းယမ်းလိုက်သည်။

"ခင်ဗျားလိုလူစားမျိုးကို ကျုပ်နာမည် ပြောပြဖို့ မတန်သေးပါဘူးဗျာ၊ နောက်နောင် နေလခြံဝင်းအမည်ကို အသုံးပြုပြီး မဟုတ်တာလုပ်မယ်ဆိုရင် ခင်ဗျား ဒုက္ခရောက်ရမယ်ဆိုတာ မှတ်ထားပေါ့"

တုကုဟုန် မျက်နှာပျက်သွားသည်။ ရှောင်အင်းကို စိုက်ကြည့်ရင်း ...

"မင်း မင်းဟာ နေလခြံဝင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဟု မေးလေသည်။ ရှောင်အင်းက ...

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးဘူး၊ ကျုပ်ရဲ့ စကားကို သေသေချာချာ မှတ်ထားပြီး ဒီနေရာက မြန်မြန်ထွက်သွားကြရင် ကောင်းမယ်"

ဟု ဝေါက်လိုက်သည်။ စကားဆုံးလျှင် လူငယ်၏ဓားကို

ခါးရိုးနှင့် ခါးဖျားမှကိုင်ကာ ကွေးချလိုက်ရာ ...

"ခြွမ်း"

ခါးလက်တိုင်းကျိုးသွားတော့သည်။ တုကုဟုန် မနေဝံ့တော့ချေ။

"တုဖုန်း လာခဲ့"

လူရွယ်အား လက်ဆွဲကာ ပြေးထွက်သွား၏။

လူရွယ်လည်း မကျေမနပ်ဖြစ်နေသည့်တိုင် ရှောင်အင်းအား မယှဉ်ဝံ့သဖြင့် တုကုဟုန်နောက်သို့ လိုက်ပါသွားလေတော့သည်။

သူတို့ထွက်သွားကြသည့်အခါ ရှမ်းစိမ်းတို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ရှောင်အင်းက ...

"ခင်ဗျားတို့ကော ဘာလုပ်နေကြတာလဲ"

ဟု မေးလိုက်သည်။ ရှမ်းစိမ်းတို့ မနေနိုင်ကြတော့ပါ။

ဇရပ်ပျက်ရှေ့မှ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြလေတော့သည်။

ရှမ်းစိမ်းတို့လူစု ထွက်ပြေးသွားကြပြီးမှ ရှောင်အင်းက စိန်ကျူးကိုကြည့်သည်။ စိန်ကျူး သက်ပြင်းချလိုက်သည်။

"နေလခြံဝင်းက လူတိုင်းလိုလို ရှင့်လို စိတ်သဘောထားရှိကြမယ်ဆိုရင် သိပ်ကောင်းမှာပဲနော်"

ဟု မှတ်ချက်ချလိုက်လေသည်။ ရှောင်အင်း ကျွဲမြီးတိုသွား



လေသည်။

"ကျုပ်တစ်ယောက်တည်း မဟုတ်ပါဘူးဗျာ၊ နေလခြံဝင်းက လူတွေဟာ လူကောင်းတွေပါ"

စိန်ကျူး ပြုံးနေလိုက်လေသည်။ ရှောင်အင်းက ...

"မင်းမြင်တဲ့အတိုင်းပဲ၊ တုကုဟုန်ဆိုတဲ့လူဟာ နေလခြံဝင်းကလူမှ မဟုတ်တာ၊ သူတို့ဟာ နေလခြံဝင်းရဲ့ အရှိန်အဝါကို အလွဲသုံးစားလုပ်ပြီး အသုံးချနေကြတာ၊ သူတို့လိုလူစားမျိုးတွေကြောင့် နေလခြံဝင်း နာမည်ပျက်နေရတာ ထင်ရှားနေပြီ မဟုတ်လား"

စိန်ကျူးက ...

"သူတို့ဟာ နေလခြံဝင်းနဲ့မဆိုင်ဘူးဆိုရင် ဆိုင်တဲ့လူကို ကျွန်မပြမယ်"

"ဘယ်မှာလဲ"

"ကဲ ... လာ ကျွန်မနောက်လိုက်ခဲ့"

စကားဆုံးလျှင် စိန်ကျူးက ဇရပ်ပျက်ပေါ်မှ ခုန်ဆင်းလိုက်လေ၏။ ရှောင်အင်း အံကြိတ်လိုက်သည်။

"မင်း ဘယ်လိုသက်သေပြမလဲဆိုတာ ကြည့်သေးတာပေါ့"

ဇရပ်ပျက်ပေါ်မှခုန်ဆင်းကာ စိန်ကျူးနောက်သို့ လိုက်ပါသွားလေတော့သည်။

❋ ❋ ❋

## လျှို့ဝှက်ချက်

နေခြည်ဖြာကျနေသည်။ ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။ စိမ်းလန်းသော တောအုပ်များသည် အရပ်လေးမျက်နှာတွင် ဖုံးလွှမ်းလျက် ရှိနေပေသည်။

စိန်ကျူးသည် မှိုင်းညို့ညို့တောင်ကြီးတစ်လုံးဆီသို့ ဦးတည်ကာ သွားနေ၏။ ရှောင်အင်းက ထက်ကြပ်မကွာ လိုက်ပါသွား၏။

နေလခြိဝင်းနှင့်ပတ်သက်၍ ဖြေရှင်းရန် ရှောင်အင်း စိတ်ထက်သန်နေပါသည်။ လီချူးသေဆုံးသွားရသည့်ကိစ္စကိုလည်း သူမေ့နိုင်မည် မဟုတ်ပါ။

ဗလကြီးနှင့် ဆံပင်စုတ်ဖွားတို့အား သုတ်သင်ရှင်းလင်းရန် သံမိဋ္ဌာန်ချထားပေတော့သည်။ သူတို့နှစ်ယောက် တောင်ပေါ်သို့ တရွေ့ရွေ့ တက်လာခဲ့ရာမှ ရှောင်အင်းက မနေနိုင်တော့ဘဲ ...

"မင်း ဘယ်သွားမလို့လဲ"

ဟု မေးလိုက်လေ၏။ စိန်ကျူး ခြေလှမ်းရပ်သွား၏။ ရှောင်အင်းကို လှမ်းကြည့်ကာ ...



"တောင်ပေါ်သွားကြမယ်၊ တောင်ပေါ်ရောက်ရင် နေလခြိဝင်းကို မကျေနပ်တဲ့လူတွေ ဘာကြောင့်ရှိနေတယ်ဆိုတာ ရှင်းသိရလိမ့်မယ်"

ဟု ပြောလေသည်။ ရှောင်အင်း စိတ်လှုပ်ရှားသွား၏။

"တောင်ပေါ်မှာ နေလခြိဝင်းကို မကျေနပ်တဲ့လူတွေ ရှိနေတယ်ပေါ့ ... ဟုတ်လား"

စိန်ကျူးက အဖြေမပေးပါ။

"ဒေါ်လေးကူးတို့လူစုလား"

ရှောင်အင်းက မေး၏။ စိန်ကျူးက ...

"တောင်ပေါ်ရောက်ရင် ရှင် တွေ့ပါလိမ့်မယ်၊ ကဲ သွားကြရအောင်"

ပြောပြောဆိုဆို တောင်ပေါ်သို့ ဆက်ပြီးတက်သွား၏။ သူတို့နှစ်ယောက် တရွေ့ရွေ့တက်သွားကြရာ တောင်ထိပ်ပေါ်သို့ ရောက်ရှိသွားကြလေ၏။ တောင်ထိပ်ပေါ်၌ ဝါးတောတစ်ခု ရှိနေသည်။ စိန်ကျူးသည် ဝါးတောဆီသို့ ဦးတည်လျှောက်သွားလေသည်။ တောင်ထိပ်ပေါ်မှကြည့်လျှင် သာယာလှပသည့် ရှုမျှော်ခင်းများကို တွေ့မြင်နေရပေသည်။ ရှောင်အင်းသည် ဟိုဟိုသည်သည် ငေးမောကြည့်ရှုရင်း စိန်ကျူးနောက်သို့ လိုက်သွား၏။

မကြာပါချေ။ သူတို့နှစ်ယောက် ဝါးတောကလေးအတွင်းသို့

ရောက်ရှိသွားကြလေသည်။ ဝါးတောအတွင်း၌ အိမ်ကလေးတစ်လုံး ရှိနေပါ၏။ ရှောင်အင်း စိတ်ဝင်စားသွား၏။

"တောင်ထိပ်မှာ နေတဲ့လူ ရှိနေတာကိုး"

ထိုစဉ် စိန်ကျူးက သူ့အား လှမ်းကြည့်လာပြီး ...

"အိမ်ထဲကို ဝင်သွားပါရှင်"

"ငါ ဘာဖြစ်လို့ ဝင်မသွားရဲရမှာလဲ"

စိတ်ထဲမှ ရေရွတ်ကာ အိမ်ကလေးရှေ့သို့ ခပ်သွက်သွက် လှမ်းသွား၏။ စိန်ကျူးမှာ မလှမ်းမကမ်း၌ ရပ်ကာ ကျန်ရစ်ခဲ့လေ၏။

ရှောင်အင်းသည် တစ်ခဏအတွင်းမှာပင် အိမ်ကလေး ရှေ့သို့ ရောက်ရှိသွားလေသည်။ အိမ်ရှေ့တွင် ခြေလှမ်းရပ်လိုက်၏။ အိမ်ကလေး၌ တံခါးပေါက်မရှိပါ။ နဂိုကတည်းက တံခါးတပ်ဆင်ထားခြင်းမရှိဘဲ ဟင်းလင်းဖွင့်ထားခြင်း ဖြစ်ပေသည်။ တံခါးပေါက်ဘက်တွင် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၏။ ဆိုင်းဘုတ်ပေါ်၌ ...

"သူရဲကောင်း စံအိမ်"

ဟု ရေးသားထား၏။

"ဟင် ... သူရဲကောင်းစံအိမ်ဆိုပါလား"

ရှောင်အင်း လွှတ်ခနဲ ရေရွတ်လိုက်လေသည်။ ရှောင်အင်းမှာ မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

"ဘယ်လိုလုပ်ပြီး ဒီမှာလည်း သူရဲကောင်းစံအိမ်တစ်ခု ရှိနေ



တာလဲ"

ရှောင်အင်းသည် စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်တော့ချေ။ အိမ်ထဲသို့ ခပ်သွက်သွက်လှမ်းဝင်လိုက်လေ၏။ အိမ်ထဲ၌ ပရိဘောဂပစ္စည်းဟူ၍ မည်မည်ရရမရှိဘဲ ရှင်းရှင်းလင်းလင်းဖြစ်နေ၏။ အရှေ့ဘက်နံရံအနီး၌ စားပွဲတစ်လုံး ရှိနေ၏။ စားပွဲပေါ်၌ အဖုံးပိတ်ထားသည့် ကြေးအိုးတစ်လုံးရှိနေသည်။

ကြေးအိုးရှေ့၌ စာအချို့ ရေးထား၏။ ကြေးအိုးအနီးသို့ ခပ်သွက်သွက်လှမ်းသွား၏။ အနီးသို့ရောက်မှ နံရံပေါ်တွင် ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားသည်ကို သတိပြုမိလိုက်လေသည်။

ပန်းချီကားမှာ နှစ်အတန်ကြာက ရေးဆွဲထားခဲ့ဟန်တူသည်။ ဆေးများ မှိန်နေပြီ ဖြစ်၏။

သို့သော် ပန်းချီကားအတွင်းမှ လူတစ်ယောက်၏ရုပ်ပုံမှာ ပျက်စီးယိုယွင်းခြင်းမရှိဘဲ အကောင်းပကတိရှိနေသေးသည်ကို တွေ့မြင်ရလေသည်။ ပုံတူပန်းချီကားကို သေသေချာချာကြည့်ရှုလိုက်သည်။ လူရွယ်တစ်ယောက်၏ရုပ်ပုံကို ရေးဆွဲထားခြင်း ဖြစ်သည်။

ထိုလူငယ်မှာ ယောကျ်ားပီသစွာ ချောမောပြီး နှစ်လိုဖွယ် အပြုံးပိုင်ရှင် ဖြစ်သည်။ ခါး၌ ဓားတစ်လက်ချိတ်ဆွဲထားခြင်းကြောင့် သိုင်းသမားတစ်ယောက်အသွင် ရှိနေပါသော်လည်း တကယ်တော့ ကဗျာဆရာတစ်ယောက်နှင့် တူသည်ဟု ရှောင်အင်း တွေးမိနေလေ

သည်။ ရှောင်အင်းသည် ရုပ်ပုံကားချပ်မှ မျက်လုံးမခွာနိုင်ဘဲ အတန်ကြာငေးမောကြည့်ရှုနေပြီးမှ ကြေးအိုးဆီသို့ မျက်လုံးရောက်သွား၏။

နေလခြံဝင်းအတွင်းရှိ သူ့ရဲကောင်းစံအိမ်၌လည်း ကြေးအိုးတစ်လုံး ထားရှိပေသည်။ သခင်လေးရှောင်စု၏အရိုးပြာအိုး ဖြစ်ပေသည်။ ယခုလည်း ကြေးအိုးတစ်လုံး တွေ့လိုက်ရခြင်းကြောင့် ရှောင်စု၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။ ကြေးအိုးရှေ့၌ ရေးထားသည့် ကဗျာများကို ဖတ်ကြည့်လိုက်မိလေသည်။

"သူ့ရဲကောင်းကျန်ရှု၏အရိုးပြာအိုး"

ရှောင်အင်း ငိုင်သွားသည်။ ရုပ်ပုံကားချပ်ကို ကြည့်လိုက်ပြန်သည်။ တစ်ဆက်တည်းမှာပင် နေလခြံဝင်းမှ သူ့ရဲကောင်းစံအိမ်ရှင်နှင့် ချိန်ထိုးကြည့်လိုက်မိသည်။ သူ့ရဲကောင်းစံအိမ်နှစ်ခု တည်ဆောက်ထားပုံချင်း၊ အရိုးပြာအိုးထားပုံချင်း၊ ပန်းချီကားချပ်များ ချိတ်ဆွဲထားပုံချင်း ခပ်ဆင်ဆင် ဖြစ်နေသည်ကို သတိပြုမိသည်။

ရှောင်အင်းမှာ ကျန်ရှုဆိုသူအကြောင်း သိလိုစိတ်များ ဖြစ်ပေါ်လာ၏။ စိန်ကျူးသည် သူ့အား ဤနေရာသို့ အကြောင်းမရှိဘဲ ခေါ်ဆောင်လိမ့်မည် မဟုတ်ချေ။ ရုတ်တရက် ခြေသံများ ထွက်ပေါ်လာ၏။ ရှောင်အင်း လှည့်ကြည့်လိုက်ရာ စိန်ကျူး ဝင်လာသည်ကို တွေ့ရလေသည်။

❋



"ကျန်ရှုဆိုတာ ဘယ်သူလဲဗျ"

ရှောင်အင်းက မနေနိုင်တော့ဘဲ ဆီး၍ မေးလိုက်သည်။

စိန်ကျူးက ပြန်ဖြေသည်။

"သူ့ရဲကောင်းတစ်ယောက်ပေါ့ရှင်"

"သူ့ရဲကောင်း ဟုတ်လား"

"ဟုတ်တယ်လေ၊ အစ်ကို့အဖေတစ်ယောက်တည်း သူ့ရဲကောင်းလို့ အစ်ကိုထင်နေသလား"

ရှောင်အင်း မကျေမနပ်ဖြစ်သွားသည်။ စိန်ကျူးက ဆက်ပြောသည်။

"ကျန်ရှုဟာ သူ့ရဲကောင်းဆိုတာ သိုင်းလောကတစ်ခုလုံးက သိကြပါတယ်၊ သူ့ရဲ့နာမည်ကြားရုံနဲ့ လူတိုင်း ကြည်ညိုလေးစားသွားကြတယ်၊ နေလခြံဝင်းထက်တောင် ပိုပြီးနာမည်ကြီးတယ်ရှင့်"

ရှောင်အင်း မယုံနိုင်အောင် ဖြစ်သွားရလေသည်။

"အစ်ကို မယုံဘူးဆိုရင် သိုင်းလောကထဲရောက်တဲ့အခါ စုံစမ်းကြည့်နိုင်ပါတယ်၊ ဒါပေမဲ့ ... နေလခြံဝင်းကလူတွေကို သွားမေးရင်တော့ သူတို့က ကျန်ရှုကို လူဆိုးကြီးတစ်ယောက်လို့ ပြောကြမှာပဲရှင်"

ရှောင်အင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ကျန်ရှုက ဘယ်သူလဲ၊ နေလခြံဝင်းနဲ့ ဘယ်လိုပတ်သက်နေ

သလဲ"

"ဒီအကြောင်းတွေကို အစ်ကို့အဘိုးက လူသိမခံချင်ဘူးဆိုတာ ထင်ရှားနေတာပဲ၊ အစ်ကို့ကို ဘာမှမပြောပြဘဲ ဖုံးထားခဲ့တယ် မဟုတ်လား"

"ကျုပ်အဘိုးကို စော်ကားမော်ကားပြောဖို့ စိတ်မကူးပါနဲ့"

"ကျွန်မ စော်ကားတာ မဟုတ်ပါဘူး၊ အစ်ကိုဟာ နေလခြိဝင်းအကြောင်း ဘာမှမသိသေးမှန်း နားလည်လို့ အဖြစ်မှန်ကို ရှင်းပြဖို့ ကြိုးစားနေတာပါ၊ နေလခြံဝင်းက သခင်လေးဆိုတာသိလျက်နဲ့ အစ်ကို့ကို ဒုက္ခပေးမယ့်သူတွေကို ကျွန်မက တားဆီးခဲ့တာပါ"

"မင်းမှားနေပြီ၊ ကျုပ်ဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တဲ့အပြင် ဒုက္ခပေးမယ့်သူတွေကို ဆုံးမနိုင်တယ်"

စိန်ကျူး သက်ပြင်းချလိုက်လေသည်။ ရှောင်အင်းက ...

"ကဲ ... ကျန်ရှုဆိုတဲ့လူနဲ့ ပတ်သက်ပြီး ပြောပြစမ်းပါ"

စိန်ကျူးက ...

"သူ့ရဲကောင်း ကျန်ရှုဟာ"

သူမ စကားဆုံးအောင် မပြောလိုက်ရပါ။ အဝတ်အစားလေတိုးသံများနှင့်အတူ တောင်ထိပ်ပေါ်သို့ လူတစ်စု ပြေးတက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❋



လူလေးယောက် တောင်ကုန်းပေါ်သို့ ရောက်ရှိလာကြသည်။ သူတို့အား တွေ့မြင်သည်နှင့် ...

"ဟင် ... ဒေါ်လေးကူး"

မှန်ပေသည်။ ရောက်ရှိလာသူလေးယောက်မှာ ဒေါ်လေးကူး၊ ဗလကြီး၊ ဆံပင်စုတ်ဖွားနှင့် တံငါသည်တို့ ဖြစ်ကြပေတော့သည်။ ဒေါ်လေးကူးက ...

"စိတ်ကျူး ညည်း ရက်စက်လှချည်လား၊ လူယုတ်မာရဲ့သားကိုမှ ဒီနေရာရောက်အောင် ခေါ်လာရသလား"

စိန်ကျူး မျက်နှာပျက်သွားလေသည်။ ရှောင်အင်းမှာလည်း လူယုတ်မာသားဟု အပြောခံလိုက်ခြင်းကြောင့် ဒေါသထွက်သွား၏။

"ခင်ဗျား စကားပြောတာ ကြည့်ပြောပါ"

"လူယုတ်မာလေး မင်းနဲ့ ဒီနေရာ တန်သလား၊ အခုချက်ချင်း ထွက်လာခဲ့စမ်း"

ဒေါ်လေးကူးက အော်ပြောလေသည်။ ရှောင်အင်း မနေနိုင်တော့ချေ။ အပြင်ဘက်သို့ ရိပ်ခနဲ ခုန်ထွက်လိုက်လေသည်။

"အစ်ကို သတိထားပါ မှားကုန်လိမ့်မယ်"

စိန်ကျူးက အော်ပြောရင်း နောက်မှ ပြေးလိုက်လာလေသည်။ ရှောင်အင်းမှာ ဒေါ်လေးကူးတို့ရှေ့သို့ ရောက်သွား၏။

ဗလကြီးနှင့် ဆံပင်စုတ်ဖွားတို့အား တွေ့မြင်ရသည့်အခါ

စိတ်မထိန်းနိုင်တော့ဘဲ ....

"သေပေတော့"

အော်ငေါက်ကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ ဗလကြီးက နောက်ဆုတ်လိုက်၏။

ဆံပင်စုတ်ဖွားကာ မြေပေါ်သို့ တံတွေးထွီခနဲ ထွေးချကာ

"လူယုတ်မာခြံဝင်းကလာတဲ့ မင်းကို မဆုံးမဘဲနေရင် ငါ့အမှား ဖြစ်သွားတော့မှာပေါ့"

ဟု အော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။ ဒေါ်လေးကူးနှင့်တံငါသည်တို့ နောက်ဆုတ်လိုက်သည်။တံငါသည်က

"ဒီကောင်လေးကို သတိထား"

ဟု လှမ်းပြီး သတိပေးလိုက်လေသည်။

တံငါသည်လည်း ရှောင်အင်းနှင့် တစ်ကြိမ် ရင်ဆိုင်ခဲ့ဖူးပေသည်။ ထိုစဉ်က ရှောင်အင်း၏လက်ချက်ကြောင့် ဒဏ်ရာရရှိကာ ရှောင်တိမ်းခဲ့ရလေသည်။

ရှောင်အင်းမှာ ခေသူမဟုတ်သည်ကို ကောင်းစွာနားလည်ထားရကာ ဆံပင်စုတ်ဖွားအတွက် စိုးရိမ်ပူပန်သွားခြင်း ဖြစ်ပေတော့သည်။ သို့သော် ဆံပင်စုတ်ဖွားမှာမူ လီချူးအား သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ခြင်းကြောင့် ရှောင်အင်းကိုလည်း ရှင်းပစ်နိုင်မည်ဟု ယုံကြည်ထားလေသည်။



သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဂုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။ ဆံပင်စုတ်ဖွားမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

"ရပ်လိုက်စမ်း"

ဒေါ်လေးကူး အော်ငေါက်ရင်း ရှောင်အင်းထံ ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"မလုပ်ပါနဲ့ရှင်"

စိန်ကျူးက ရှောင်အင်းရှေ့သို့ ခုန်ဝင်ပြီး အကာပြုထားလိုက်လေသည်။ ဒေါ်လေးကူးက ဒေါသထွက်သွားဟန်ကြည့်

"စိန်ကျူး ညည်း ဘေးဖယ်လိုက်စမ်း"

"ဒေါ်လေးကူး မှားကုန်ပါလိမ့်မယ် ရှင်"

"စိန်ကျူး ဖယ်မလား၊ မဖယ်ဘူးလား"

"ဒေါ်လေးကူး သူ့ကို တိုက်ခိုက်မယ့်အစား ကျွန်မကိုသာ သတ်ပစ်လိုက်ပါတော့ရှင်"

ဒေါ်လေးကူး မျက်နှာပျက်သွားသည်။ ရှေ့တိုးရန် ဟန်ပြင်ပြီးမှ နောက်သို့ ပြန်ဆုတ်သွားလေသည်။

"ညီမ ဘေးဖယ်လိုက်ပါ၊ အစ်ကို သူတို့နဲ့ ရင်ဆိုင်ပါ့မယ်"

ရှောင်အင်းက ပြောသည်။ စိန်ကျူး ခေါင်းယမ်းလိုက်၏။

"မဖြစ်ဘူး အစ်ကို၊ ငရဲကြီးလိမ့်မယ်"

ရှောင်အင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ဒေါ်လေးကူးက ရှောင်အင်းကို မကြည့်တော့ဘဲ ကျောခိုင်းထားလိုက်၏။ တံငါသည်နှင့် ဗလကြီးသည် ရန်လိုသည့်အသွင် သိပ်မရှိကြသော်လည်း ဆံပင်စုတ်ဖွားမှာမူ မကျေမနပ် ဖြစ်နေသည့်ဟန် အ အထင်းသား ပေါ်လွင်နေပေသည်။ စိန်ကျူးက ဒေါ်လေးကူးဘက်သို့ ည့်ကာ ...

ဒေါ်ဧ "ဒေါ်လေးကူး အဖြစ်မှန်ကို ပြောပြသင့်ပါတယ်ရှင်၊ သူဟာ မှမသိနားမလည်တဲ့လူပါ၊ သူ့အပေါ် အထင်မမှားဖို့ ကျွန်မ ဘင်းပန်ပါတယ်"

ဒေါ်လေးကူး ချာခနဲ လှည့်လာပြီး ...

"ညည်း ... ပါးစပ်ပိတ်ထားလိုက်စမ်း"

"ဒေါ်လေးကူး ... သူ ဘယ်သူဘယ်ဝါဆိုတာ ဒေါ်လေးကူး သိပါတယ်၊ အဖြစ်မှန်ကို"

"ညည်း"

စိန်ကျူး၏စကားမဆုံးမီ ဒေါ်လေးကူးသည် ရှေ့သို့ ခုန်ဝင်လာပြီး ပါးရိုက်ချလိုက်လေသည်။

"ဖြန်း"



စိန်ကျူး လည်ထွက်သွား၏။ သူမသည် မြေပေါ် ဒူးထောက်ချလိုက်ပြီး ...

"ကျွန်မကို သတ်ပစ်လိုက်ပါရှင်"

ဟု ပြောကာ ရှိုက်ကြီးတငင် ငိုကျွေးလိုက်သည်။ ဒေါ်လေးကူးကား ပါးရိုက်မိသည့်အဖြစ်ကြောင့် ဝမ်းနည်းသွားဟန်ရှိလေသည်။ ရှောင်အင်းကို ဒေါသတကြီး စိုက်ကြည့်ကာ ...

"မင်း အခုချက်ချင်း တောင်ပေါ်က ဆင်းသွားစမ်း"

ရှောင်အင်း ခေါင်းယမ်းလိုက်လေသည်။

"ကျွန်တော် မသွားနိုင်ပါဘူး"

"မင်း ... မင်း သေချင်ပြီထင်တယ်"

ရှောင်အင်းက သူမအား ခပ်တည်တည် ပြန်လည်စိုက်ကြည့်နေလိုက်လေသည်။ စိန်ကျူးက ...

"ဒေါ်လေးကူး ... သူသာ အဖြစ်မှန်ကို သိသွားမယ်ဆိုရင် အားလုံးအတွက် အကောင်းဆုံးဖြစ်လာမှာပါ၊ သူ့ကို ..."

"တိတ်စမ်း"

ဆံပင်စုတ်ဖွားက မနေနိုင်တော့ဘဲ ကြားဝင်ဟောက်လိုက်ခြင်းဖြစ်သည်။ ဒေါ်လေးကူးက ...

"ဒီနေရာဟာ သူနဲ့ တန်သလား၊ ညည်း ဘာကြောင့် ခေါ်လာရတာလဲ၊ ညည်းမှာ အပြစ်ရှိနေပြီ"

စိန်ကျူးက ...

"ဒေါ်လေးကူး ... သူ့ရဲ့ဦးလေး အရိုးပြာအိုးကို သူက ဂါရဝ ပြုဖို့ လိုပါလိမ့်မယ်ရှင်"

"ဘာ"

ယခုတစ်ကြိမ် လွှတ်ခနဲ အော်လိုက်မိသူမှာ ရှောင်အင်း ဖြစ်လေသည်။ ရှောင်အင်းသည် စိန်ကျူးအား မယုံကြည်နိုင်စွာ ကြည့်မိ၏။ ဒေါ်လေးကူးက ...

"ဟော့ ... မင်း အခုချက်ချင်း ထွက်သွားစမ်း"

ရှောင်အင်းက သူမ၏စကားကို ဂရုမစိုက်တော့ပါ။ စိန်ကျူး အနီးသို့ ချဉ်းကပ်သွားပြီး ...

"ညီမ ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်ဦးလေးရဲ့ အရိုးပြာအိုး ဟုတ်သလား"

"ဟုတ်ပါတယ်ရှင်"

"ကျန် ... ကျန်ရှူဟာ ကျုပ်ရဲ့ဦးလေး ဟုတ်လား"

"ဟုတ်တယ်"

ရှောင်အင်း အံ့သြသွားသည်။

"ကျုပ် ... ကျုပ် ဘာမှမသိခဲ့ရပါလား"

"ဘယ်သိမလဲ၊ ရှင့်ကို မနူပြောပြဘဲ ဖုံးထားခဲ့ကြတာကိုး"

"ဒါဖြင့် ကျုပ်ကို ပြောပြစမ်းပါ"



ရှောင်အင်း အလောတကြီး မေးလိုက်သည်။ စိန်ကျူးက...

"သူ့ရဲ့ကောင်း ကျန်းရှူဟာ"

သူမ၏စကားမဆုံးမီ ဒေါ်လေးကူးသည် ရှေ့သို့ လျင်မြန်စွာ လှမ်းလာပြီး ...

"ညည်းပါးစပ် ပိတ်ထားလိုက်စမ်း"

စိတ်ကျူး၏လက်ကို ဆောင့်ဆွဲလိုက်၏။

"မမေ့"

စိန်ကျူးမှာ ဒေါ်လေးကူး ဆွဲခေါ်သွားရာနောက်သို့ ပါသွားလေသည်။ ရှောင်အင်း ဒေါပွသွားသည်။

"လွှတ်လိုက်စမ်း"

ပြောပြောဆိုဆို ဒေါ်လေးကူးထံ ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

တံငါသည် ဗလကြီးနှင့် စုတ်ဖွားတို့ အော်ငေါက်ကာ ရှေ့တိုးလာကြလေသည်။ ဒေါ်လေးကူးနှင့် စိန်ကျူးတို့ရှေ့တွင် အုတ်တံတိုင်းကို အကာအကွယ်ပြုကာ ရပ်နေလိုက်ကြလေသည်။

ရှောင်အင်း မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ တားဆီးနိုင်မယ်ဆိုရင် တကယ့်လူတော်တွေပဲ ဗျ"

စကားဆုံးသည်နှင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်ရာ ...

"မလုပ်နဲ့"

စိန်ကျူးက ဟန့်တားလိုက်သဖြင့် ရှောင်အင်း အခက်ကြုံသွား၏။ ရှောင်အင်းသည် စိန်ကျူးကြောင့် တိုက်ခိုက်ခြင်း မပြုသေးသည့်အတိုင်း ဒေါ်လေးကူးတို့ လူစုကလည်း စိန်ကျူးကြောင့် ရှောင်အင်းအား တိုက်ခိုက်ခြင်းမပြုသည်မှာ ထင်ရှားနေလေတော့၏။

ဒေါ်လေးကူးသည် စိန်ကျူးအား အတော်ပင် သံယောဇဉ်ရှိပုံရလေ၏။ ဒေါသကြောင့် ပါးရိုက်ခဲ့သည့်အဖြစ်ကို စိတ်မကောင်းဖြစ်နေပုံရလေသည်။ ရှောင်အင်းက ...

"ညီမ ကျုပ်ဦးလေးလို့ ဘာကြောင့် ပြောနိုင်ရတာလဲ၊ ကျုပ်ကို ပြောပြပါဦး"

စိန်ကျူးက ...

"အစ်ကို ... သူ့ရဲကောင်းကျန်ရှုပ်ဟာ အစ်ကို့ဦးလေးဆိုတာ ယုံပါ၊ သူဟာ အစ်ကို့ဖေဖေ"

"တိတ်စမ်း"

ဒေါ်လေးကူးက အော်ပြောလိုက်ပြန်သည်။ ဆံပင်စုတ်ဖွားသည် စိတ်မရှည်နိုင်တော့ဘဲ ...

"အစ်မကြီးကူး ကျုပ်ကို ခွင့်လွှတ်ပါတော့ဗျာ"

ဒေါ်လေးကူးအား တောင်းပန်ပြီး ရှောင်အင်းထံ ခုန်ဝင်



တိုက်ခိုက်လိုက်လေသည်။ ရှောင်အင်း ထိတ်လန့်သွားသည်။ လက်တစ်ဖက်က ဝေ့ယမ်းကာ ချက်ချင်းပြန်လည်ခုခံလိုက်သည်။

'ဝုန်း'

"အား"

ရူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။ ရှောင်အင်းက နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရသည်။ ဆံပင်စုတ်ဖွားမှာမူ ခြေလေးငါးလှမ်းမျှ ဒယီးဒယိုင်ဖြင့် ဆုတ်သွားပြီးနောက်

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။ စိန်ကျူး ထိတ်လန့်သွားသည်။

"မလုပ်ပါနဲ့"

သို့သော် ဆံပင်စုတ်ဖွားက စတင်လိုက်သည့်တိုက်ပွဲမှာ တားဆီး၍ မရနိုင်ပါတော့ချေ။

"သေပေတော့"

တံငါသည်နှင့်ဗလကြီးတို့သည် ဩသံပေးကာ ရှောင်အင်းထံ ခုန်ဝင်လာကြလေသည်။ ရှောင်အင်းကလည်း လက်နှစ်ဖက် ဝေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်လေ၏။ သူတို့ ရင်ဆိုင်မိသည်နှင့်

'ဝုန်း'

"အား"

"အမယ်လေး"

တံငါသည်နှင့်ဗလကြီးတို့ ချက်ချင်း နောက်ဆုတ်သွားကြရလေသည်။ ထိုနည်းတူ ရှောင်အင်းမှာလည်း ခြေသုံးလေးလှမ်းမျှ ဆုတ်လိုက်ရသည်။ ထိုအချိန်တွင် ...

"သိကြသေးတာပေါ့"

ဒေါ်လေးကူးသည် ရှောင်အင်းထံသို့ ခုန်ဝင်လာလေသည်။ ရှောင်အင်းကလည်း သူမဘက်သို့လှည့်ကာ ရင်ဆိုင်လိုက်သည်။ ထိုစဉ် ...

"မလုပ်နဲ့ မှားမယ်၊ ဒေါ်လေးကူးဟာ အစ်ကို့အမေ"

စိန်ကျူး၏အော်ပြောသံ ထွက်ပေါ်လာ၏။ ရှောင်အင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ သူ၏မိဘနှစ်ပါးသည် ငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ ယခုမူ... ရုတ်တရက် ဒေါ်လေးကူး၏တိုက်ခိုက်မှုက ပြင်းထန်စွာ ကျရောက်လာ၏။

'ဝုန်း'

"အား"

ရှောင်အင်းမှာ မျက်လုံးများ ပြာဝေသွားပြီး ဦးခေါင်းထဲ မိုက်ခနဲဖြစ်ကာ ဒူးများ ပျော့ခွေလျက် မြေပေါ်ပုံလျက်သား လဲကျသွားလေတော့၏။

❋ ❋ ❋



## ကယ်တင်ရှင်

"အား"

ရှောင်အင်း စူးရှစွာ အော်လိုက်၏။ သူ၏ခန္ဓာကိုယ်သည် လှုပ်လျောင်းနေရာမှ ငေါက်ခနဲ ထ, ထိုင်မိလိုက်၏။ ဦးခေါင်းတစ်ခုလုံး ပေါက်ကွဲထွက်တော့မတတ် နာကျင်ကိုက်ခဲနေသည်။

မျက်လုံးအစုံတွင် မျက်ရည်ပူများ ပြည့်လျှံနေခြင်းကြောင့် မြင်ကွင်းမှာ ဝိုးတဝါးဖြစ်နေသည်။ အာခေါင်များ ခြောက်သွေ့အက်ကွဲနေ၏။

"ရေ ... ရေပေးပါ"

ထိုစဉ်မှာပင် ဝိုးတဝါးမြင်ကွင်းအတွင်း၌ လူတစ်ယောက်၏ ပုံရိပ်ထွက်ပေါ်လာသည်။

"ရှင် သတိရလာပြီလား"

ရှောင်အင်းမှာ ထိုလူ မည်သူဖြစ်သည်ကို မစဉ်းစားအားပါ။

"ရေ ... ရေပေးပါ"

"စိတ်ချ ... ရှင် သောက်ရပါစေမယ်"

ရေခွက်ကိုင်ထားသည့် လက်တစ်ဖက်သည် ရှောင်အင်း၏ ရှေ့သို့ ရောက်လာသည်။ ရှောင်အင်းက လက်နှစ်ဖက်ဖြင့် ကပျာကယာ ဖမ်းဆုပ်ကိုင်ကာ အငမ်းမရ သောက်ချလိုက်လေသည်။

လည်ချောင်းတစ်လျှောက် စီးဆင်းကာ ဝမ်းဗိုက်ထဲ ကျသွားသည့်ရေမှာ မွှေးကြိုင်ပြီး ချိုမြမြဖြစ်နေသည်ဟု ခံစားရလေသည်။ သောက်ရေမဟုတ်ဟု ထင်မိသော်လည်း သောက်ချပြီးသည်နှင့် ရင်ထဲအေးမြသွားပြီး လန်းလန်းဆန်းဆန်း ဖြစ်လာသည်ဟု ခံစားရလေသည်။ အမြင်အာရုံက တဖြည်းဖြည်း ကြည်လင်လာသည်။ ထိုအခါမှ ရှေ့၌ မိန်းကလေးတစ်ယောက် ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

"ဟင်"

ရှောင်အင်း လွှတ်ခနဲ အော်လိုက်မိပါသည်။ အကြောင်းမှာ သူ၏ရှေ့မှ မိန်းကလေးသည် ကြောက်မက်ဖွယ်ကောင်းအောင် အရုပ်ဆိုး အကျည်းတန်သူတစ်ယောက်ဖြစ်နေ ခြင်းကြောင့်တည်း။

သူမ၏မျက်နှာတွင် ကျောက်ပေါက်ရာ အမာရွတ်များအပြင် မီးလောင်ထားသည့် ဒဏ်ရာအမာရွတ်များ ရှိနေသည်။ နှုတ်ခမ်းမှာ အပေါ်လန်တက်ကာ သွားခေါကြီးများ ထွက်ပေါ်နေ၏။

"ချလွှမ်"

ရှောင်အင်း၏လက်ထဲမှ ရေခွက် ကြမ်းပြင်ပေါ် လွှတ်ကျ



သွားလေသည်။

"ရှင် သက်သာသွားပြီလား"

ရှောင်အင်း ခေါင်းညိတ်လိုက်သည်။

"သက် ... သက်သာပါပြီဗျာ"

"အင်း ... ကျွန်မနဲ့တွေ့တာ ရှင်ကံကောင်းတယ်၊ နို့မဟုတ်ရင် သေတာကြာပြီပေါ့"

"ဗျာ"

ရှောင်အင်းသည် ရုပ်ဆိုးမကို တအံ့တဩကြည့်မိလေသည်။ ရုပ်ဆိုးမက ဆက်ပြောသည်။

"ကျွန်မ ချောင်းထဲဆင်းပြီး ရေခပ်တုန်း ရှင်မျောလာတာတွေ့လို့ ဆယ်လိုက်တာ၊ ရှင်ဟာ သေလုမျောပါး ဒဏ်ရာရလာခဲ့တာပဲ၊ ခုတော့ ပူစရာမလိုတော့ပါဘူး၊ ရှင်မသေနိုင်တော့ပါဘူး"

ရှောင်အင်း ငိုင်သွားသည်။ ရုပ်ဆိုးမ၏စကားကို ရုတ်တရက် နားမလည်နိုင်ဘဲ ဖြစ်နေရလေသည်။ သူသည် အဘယ်ကြောင့် သေလုမျောပါး ဒဏ်ရာရရှိခဲ့ရပါသနည်း။ အဘယ်ကြောင့် ချောင်းရေထဲ မျောနေခဲ့ရပါသနည်း။

"ငါ ဘယ်လိုဖြစ်ခဲ့တာပါလိမ့်"

အတန်ကြာ တွေးတောစဉ်းစားပြီးမှ အဖြစ်အပျက်များကို တစ်ခုပြီးတစ်ခု သတိရလာလေတော့သည်။ စိန်ကျူးနှင့် တောင်တစ်

လုံးပေါ် ရောက်ရှိခဲ့ပုံ၊ ထိုတောင် ထိပ်၌ သူရဲကောင်းစံအိမ်တစ်ခုနှင့် သူရဲကောင်းကျန်ရှုဆိုသူ၏အရိုးပြာအိုးအား တွေ့ခဲ့ရပုံ။

ဒေါ်လေးကူးတို့လူစုရောက်လာသဖြင့် ရင်ဆိုင်ခဲ့ရပုံများမှ သည် ဒေါ်လေးကူ၏လက်ချက်ကြောင့် ဒဏ်ရာရကာ လဲကျသွား သည်အထိ ပြန်လည်အမှတ်ရလာလေသည်။

"ငါ သတိလစ်သွားတာကို သေပြီထင်ပြီး တောင်ပေါ်က ပစ်ချခဲ့ကြတာပဲဖြစ်မယ်၊ တောင်အောက်မှာ ချောင်းရှိနေလို့ ချောင်း ထဲမျောလာတာပဲ ဖြစ်မယ်"

ဖြစ်နိုင်ချေရှိသည်ကို မှန်းဆတွေးတောလိုက်လေသည်။

"နေပါဦး ... ရှင်က ဘယ်လိုလုပ်ပြီး ဒဏ်ရာရခဲ့တာလဲ၊ ချောင်းထဲမှာ မျောနေတာကကော ရှင့်ကို ဘယ်သူက ချောင်းထဲပစ် ချလိုက်တာလဲ"

ရှောင်အင်း သက်ပြင်းချလိုက်သည်။ အမှန်အတိုင်းဆိုလျှင် ရှည်လျားစွာ ရှင်းပြနေသည်ကို ရိပ်မိသဖြင့် ...

"ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ကျုပ်မမှတ်မိတော့ပါ ဘူးဗျာ"

ရုပ်ဆိုးမ၏ပြုံးကျယ်နေသည့်မျက်လုံးမှာ ပို၍ပြူးကျယ် သွား၏။

"ဟင် ... ရှင် မမှတ်မိတော့ဘူးဟုတ်လား၊ ဒီလိုဆိုရင်



ရှင်က အတိတ်မေ့သွားတာများလားရှင်"

"ဟာ ... မဟုတ်ပါဘူးဗျာ"

"မဟုတ်ဘူးဆိုရင် ဘာကြောင့်ဖြစ်ရတယ်ဆိုတာ သိရမှာ ပေါ့"

"ကျုပ် ... ကျုပ်"

"ရှင် ဘာဖြစ်ခဲ့တာလဲ ရှင့်"

"ကျုပ်ကို လူဆိုးတစ်စုက ဝိုင်းတိုက်ခိုက်ခဲ့ကြလို့ပါ"

"ဩော် ... လူဆိုးတွေ ဝိုင်းတိုက်ခဲ့ကြတာကိုး"

ရှောင်အင်းသည် သူ့အား တိုက်ခိုက်ခဲ့သည့် ဒေါ်လေးကူး တို့လူစုနှင့် ပတ်သက်၍ တွေးမိပြန်၏။ စိန်ကျူး အော်ပြောခဲ့သည့် စကားများသည် သူ့အတွက် ထိတ်လန့်တုန်လှုပ်စရာများ ဖြစ်နေ၏။

"သူရဲကောင်းကျန်ရှုဟာ အစ်ကို့အမေ"

ရှောင်အင်း၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်လာ၏။

"ရှင် ဘာဖြစ်တာလဲ"

ရုပ်ဆိုးမက စိုးရိမ်သံဖြင့် မေးလိုက်၏။ ရှောင်အင်း သက်ပြင်းချလိုက်သည်။

"ဘာမှမဖြစ်ပါဘူးဗျာ"

"ရှင့်ကိုကြည့်ရတာ မဟန်သေးပါဘူး၊ ကဲ ကဲ ... ပြန်အိပ်နေ လိုက်ပါဦး၊ အနားယူလိုက်ရင် ရှင် လန်းလန်းဆန်းဆန်းဖြစ်လာမှာပဲ"

ရှောင်အင်းသည် ပြင်းဆန်ရန် ဟန်ပြင်လိုက်၏။ သို့သော် သူ၏ခန္ဓာကိုယ် လေးလံထုံထိုင်းနေသည်။ မျက်ခွံများလည်း လေးလံလာသည်။ သူသောက်ခဲ့သည်မှာ ရေမဟုတ်ဘဲ ဆေးရည်ဖြစ်နေမှန်း သူ မသိပါ။

"ရှင် အိပ်လိုက်ပါဦး"

ရုပ်ဆိုးမက ရှောင်အင်း၏ရင်ဘတ်ကို အသာကလေး တွန်းလိုက်သည်။ ရှောင်အင်း ခုတင်ပေါ်လဲကာ ချက်ချင်းပင် အိပ်ပျော်သွားလေတော့သည်။

❋

"အောက်အီးအီးအွတ်"

နေရောင်ခြည်သည် ပြတင်းပေါက်မှ တိုးဝင်လာသည်။ ရှောင်အင်း အိပ်ပျော်နေရာမှ နိုးလာလေသည်။ မျက်လုံးဖွင့်လိုက်သည်နှင့် ဝါးများဖြင့် ဆောက်လုပ်ထားသည့် အိမ်ကလေးတစ်လုံး၏ အခန်းအတွင်း၌ ရောက်ရှိနေသည်ကို သတိပြုမိလိုက်သည်။

"ငါ ဘယ်ရောက်နေတာပါလိမ့်"

ရုတ်တရက် မွှေးကြိုင်သင်းပျံ့သည့် ဟင်းအနံ့များ ရှူရှိုက်လိုက်ရသည်။ ရှောင်အင်း ခုတင်ပေါ်မှ လူးလိမ့်ထလိုက်၏။

သူ၏တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေ၏။ အခန်းတွင်း



မှထွက်လာပြီး ဟင်းအနံ့များ ထွက်ပေါ်နေသည့်အိမ်နောက်ဘက်သို့ ဝင်ခဲ့လေသည်။ မီးဖိုဆောင်၌ မိန်းကလေးတစ်ယောက် ချက်ပြုတ်ကြော်လှော်နေသည်ကို တွေ့မြင်ရသည်။

ထိုမိန်းကလေးသည် ရှောင်အင်းအား ကျောပေးပြီး သူရောက်ရှိလာသည်ကို သိဟန်မတူချေ။ ရှောင်အင်းလည်း ထိုမိန်းကလေးအား တွေ့မြင်လိုက်ရမှ ရုပ်ဆိုးမအား သတိရလာသည်။ ထိုမိန်းကလေးသည် ရုပ်ဆိုးမပင် ဖြစ်နေသည် မဟုတ်ပါလား။

"အဟမ်း"

ရှောင်အင်း ချောင်းတစ်ချက် ဟန့်လိုက်သည်။ ရုပ်ဆိုးမ လှည့်ကြည့်လာလေသည်။

"ဩော် ... ရှင် နိုးလာပြီကိုး၊ ဘာလဲ ... ဗိုက်ဆာနေပြီလား၊ အိမ်နောက်ဖေးက သစ်သားစည်မှာ မျက်နှာသွားသစ်လိုက်ဦးလေ၊ ကျွန်မ အဆင်သင့် ခူးခပ်ထားလိုက်မယ်"

ရှောင်အင်း မည်သို့ပြောရမည်မှန်းမသိ ဖြစ်သွားလေသည်။

"ကဲ ... သွား သွား"

ရှောင်အင်းလည်း ရုပ်ဆိုးမ ညွှန်ပြသည့် အိမ်နောက်ဖေးဘက် ထွက်လာခဲ့မိလေသည်။ အိမ်အပြင်ဘက် လှမ်းထွက်လိုက်သည်နှင့် အေးမြလတ်ဆတ်သည့် လေနုအေး၏ဆီးကြိုပွေ့ဖက်ခြင်းခံလိုက်ရ၏။ ရှောင်အင်း ပို၍ လန်းလန်းဆန်းဆန်း ဖြစ်လာသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

"ဟာ"

မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ အကြောင်းကား အရပ်လေးမျက်နှာတွင် နှင်းများဖုံးလွှမ်းနေသည့် တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်သည့်သစ်တောများနှင့် အလွန်မြင့်မားသည့် တောင်ကြီးတစ်ခုပေါ်ရောက်ရှိနေသည်ကို တွေ့မြင် ရခြင်းကြောင့် ဖြစ်ပေသည်။

"ငါ ... ငါ ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေတာပါလိမ့်"

ဤနေရာသည် သူ့အတွက် နေရာစိမ်း ဒေသစိမ်း ဖြစ်လေသည်။ တအံ့တဩ ငေးမောကြည့်နေစဉ်မှာပင် ...

"ရှင် ဘာလုပ်နေတာလဲ၊ ဒီမှာ စားဖို့သောက်ဖို့ အဆင်သင့်ခူးခပ်ပြီးပြီရှင့်"

ရှောင်အင်း ရှည်ရှည်ဝေးဝေး တွေးတောမနေနိုင်တော့ပါ။

အသင့်တွေ့ရသည့် သစ်သားစည်ထဲမှ ရေခပ်ယူပြီး မျက်နှာသစ်ကာ ကိုယ်လက်သန့်စင်လိုက်သည်။

ရုပ်ဆိုးမသည် စားသောက်ဖွယ်ရာများ အသင့်ပြင်ကာ ထိုင်စောင့်နေသည်ကို တွေ့ရ၏။

"ကျွန်မရဲ့လက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာ ရှင်



သိရမှာပါ၊ တစ်ခါတည်း လျှာလည်သွားစေရမယ်၊ ကဲ ... လာ"

ရှောင်အင်း ထိုင်ခုံတစ်လုံးယူကာ ထိုင်ချလိုက်သည်။

မျက်နှာချင်းဆိုင်ထိုင်ရင်း ရုပ်ဆိုးမ၏မျက်နှာကို ကြည့်ရင်း စားသောက်လိုစိတ်ပင် ကွယ်ပျောက်သွားလေသည်။

"စားလေ"

ရှောင်အင်းမှာ သူမ၏စေတနာအား စော်ကားရာကျမည်ကို စိုးရိမ်သဖြင့် စားလိုက်လေသည်။ တစ်လုပ်နှစ်လုပ်မျှ စားပြီးသည်နှင့် ဟန်မဆောင်နိုင်တော့ဘဲ အားရပါးရ စားသောက်လိုက်လေသည်။ ရုပ်ဆိုးမ၏လက်ရာမှာ ကောင်းလွန်းသဖြင့် ခံတွင်းတွေ့သွားခြင်းဖြစ်သည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ် ဗိုက်ဆာနေတာဗျ"

"ကျွန်မ ပြောသားပဲ၊ ကျွန်မ ဟင်းကောင်းကောင်း ချက်တတ်ပါတယ်လို့၊ ဒါထက် ရှင့်ကို တစ်ခုမေးရဦးမယ်"

"မေးပါ"

"ရှင် ဘယ်ကိုသွားမလဲ"

မမျှော်လင့်သော အမေးစကားကြောင့် ရှောင်အင်း ငိုင်သွားသည်။ ယခု သူ ကျန်းမာလာပြီဖြစ်သည်။ ထို့ကြောင့် ဤနေရာမှ ထွက်သွားရမည် မဟုတ်ပါလား။ နေလခြံဝင်းသို့ပြန်ရန် လုံးဝစိတ်မကူးပါ။ လီချူးသေဆုံးသွားခဲ့ခြင်းကြောင့်လည်းကောင်း၊ သူ့ရဲ

ကောင်းကျန်ရှသည် သူ၏ဦးလေးဖြစ်နေသည်ဆိုခြင်းကိုလည်းကောင်း၊ ဒေါ်လေးကူးမှာ သူ၏မိခင်ဖြစ်သည်ဆိုခြင်းကိုလည်းကောင်း၊ အမှန်အတိုင်းသိအောင် ဖော်ထုတ်ရပေဦးမည်။

သူ့အပေါ် အစိုးရိမ်ပိုခဲ့သည့် စိန်ကျူးနှင့်လည်း တွေ့လိုသေး၏။ ထို့ကြောင့် ...

"သူရဲကောင်းစံအိမ်ကို သွားမယ်"

ဟု ပြောလိုက်၏။

"သူရဲကောင်းစံအိမ် ဟုတ်လား၊ ကျွန်မ တစ်ခါမှ မကြားဖူးပါလား၊ ရှင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ကျုပ်ရဲ့မိတ်ဆွေတွေ ရှိနေပါတယ်ဗျာ"

ရှောင်အင်းသည် ဒေါ်လေးကူးတို့လူစုအား ရည်ရွယ်ကာ ပြောလိုက်ခြင်း ဖြစ်ပေသည်။

ဒေါ်လေးကူးတို့လူစုအား သူ ကျေနပ်နိုင်မည် မဟုတ်ပါ။

"သူဟာ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်ထားရှိတယ်၊ ငါ့ရဲ့အမေ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ငါ့အမေကော အဖေကော သေဆုံးခဲ့တာ ကြာပြီပဲ"

ထိုစဉ် ...ရုပ်ဆိုးမ၏စကားသံ ထွက်ပေါ်လာပြန်သည်။

"ကျွန်မလည်း ရိက္ခာပြတ်တော့မယ်၊ ဒါကြောင့် တောင်အောက်ဆင်းပြီး ဝယ်ရဦးမယ်၊ ကျွန်မနဲ့ အတူတူလိုက်ခဲ့ပေါ့၊ ရှင့်ကို



ဝက်ဖြူမြို့ကလေးအထိတော့ လိုက်ပို့ပေးနိုင်ပါလိမ့်မယ်ရှင်"

ရှောင်အင်း ဝမ်းသာသွားသည်။

"ကျေးဇူးပါပဲဗျာ၊ နောင်တစ်ချိန် အခွင့်အခါသင့်တာနဲ့ ခင်ဗျားရဲ့ကျေးဇူးကို ပြန်ဆပ်ပါ့မယ်"

ရုပ်ဆိုးမ ရယ်မောလိုက်သည်။

"ကျွန်မကို ကျေးဇူးတင်စရာ မလိုပါဘူး၊ ရှင်သာ စိတ်လိုက်မာန်ပါမလုပ်ဘဲ အရာရာတိုင်းမှာ စဉ်းစားချင့်ချိန်ပြီး လုပ်ကိုင်ဖို့ ဂရုစိုက်ပါ"

"ဗျာ"

"ဩြော် ... ရှင့်ကို တိုက်ခိုက်ခဲ့တဲ့လူကို ရှင်က ပြန်ပြီးရှာဖွေမှာပဲမဟုတ်လား၊ ဒီတစ်ခါ ကိုယ့်ဘက်က မခံရအောင် အလောတကြီး မလုပ်မိဖို့ ပြောတာပါ"

ရှောင်အင်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ကျုပ် ဆင်ခြင်ပါ့မယ်"

"ကဲ ... ခဏတစ်ဖြုတ် အနားယူပြီးရင် ကျွန်မတို့ သွားကြတာပေါ့"

သူတို့နှစ်ယောက်သည် နေထန်းတစ်ဖျားခန့်အချိန်တွင် တောင်ပေါ်မှ ဆင်းသက်လာခဲ့ကြလေတော့သည်။

❋ ❋ ❋

## ပင့်ကူညီနောင်

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့သည် နေမွန်းမတည့်မီ ဝက်ဖြူမြို့ဘက်သို့ ရောက်ရှိလာခဲ့ကြလေသည်။

"ရှင်သွားရမယ့်ခရီး တော်တော်ဝေးသလားရှင်"

ရုပ်ဆိုးမက မေးလိုက်သည်။ ရှောင်အင်း ခေါင်းကုပ်လိုက်၏။

"ကျုပ် ... ကျုပ်"

"ဩော် ... ခရီးဝေးတယ်ဆိုရင် ရှင့်အတွက် မြင်းတစ်ကောင်လောက် လိုမလားလို့ပါ"

"ဟာ ... မြင်းတစ်ကောင်ရရင်တော့ အဆင်ပြေတာပေါ့ဗျာ"

"ဒါဖြင့် လိုက်ခဲ့"

ပြောပြောဆိုဆို ရှေ့မှ ခပ်သွက်သွက်သွားရာ ရှောင်အင်းလိုက်ပါသွားရလေသည်။ ရုပ်ဆိုးမသည် ဝက်ဖြူမြို့၏လမ်းများကို ကောင်းစွာကျွမ်းကျင်ထားပုံရလေသည်။ လမ်းသုံးလမ်းမျှ ဖြတ်



ကျော်ပြီးလျှင် မြင်းဇောင်းတစ်ခုသို့ ရောက်ရှိသွားကြလေသည်။ မြင်းဇောင်းထဲ၌ မြင်းဆယ့်လေးငါးကောင်မျှ ရှိနေ၏။ လူဝကြီးတစ်ယောက် မြင်းစာကျွေးနေသည်ကို တွေ့ရလေသည်။ ရုပ်ဆိုးမက...

"ဒီမယ်ရှင့် ဒီမယ်"

ဟု လှမ်းခေါ်လိုက်ရာ လူဝကြီး လှည့်ကြည့်လာလေသည်။ ရုပ်ဆိုးမနှင့်ရှောင်အင်းတို့နှစ်ယောက်ကို မြင်လျှင် မျက်လုံးကြီးများ ပြူးထွက်လာပြီး ...

"အမယ်လေး"

စူးရှစွာအော်ဟစ်ကာ မြင်းစားခွက်ထဲ ပက်လက်လန် လဲကျသွားပြီး သတိလစ်မေ့မြောသွားလေတော့သည်။ ရှောင်အင်းနှင့် ရုပ်ဆိုးမတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။ ရုပ်ဆိုးမက ...

"သူ ဘယ်လိုဖြစ်သွားတာလဲ"

ဟု မေးလေသည်။ ရှောင်အင်း ခေါင်းယမ်းလိုက်သည်။

"ကျုပ် ဘယ်လိုလုပ် သိနိုင်မှာလဲဗျ"

ထိုအချိန်တွင် ...

"အစ်ကိုကြီး ... အစ်ကိုကြီး"

ခေါ်သံနှင့်အတူ အတွင်းဘက်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရ၏။ ထိုလူသည် သတိလစ်နေသည့်

လူဝကြီးအား တွေ့မြင်သွားပြီး ...

"ဟင် ... အစ်ကိုကြီး၊ အစ်ကိုကြီး"

အထိတ်တလန့် ရေရွတ်ကာ ပြေး၍ပွေ့ဖက်လိုက်သည်။ ထို့နောက် ရှောင်အင်းတို့အား လှမ်းကြည့်လိုက်သည်။

"ခင်ဗျားတို့ ဘယ်လိုလုပ်"

သူ စကားဆုံးအောင် မပြောဖြစ်ပါ။ သွေးဆုတ်သွားသည်နှင့် မျက်နှာဖြူဖွေးသွားပြီး ...

"သ ... သရဲ ... အမယ်လေးဗျ လာကြပါဦး၊ ဟောဒီမှာ မကောင်းဆိုးဝါးတွေ ရောက်နေတယ်ဗျို့"

ဟု အသံကုန်အော်လိုက်လေသည်။ ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ ကြောင်အမ်းအမ်းဖြစ်သွားပါ၏။ ရုပ်ဆိုးမက ...

"ရှင် ဘယ်လိုဖြစ်တာလဲ"

မေးရင်း ရှေ့တိုးလိုက်၏။ ထိုလူသည် လက်နှစ်ဖက် သွင်သွင်ဝှေ့ယမ်းရင်း ...

"မလာနဲ့ ... မလာနဲ့ ကယ်တော်မူကြပါဗျ၊ ဟောဒီမှာ မကောင်းဆိုးဝါးတွေဗျို့"

အသံကုန်အော်လေသည်။ ရှောင်အင်း မကျေမနပ်ဖြစ်သွား၏။

"ဟေ့လူ ... ခင်ဗျား ဘာတွေလျှောက်အော်နေတာလဲ၊



ကျုပ်တို့ မြင်းဝယ်မလို့ လာကြတာဗျ"

ထိုလူသည် ရှောင်အင်း၏စကားကို အရေးမစိုက်ဘဲ ...

"ကယ်တော်မူကြပါဗျို့"

ဟု တွင်တွင်ကြီး အော်ဟစ်နေ၏။ သူ၏အသံကြောင့် ...

"ဘာဖြစ်နေတာလဲဟေ့"

"မြင်းဇောင်းမှာ လူဆိုးတွေ ရောက်နေတာလား"

"မြန်မြန်လာကြဟေ့"

ရှောင်အင်း ရင်ထိတ်သွားသည်။

"ဒုက္ခပဲ၊ သူက စွတ်ရွတ်ပြီး အော်နေတာနဲ့ လူတွေ အထင်မှားကုန်တော့မှာပဲ"

"တောက် ... မြင်းဝယ်မလို့လာပါတယ်၊ သူလုပ်ပုံနဲ့ အချောင် အထင်မှားခံရဦးမယ်၊ ဟေ့ ... ရှင့်ပါးစပ်ပိတ်ထားလိုက်စမ်း"

ရုပ်ဆိုးမက ပြောပြောဆိုဆို ရှေ့သို့ လျှပ်တစ်ပြက် တိုးသွားပြီး ထိုလူအား ပါးရိုက်ချလိုက်လေ၏။

'ဖြန်း' ... "အား"

"ကယ်ကြပါ၊ မကောင်းဆိုးဝါးတွေ ကျုပ်ကို သတ်ကြပါတော့မယ်"

ထိုအချိန်တွင် စုရုံးရောက်ရှိလာကြသူများသည် ခပ်လှမ်းလှမ်း၌ရပ်ကာ ...

"ဟာ ... မကောင်းဆိုးဝါးတွေပါလား"

"ခဲနဲ့ ပေါက်ထုတ်ဟေ့"

တစ်ယောက်တစ်ပေါက် ထင်ရာပြောကာ ခဲလုံးများဖြင့် ပေါက်ကြလေသည်။ ရုပ်ဆိုးမ ဒေါသထွက်သွား၏။

"တောက် သေချာပြီထင်တယ်"

သူမ ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။

သူမ၏ရုပ်သွင်ကြောင့် လူများ အထင်မှားနေခြင်း ဖြစ်ကြောင်း ရှောင်အင်း ရိပ်မိလိုက်၏။ ထို့ကြောင့် ခဲလုံးများကို ရှောင်တိမ်းရင်း ရှေ့သို့လှမ်းသွားကာ ...

"သူဟာ မကောင်းဆိုးဝါး မဟုတ်ဘူးဗျာ၊ သူ့ကို ..."

'ဖုတ်' ... 'အင့်'

ရှောင်အင်း စကားဆုံးအောင် မပြောလိုက်ရပါ။

ခဲလုံးတစ်လုံးသည် သူ၏ရင်ဘတ်၌ ထိမှန်သွားသဖြင့် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သိုက်ရလေသည်။

"မကောင်းဆိုးဝါးကောင်တွေ မြန်မြန်ထွက်သွားကြစမ်း"

လူအုပ်ကြီးက အော်ဟစ်နေ၏။

ဟိုမှတစ်ယောက် သည်မှတစ်ယောက် ရောက်လာကြရာ တစ်စထက်တစ်စ လူများလာ၏။ အချို့လူများသည် တုတ်များ ဓားများပင် ကိုင်ဆောင်ထားကြလေ၏။



လူများလာသဖြင့် ၎င်း၍ အတင့်ရဲကာ ရှေ့သို့ တဖြည်းဖြည်း တိုးလာကြ၏။

"ထွက်သွား ... ထွက်သွား"

အခြေအနေမကောင်းတော့သဖြင့် ...

"ကျုပ်တို့ သွားကြပါစို့ဗျာ"

ရုပ်ဆိုးမဘက်သို့ လှည့်ပြောလိုက်၏။ ထို့နောက် ...

သူတို့နှစ်ယောက်သည် ဒေါသထွက်နေသော လူအုပ်ကြီး စိတ်ပျက်စွာကြည့်ကာ ချာခနဲလှည့်ထွက်သွားကြတော့၏။

ရှောင်အင်းနှင့်ရုပ်ဆိုးမတို့သည် စိတ်ပျက်စွာဖြင့် ထွက်လာခဲ့ကြလေသည်။ တောအုပ်ကြီးတစ်ခုသို့ရောက်သွားမှ ရှောင်အင်းသည် သစ်ပင်တစ်ပင်အောက်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

ရုပ်ဆိုးမကလည်း မလှမ်းမကမ်း၌ ထိုင်ချလိုက်၏။

ရုပ်ဆိုးမ၏မျက်နှာသည် အမှန်ပင် မြင်ရသူတိုင်း ထိတ်လန့်သွားအောင် ရုပ်ဆိုးနေပါသည်။ စေ့စေ့ကြည့်မှ သူလည်း ကြောက်ရွံ့လာ၏။

"အင်း ... လူတွေမကောင်းဆိုးဝါးကောင်လို့ ထင်ကြတာလဲ ထင်လောက်စရာပဲ၊ သူက အတော်ကြီးကို အရုပ်ဆိုးနေတာကိုး"

ဟု စိတ်ထဲမှ မှတ်ချက်ချလိုက်၏။ ထိုစဉ် ရုပ်ဆိုးမက ...

"ရှင် ဘာတွေစဉ်းစားနေတာလဲ"

ဟု လှမ်းမေးလိုက်၏။ ရှောင်အင်းသည် ရုပ်ဆိုးမနှင့် လမ်းခွဲသွားရန် ဆုံးဖြတ်ထားပြီးဖြစ်ရာ ...

"ကျုပ် ထွက်သွားတော့မလို့"

ဟု လှမ်းပြောလိုက်သည်။ ရုပ်ဆိုးမ မျက်လုံးပြူးသွား၏။

"ရှင်သွားတော့မယ် ဟုတ်လား၊ မြင်းမရှိဘဲ ရှင် ဘယ်လို လုပ် ခရီးပေါက်နိုင်ပါ့မလဲ"

"ကျုပ်မှာ ခြေထောက်နှစ်ချောင်းရှိသားပဲ"

ရုပ်ဆိုးမ ခေါင်းကုတ်လိုက်လေ၏။ ထိုစဉ်မှာပင် ...

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်အင်းကော ရုပ်ဆိုးမပါ လှမ်းကြည့်လိုက်ကြ၏။ ယခုအခါ တောလမ်းကလေးအတိုင်း မြင်းစီးသမားများ ဒုန်းစိုင်းမောင်းနှင်လာနေကြသည်ကို တွေ့မြင်ရလေသည်။ ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ ချက်ချင်း ထရပ်လိုက်ကြသည်။ မြင်းစီးသမားများသည် သူတို့အား ဖြတ်ကျော်သွားမယ်ပြုပြီးမှ ...

"ဟောဒီမှာ မကောင်းဆိုးဝါးစုံတွဲပါလားကွ"

တစ်ယောက်က အော်ပြောလိုက်သဖြင့် အားလုံး ရပ်တန့်



သွားကြလေသည်။ ထိုလူများ၏ဝတ်စားဆင်ယင်ပုံကိုကြည့်ကာ ရှောင်အင်း မျက်မှောင်ကြုတ်သွား၏။

"ဒီလူတွေဟာ ချန်အန်းမြို့မှာ ဖွင့်လှစ်ထားတဲ့ ရွှေပင့်ကူ အာမခံဌာနက လူတွေပဲ"

ဟု စိတ်ထဲမှ ရေရွတ်မိလေသည်။ နေလခြံဝင်းသည် ချန်အန်းမြို့တွင် တည်ရှိပေသည်။ ရှောင်အင်းသည် ချန်အန်းမြို့ထဲ၌ နေရာလပ်မကျန်အောင် ရောက်ဖူးခဲ့သူဖြစ်သည်။

ထို့ကြောင့် ရွှေပင့်ကူ အာမခံဌာနအကြောင်း ကောင်းစွာ သိရှိထားခဲ့ပေသည်။ ရွှေပင့်ကူအာမခံဌာနပိုင်ရှင် ဆင့်ဆင့်ရှိသည် သူ၏အဘိုးအား အလွန်ကြည်ညိုလေးစားသူမှန်းလည်း သိထား၏။

ယခု မြင်းစီးသမားများသည် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး အင်္ကျီရင်ဘတ်ရှေ့၌ ရွှေချည်ဖြင့် ပင့်ကူတစ်ကောင်၏ပုံ ရေးထိုးထားသည်ကို တွေ့ရသဖြင့် ရွှေပင့်ကူအာမခံဌာနမှ လူများဖြစ်ကြောင်း ရှောင်အမ်း ရိပ်မိလိုက်ခြင်းဖြစ်လေသည်။

ရွှေပင့်ကူအာမခံဌာနမှ သိုင်းသမားငါးယောက်သည် ရုပ်ဆိုးမနှင့်ရှောင်အင်းတို့အား အကဲခတ်ကြည့်နေကြ၏။ ရုပ်ဆိုးမက ရှောင်အင်းကိုကြည့်ကာ ...

"ကျွန်မတို့ သွားကြရင်ကောင်းမယ်"

ဟု ပြောလိုက်လေသည်။ ရှောင်အင်း ခေါင်းညိတ်လိုက်

သည်။ ရွှေပင့်ကူအာမခံဌာနမှ သိုင်းသမားငါးယောက်ကို ကြည့်ရသည်မှာ အခြေအနေသိပ်မဟန်ပါ။ မတော်တဆရန်ပြုလာလျှင် အခက်ကြုံရမည်ကို တွေးမိသဖြင့် ...

"ကောင်းပြီလေ၊ သွားကြတာပေါ့"

သူတို့နှစ်ယောက် ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"ရပ်လိုက်စမ်း"

သိုင်းသမားငါးယောက်အနက် တစ်ယောက်က ဟန့်တားလိုက်သည်။ ထိုလူငါးယောက်မှာ ရွှေပင့်ကူအာမခံဌာနပိုင်ရှင် ဆင့်ဆင့်ရှိ၏အားထားရသော လက်ရုံးငါးယောက်ဖြစ်ပေသည်။

ထိုလူငါးယောက်အား သိုင်းလောကသားများက ပင့်ကူညီနောင်ငါးဖော်ဟုလည်း ခေါ်ကြပါသည်။

သူတို့သည် အာမခံပစ္စည်းများ သွားရောက်ပို့ဆောင်ပြီး ပြန်လာခဲ့ကြရာ လမ်းခရီး၌ ရှောင်အင်းနှင့် ရုပ်ဆိုးမတို့အား တွေ့ရသဖြင့် စိတ်ဝင်စားကြခြင်း ဖြစ်သေသည်။

သူတို့သည် တစ်ဖွတ်ထိုးနိုင်လှသူများ ဖြစ်ကြရာ ကိုယ်နှင့်မဆိုင်ဘဲ ဝင်ရှုပ်တတ်သဖြင့် မကြာခဏ ပြဿနာဖြစ်ရလေ့ရှိသူများသည်။ ပြဿနာဖြစ်လာတိုင်း သိုင်းပညာအားကိုးပြီး ဖြေရှင်းတတ်ကြသဖြင့် အချို့သောကိစ္စများ၌ နာမည်ပျက်ခဲ့ရသူများ ဖြစ်ပေ၏။

ယခုလည်း ကိုယ်နှင့်မဆိုင်ဘဲ စွက်ဖက်ရန် ကြိုးစားနေကြ



ပြီဖြစ်သည်။ ပင့်ကူညီနောင်ငါးဖော်၌ အသက်အကြီးဆုံးလျှုအိက

"ဟေ့ ... ငါတို့ရောက်လာမှ မင်းတို့ ထွက်သွားကြတာ ဘာသဘောလဲ၊ ရပ်လိုက်ကြစမ်း"

ဟု ငေါက်လိုက်လေသည်။ ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ ခြေလှမ်း တုံ့ခနဲ ရပ်သွားကြလေ သည်။ လျှုအိက ...

"မင်းတို့မကောင်းဆိုးဝါးနှစ်ကောင် သည်တောအုပ်ထဲမှာ ဘာလုပ်နေကြတာလဲ၊ ဘာတွေ မကောင်းလုပ်မယ်လို့ ကြံစည်နေကြတာလဲ ပြောစမ်း"

ရှောင်အင်း ဒေါပွသွားလေသည်။ ရုပ်ဆိုးမက လျှုအိကို လှည့်ကြည့်ကာ ...

"ရှင့်ပါးစပ် ပိတ်ထားရင် ကောင်းမယ်၊ ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးသွားပါ"

ဟု ပြန်ငေါက်လိုက်လေသည်။ ယခုလို ပြန်လည်ပြောဆိုခြင်း ခံရမည်ဟု မထင်ပါ။ သူက အော်ငေါက်လိုက်သည်နှင့် ကြောက်ရွံ့ကာ ထွက်ပြေးသွားမည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် ဒေါပွသွားလေသည်။

"ကျုပ်က မသွားဘူးဆိုရင်ကော မင်းတို့နှစ်ယောက် ဘယ်သူတွေလဲ၊ ဘာကြောင့် ဒီလောက် ရုပ်ဆိုးနေရသလဲဆိုတာ ကျုပ်ကို ပြောပြရလိမ့်မယ်"

"တောက်"

ရှောင်အင်း မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

တမင်သက်သက် စော်ကားလာသည်ဟု ယူဆထားလေသည်။ ရုပ်ဆိုးမကလည်း ...

"ရှင်တို့ အေးအေးဆေးဆေးသွားရင်ကောင်းမယ်"

ဟု ပြောလိုက်ပြန်သည်။ လှျူအိသည် ထွက်မသွားသည့်အပြင် မြင်းပေါ်မှ ခုန်ဆင်းလာသည်။ ရှောင်အင်းနှင့်ရုပ်ဆိုးမတို့ နှစ်ယောက်ရှေ့၌ လမ်းပိတ်ရပ်လိုက်ပြီး ...

"ကျုပ်ဟာ မိုးအဆုံး မြေအနှံ့ မြင်းတစ်စီးနဲ့ သွားနေခဲ့တာ မင်းတို့လို ရုပ်ဆိုးတဲ့လူတစ်ယောက်မှ မတွေ့ခဲ့ဖူးဘူး၊ မင်းတို့ ရုပ်ဆိုးက ထူးထူးခြားခြားဖြစ်နေတယ်၊ ကဲ ပြောစမ်း၊ မင်းတို့ ဘယ်သူတွေလဲ"

ရှောင်အင်းက ...

"ခင်ဗျား အခုလို ထင်ရာစိုင်းနေတာကို ဆင့်ဆင့်ရှိသိသွားရင် ခင်ဗျားကို အပြစ်ပေးမှာ သေချာတယ်"

ဟု ပြောလိုက်လေသည်။

"ဘာ"

ဆင့်ဆင့်ရှိဆိုသည့် အမည်ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ ရှောင်အင်းကို စိုက်ကြည့်ရင်း ...



"မင်း ... မင်းက ဆရာဆင့်ဆင့်ရှိကို သိတယ်ဟုတ်လား"

ဟု မေးလေသည်။ ရှောင်အင်းက ..

"ခင်ဗျားတို့ဟာ ချန်အန်းမြို့ ရွှေပင့်ကူအာမခံဌာနကဆိုတာ ကျုပ်သိပါတယ်၊ ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးသွားကြရင် ကောင်းပါလိမ့်မယ်"

လှျူအိ ပို၍မကျေမနပ်ဖြစ်လာလေတော့သည်။

ရှောင်အင်းက သူ့အား သိနေပြီး သူက ရှောင်အင်းအား လုံးဝမသိသဖြင့် ခံပြင်းလာသည်။

"မင်း ဘယ်သူလဲ"

ဟု ခက်ထန်စွာ မေးလိုက်သည်။ ရှောင်အင်းက ...

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာထက် ခင်ဗျားတို့ အေးအေးဆေးဆေး ထွက်သွားကြရင် ကောင်းမယ်"

"ဩော် ... မင်းက ခေါင်းမာတာကိုး၊ အေးလေ ... သိကြသေးတာပေါ့"

စကားဆုံးလျှင် ရှေ့သို့ လှျပ်တစ်ပြက်တိုးကာ ရှောင်အင်းအား လက်သီးဖြင့် ထိုးချလိုက်သည်။ ရှောင်အင်းက ရှောင်တိမ်းခြင်းမပြုဘဲ လက်ဝှေ့ယမ်းကာ ပြန်လည်ရင်ဆိုင်လိုက်၏။

သူ၏သိုင်းပညာအဆင့်နှင့်လှျူအိတို့ငါးယောက်ပေါင်းကာ တိုက်ခိုက်လျှင်ပင် အနိုင်ယူနိုင်မည် မဟုတ်ချေ။

သူကသာ အချိန်မရွေး အနိုင်ယူနိုင်သည်ဟု နားလည်ယုံကြည်ထားလေသည်။ ရုပ်ဆိုးမ ရင်ထိတ်သွားသည်။

"နောက်ဆုတ်လိုက်"

ကပျာကယာ အော်ဟစ်သတိပေးလိုက်သည်။

သို့သော် ရောင်အင်းမှာ လျှုအိနှင့် ရင်ဆိုင်ပြီး ဖြစ်နေလေတော့သည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

"အွန့်"

ရောင်အင်း မသဲမကွဲညည်းညူကာ အနောက်ဘက်သို့ လွင့်စဉ်သွားလေတော့သည်။

❖

"ဟား ဟား ဟား"

လျှုအိ ခါးထောက်ရယ်မောလိုက်လေသည်။

ရောင်အင်းမှာ မြေပေါ်တွင် ပုံလျက်သား လဲကျနေပြီမဟုတ်ပါလား။ ရုပ်ဆိုးမ ဒေါသထွက်သွားလေသည်။

"ရှင် ... ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

လျှုအိမ်အား ရန်တွေ့လိုက်သည်။



ချက်ချင်းပင် ရောင်အင်းထံသို့ ပြေးသွားပြီး ဖေးမလိုက်လေသည်။

"ရှင် ... ရှင် ဘယ်လိုနေသလဲဟင်"

ရောင်အင်း၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေပါ၏။ အဖြစ်အပျက်ကို မယုံကြည်နိုင်အောင်ဖြစ်ကာ မြေပေါ်မှ လူးလိမ့်ထလာပါသည်။

လျှုအိအား မယုံကြည်နိုင်စွာ ကြည့်လိုက်မိသည်။

အမှန်အတိုင်းဆိုလျှင် မြေပေါ်ကျသွားရမည့်သူမှာ လျှုအိသာ ဖြစ်သည်မဟုတ်ပါလား။

"ဟား ဟား ဟား ... မကောင်းဆိုးရွားလေး ... မင်း ဘာတတ်နိုင်သေးလို့လဲ"

လျှုအိအား မယုံကြည်နိုင်စွာ ကြည့်လိုက်မိသည်။

အမှန်အတိုင်းဆိုလျှင် မြေပေါ်ကျသွားရမည့်သူမှာ လျှုအိသာ ဖြစ်သည်မဟုတ်ပါလား။

"ဟား ဟား ဟား ... မကောင်းဆိုးရွားလေး ... မင်း ဘာတတ်နိုင်သေးလဲ"

လျှုအိက လှောင်ပြောင်ရယ်မောကာ ပြောဆိုထားလေသည်။ ရောင်အင်း ဒေါပွသွားသည်။

"ခိတ်ချ၊ ခင်ဗျားကို ဆုံးမပြမယ်"

အော်ငေါက်ကာ လှူ့အိထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ လှူ့အိက ...

"မကောင်းဆိုးဝါးလေး သေချင်ပြီထင်တယ်"

ခြေထောက်တစ်ဖက်မြှောက်ကာ ကန်ကျောက်ပစ်လိုက်လေသည်။

'ဝုန်း'

"အား"

ရှောင်အင်းမှာ အဝေးသို့ လွင့်စဉ်သွားပြန်တော့သည်။

ယခုတစ်ကြိမ် အတော်ခံလိုက်ရသဖြင့် ချက်ချင်း ပြန်ထမလာနိုင်ပါတော့ချေ။

ရုပ်ဆိုးမ လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ရှင် အေးအေးဆေးဆေးထိုင်ကြည့်နေပါ၊ သူတို့ကို ကျွန်မဆုံးမပြမယ်"

ရှောင်အင်းအား သစ်ပင်တစ်ပင်၌မှီကာ ထိုင်နေစေလိုက်သည်။

"ဟား ... ဟား ... ဟား"

လှူ့အိ သဘောကျစွာ ရယ်မောလိုက်ပြီးမှ ...

"မင်းကကော အသား နာချင်ပြီတင်တယ်"

ဟု ပြောလေသည်။ ရုပ်ဆိုးမက ...



"ဘယ်သူ့အသားနာမလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ပြောပြီး ရှေ့သို့ ခုန်ဝင်လိုက်၏။ လှူ့အိက ...

"သွားစမ်း"

အော်ငေါက်ကာ လက်ဝါးဖြင့် ရိုက်ထုတ်လိုက်လေသည်။

"ဖြန်း"

"အား"

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ လှူ့အိ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရ၏။ သူ၏ပါးပြင်ပေါ် လက်ငါးချောင်းရာ အထင်းသားပေါ်လွင်သွားလေသည်။

ရုပ်ဆိုးမက ...

"ဘယ့်နှယ်ရှိစ၊ ဘယ်သူက ဆုံးမနိုင်သလဲဆိုတာ ရှင်သိပြီလား"

"မင်း ... မင်း"

လှူ့အိ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

ခါးမှဓားကို လျှပ်တစ်ပြက်ဆွဲထုတ်ကာ ...

"သေပေတော့"

ရုပ်ဆိုးမထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ ရုပ်ဆိုးမကလည်း ချက်ချင်းပင် တုံ့ပြန်တိုက်ခိုက်လိုက်သည်။ သူတို့နှစ်ယောက် ရင်ဆိုင်မိသည်နှင့် ...

'ဝှန်း'

"အား"

လျှူအိမှာ လူတခြား စားတခြားဖြစ်ကာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

"ဟာ"

လျှူအိ၏အဖော်များ လွှတ်ခနဲအော်လိုက်ကြသည်။ ချက်ချင်းပင် ပြေး၍ ဖေးမလိုက်ကြလေသည်။ လျှူအိ လီမွှံထလိုက်၏။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများ စီးကျနေပါ၏။

ရုပ်ဆိုးမကို မယုံကြည်နိုင်စွာကြည့်ကာ ...

"မင်း မင်း"

ရုပ်ဆိုးမက ရယ်မောလိုက်လေသည်။

"ဟင်း ဟင်း ဟင်း ... ရှင်တို့ သွားကြတော့မယ် မဟုတ်လား"

"ဘာ"

လျှူအိက လက်ဇွေယမ်းပြလိုက်လေသည်။

"တိုက်ကြဟေ့"

သူတို့ငါးယောက်သည် ဓားကိုယ်စီဖြင့် ရုပ်ဆိုးမအား ဝိုင်းအုံတိုက်ခိုက်လိုက်လေသည်။ ရှောင်အင်းမှာ ရုပ်ဆိုးမအတွက် စိုးရိမ်သွား၏။



"သတိထား"

အော်ဟစ်သတိပေးရင်း လူးလိမ့်ထလိုက်လေသည်။

ထိုအချိန်တွင် ရုပ်ဆိုးမမှာ လျှူအိတို့လူစုနှင့် ရင်ဆိုင်နေပြီဖြစ်လေသည်။

'ဝှန်း'

"အား"

"အမယ်လေး"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

လျှူအိတို့လူစုမှာ ရုပ်ဆိုးမအား မယှဉ်နိုင်ဘဲ ဖရိုဖရဲဖြစ်ကာ နောက်ဆုတ်သွားရ၏။

ငါးယောက်စလုံး ဒဏ်ရာကိုယ်စီရရှိသွားကြလေသည်။ ထပ်မံတိုက်ခိုက်ခြင်းမရှိတော့ဘဲ ရုပ်ဆိုးမအား ထိတ်လန့်စွာကြည့်နေလေသည်။ ရုပ်ဆိုးမက ...

"ကဲ ... ရှင်တို့ ထွက်သွားကြတော့မယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။ လျှူအိတို့ မျက်စိမျက်နှာပျက်နေကြသည်။ ရုပ်ဆိုးမကို မကျေမနပ်ကြည့်ကာ ...

"မိန်းမလေး ... ဒီကနေ့ဖြစ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်နေ့ နောင်တရစေရမယ်"

ဟု ပြောလိုက်သည်။ ထို့နောက် သူ၏လူများအား လက်ဇွေ

ယမ်းပြလိုက်ပြီး

"သွားစို့"

စကားဆုံးလျှင် မြင်းပေါ်ခုန်တက်လိုက်လေသည်။

သူ၏လူများလည်း ကပျာကယာ မြင်းပေါ်တက်လိုက်ကြသည်။ ထို့နောက် ဒုန်းစိုင်းနှင်ကာ ထွက်သွားကြလေသည်။

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လှူအိတို့လူစုမှာ တစ်ခဏအတွင်းပင် မြင်ကွင်းမှကွယ်ပျောက်သွားကြလေတော့သည်။

ရုပ်ဆိုးမ သဘောကျစွာ ရယ်မောလိုက်လေသည်။

ရှောင်အင်းဘက်လှည့်ကာ ...

"ရှင့်အပေါ် မတရားလုပ်ရင် ကျွန်မ လက်ပိုက်ကြည့်နေမှာမဟုတ်ဘူးရှင့်"

ဟု ပြောလိုက်၏။

ရှောင်အင်းမှာ သူမအား ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်နေမိလေတော့သည်။

**ပထမပိုင်း ပြီး၏။**

**ဒုတိယပိုင်း (ဓာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။**